
www.burmeseclassic.com

# ရေဝင်ကို

အချစ်ရှိရာအရပ်သို့

မျက်နှာမူ၍

စပ်သောတဗျာ



ပန်းချီ သိန်းနွေကြည်
2013

www.burmeseclassic.com

www.burmeseclassic.com

အချစ် အချစ်ရှိရာအရပ်သို့ ...
မျက်နှာမူ၍ စပ်သောကဗျာ

ရှူး...

ငါ့နှလုံးသားလေး...

အိပ်ပျော်နေတာ နိုးသွားဦးမယ်

တစ်သက်လုံး...

BURMESE CLASSIC

တာဝန်မယူနိုင်ရင်...

တိတ်တိတ်နေစမ်း...



www.burmeseclassic.com

www.burmeseclassic.com

# အချစ် အချစ်ရှိရာအရပ်သို့ ...
## မျက်နှာမူ၍ စပ်သောကဗျာ

# I

“မမ. . . တကယ်ပဲ. . . မမရဲ့ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား၊ မမအပေါ်မှာထားခဲ့တဲ့ ကျွန်တော်ရဲ့ အချစ်တွေကို ထည့်တွက်မပေးတော့ဘူးလား၊ မမကရော. . . ကျွန်တော့်ကို တကယ်ပဲမေ့လိုက်နိုင်လို့လား. . . မမသေချာစဉ်းစားပါဦး. . . ကျွန်တော်ကတော့ မမရဲ့အဝေးမှာ ဘယ်လိုနည်းနဲ့မှ အသက်ရှင်မနေနိုင်တာသေချာတယ်. . .”

ပြောရင်း သူ့အသံက ဆို့နင့်လာတယ်။ အချစ်တစ်ခုတည်းကိုသာ ကိုးကွယ်ခဲ့တဲ့ သူ့အတွက် အဲဒီအချစ်ကိုသာ ဆုံးရှုံးလိုက်ရမယ်ဆိုရင် သူ့ဘဝကြီးက ဘာကိုမျှော်လင့်ပြီး အသက်ရှင်ရတော့မှာတဲ့လဲ။ ဒီလိုတော့ ဘယ်လိုနည်းနဲ့မှ သူအဖြစ်မခံနိုင်ပါ။ ပြီးတော့ မမကိုဘယ်လိုခွန်အားမျိုးနဲ့များ သူက မုန်းလိုက်ရမှာတဲ့လဲ။

သူ့စကားအဆုံး မမကပြုံးတယ်။ ဒါပေမယ့် မမရဲ့ အပြုံးမှာလည်း မျက်ရည်တွေနဲ့။

“မောင် ပြောလို့ပြီးပြီလား. . . မောင်ပြောလို့ အားရသွားပြီလား မောင်. . . မမကိုသေချာကြည့်စမ်းပါ. . . မမကိုသေသေချာကြည့်


www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်းပါမောင်၊ မမရဲ့ပုံစံက ပျော်နေတဲ့ပုံစံများ ပေါက်နေလို့လား၊ ရင်ကိုခွဲပြီး ပြလို့ရရင် ပြလိုက်ချင်တယ်၊ မမရဲ့ရင်ထဲမှာ ဘယ်လောက်အထိ ကြေကျပျက်စီးနေလဲဆိုတာကို မင်းမသိပါဘူး၊ မမ. . . မောင့်ကို ချစ်ခဲ့တာ ဘဝမှာ နောက်ထပ်ဖြစ်ပေါ်မလာနိုင်တော့တဲ့ အချစ်မျိုးနဲ့ တစ်ခါတည်း ပုံအောပြီး ချစ်ခဲ့တာပါမောင်. . . ဒါဟာမှန်သော စကားပါ. . ."

"ဒါဆိုဘာ့ကြောင့်လဲ၊ ဒါဆို ဘာကြောင့် လမ်းခွဲရအောင်ဆိုတဲ့ စကားကို ပြောရတာလဲ. . ."

"မမ. . . မင်းကို လက်မထပ်နိုင်လို့ပဲ. . . မမ မင်းကို လက်မထပ်နိုင်လို့ လမ်းခွဲရအောင်လို့ပြောတာပါ. . ."

"ဘယ်လို. . . မမ၊ မမဘယ်လိုပြောလိုက်တယ်၊ မမ ပြောတော့ ကျွန်တော့်ကို ချစ်တယ်ဆို"

"ဟုတ်တယ်. . . မမ မင်းကို ချစ်တယ်၊ အသည်းပေါက်မတတ် ချစ်တယ်၊ ဒါပေမယ့် ချစ်တာက ချစ်တာပဲ၊ လက်ထပ်တာနဲ့ တူမှမတူတာ"

"မဟုတ်သေးဘူး မမရာ၊ မဟုတ်သေးဘူး၊ ချစ်ရင် လက်ထပ်ရမှာပေါ့. . ."

သူ့စကားအဆုံး မမက ခေါင်းကိုခပ်သွက်သွက်ရမ်းတယ်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ချစ်လို့ကို လက်မထပ်တာပါ. . . ချစ်လွန်းလို့ကို လက်မထပ်တာပါမောင်ရယ်. . . မမက အိမ်ထောင်ပျက်မိန်းမတစ်ယောက်ပါ၊ မမ. . . မင်းကို မချစ်ဘဲမနေနိုင်လို့ ချစ်ခဲ့ပေမယ့် လက်ထပ်ဖို့တော့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးဘူး၊ ဖြစ်သည်း မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူး၊ မမဟာ မင်းနဲ့ လက်ထပ်ရလောက်အောင် ထိုက်တန်တဲ့ မိန်းမတစ်ယောက်မဟုတ်ဘူးလေ. . ."

"ဟာဗျာ. . . အဲဒါတွေကို ကျွန်တော့်ဘက်က ခွင့်လွှတ်နိုင်နေတာပဲ၊ ကျွန်တော်မှ အဲဒါတွေကို ထည့်မတွက်တာ၊ ကျွန်တော်ချစ်ခဲ့တာ မမကိုလေ၊ မမရဲ့ခန္ဓာကိုယ်ကို ချစ်ခဲ့တာမှ မဟုတ်တာ. . ."

"အဲဒါက မင်းဘက်က အတွေးရလေ၊ မမကတော့ ထည့်တွက်တယ်၊ မင်းကို မမရဲ့မသန့်ရှင်းတော့တဲ့ ခန္ဓာကိုယ်ကြီးကို မပေးနိုင်ဘူး၊ ပြီးတော့ ပတ်ဝန်းကျင်က မေးငေါ့လာမှာတွေကိုလည်း မမ ခံနိုင်ရည်မရှိဘူး. . ."

"ဒါဆိုဘာလို့ မမ. . . ကျွန်တော့်ကိုပြန်ချစ်ခဲ့သေးလဲ၊ အစကတည်းက မချစ်ဘဲနေလိုက်ပါလား၊ အခုလို ချစ်ပြီးမှ ကျွန်တော့်အသည်းကို ဘာလို့ခွဲချင်ရတာလဲ. . ."

"မမပြောခဲ့ပြီးပြီလေ. . . မချစ်ဘဲမနေနိုင်လို့ပါလို့၊ ဟုတ်တယ် မမ မင်းကို မချစ်ဘဲမနေနိုင်ဘူး၊ အဲဒီအတွက် မင်းရဲ့အချစ်ကို လက်ခံခဲ့တယ်၊ အဲဒါကလည်း မမမှာ မင်းကို ချစ်ခွင့်လေးတော့ရှိတယ်ထင်လို့ပါ၊ ဒါပေမယ့် လက်ထပ်ရလောက်တဲ့အထိတော့ မမ မမိုက်မဲချင်ဘူးမောင်၊ မမရဲ့အရိပ်ဆိုးကြီးထဲမှာ မင်းကို ထာဝရဆွဲသွင်းမထားရက်ဘူး၊ အဲဒီလိုလုပ်ဖို့ ကိုယ့်ကိုကိုယ်ခွင့်မပြုနိုင်ဘူး. . . မမ. . . မနက်ဖြန်ပဲ စလုံးကို အပြီးထွက်သွားတော့မယ်၊ မောင် လိုက်ပို့စရာမလိုဘူး. . ."

သူ လုံးဝ နားမလည်။ မမရဲ့စကားတွေ၊ ခံယူချက်တွေ၊ လုပ်ရပ်တွေကို တစ်ခုမှ သူနားမလည်။ သူနားလည်တာက မမကို ချစ်တာတစ်



www.burmeseclassic.com

www.burmeseclassic.com



ခုတည်းပဲ၊ မမကို အဆုံးရှုံးမခံနိုင်တာတစ်ခုတည်းပဲ။

မမက သူ့ကို နောက်ဆုံးကြည့်ခြင်းမျိုးနဲ့ တစ်သက်လုံးအမှတ်ရနေလောက်အောင် ကြည့်တယ်။ ပြီးတော့မှ . . .

"မမ. . . သွားတော့မယ်မောင်. . . "

ပြောပြီး မမက လှည့်ထွက်သွားဖို့ပြင်တော့ သူက မမရဲ့လက်တစ်ဖက်ကို ဖမ်းဆွဲထားလိုက်ရင်း. . .

"မမ. . . ကျွန်တော်"

မမက သူ့ကို စကားအဆက်မခံပဲ အကြည့်ကိုလွှဲကာ ခေါင်းကိုရမ်းလိုက်ရင်း. . .

"မမဘက်က သတ္တိမရှိဘူးလို့ပဲ သတ်မှတ်ပေးပါမောင်. . . မမသွားပါရစေတော့"

စကားအဆုံး မမက သူ့လက်ထဲကနေ ဆောင့်ရုန်းထွက်ကာ ခြေလှမ်းကို သွက်သွက်လှမ်းရင်း သူ့အနားကနေ နောက်ဘယ်တော့မှ ပြန်မလာတော့မယ့် ခြေလှမ်းမျိုးနဲ့ လှမ်းထွက်သွားတယ်။ တစ်လှမ်း. . . နှစ်လှမ်း. . . သုံးလှမ်း. . . ခုနစ်လှမ်း. . . ကိုးလှမ်း. . . ။

"မမ. . ."

သူက မမကို အကျယ်ကြီးလှမ်းခေါ်လိုက်တယ်။ ပြီးတော့ မမရဲ့နောက်ကို ဒရောသောပါးပြေးလိုက်သွားကာ မမကိုမီတာနဲ့ မမရဲ့ခန္ဓာကိုယ်ကို နောက်ဘက်ကနေ ခပ်တင်းတင်းသိုင်းဖက်ထားလိုက်တယ်။

"မသွားပါနဲ့မမရယ်. . . ကျွန်တော့်ကိုထားခဲ့ပြီး မသွားပါနဲ့၊ မမ မရှိရင် ကျွန်တော် ရူးလိမ့်မယ်. . . "

သူ့စကားအဆုံး သူ့ရဲ့မျက်ရည်တွေက မမရဲ့ပုခုံးပေါ်ကို စီး



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားတယ်။ မမဆီကလည်း ခပ်ကျိတ်ကျိတ်ရှိုက်သံတစ်ချက်ထွက်လာတယ်။

ဒီအချိန်မှာပဲ. . .

"လှိုင်သာယာမီးခွက်ဈေး . . . ကိုသောင်းကြည် ဘဲဥဆိုင်မှ . . . ရွှေပြည်သာ ရွာဟောင်းဈေး မလှရီ အကြော်ဆိုင်အတွက်၊ ဆိတ်ကြီးခနောင်တိုနေ သမ္မန်သမား ကိုခွေးစိန်မှ. . . တွံတေးမြို့ ကရင်စုရွာက မခင်မာသောင်းကြည်. . . နားဆင်ဖို့အတွက်. . ."

ထွက်လာတဲ့ အသံက မြင်ကွင်းနဲ့ တခြားစီ။ ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေအကုန်လုံးလည်း လှုပ်လှုပ်ရွရွ ဖြစ်သွားကြတယ်။

"ကဒ်. . . ကဒ်. . . ကဒ်. . ."

ဒါရိုက်တာ အရှူးမီးဝိုင်းက မော်နီတာကို ကြည့်နေရင်းကနေ တကဒ်ကဒ်အော်တယ်။ ပြီးတော့ ထိုင်ရာကနေ ထရပ်လိုက်ကာ. . .

"ဘယ်ကအသံလဲ. . . ဘယ်ကထွက်လာတဲ့ အသံလဲ၊ ဇာတ်ရှိန်အမြင့်ဆုံးကို ရောက်နေမှကွာ. . ."

လို့ ဒေါသတကြီးအော်ရင်း ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်တယ်။ ဒီတော့မှ ဒိတ်ဒိတ်ကျဲက နောက်ဘက်ကနေ သိုင်းဖက်ထားတဲ့ မင်းသမီး ခင်ခက်ခက်ခေါင်ကို လွှတ်ပေးလိုက်ရင်း ဒါရိုက်တာ အရှူးမီးဝိုင်းကို လက်တစ်ဖက်ထောင်ပြလိုက်ကာ. . .

"ဆောရီး. . . ဆောရီး ဆရာ၊ ကျွန်တော့်ဖုန်းက မြည်တာ၊ ကျွန်တော့်ဖုန်းက. . ."

ဆိုတော့ ဒါရိုက်တာ အရှူးမီးဝိုင်းက စိတ်ညစ်သလို ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

"မင်းသားကလည်း. . . ဖုန်းပိတ်ထားပါလို့ သေချာမှာထားရဲ့ သားနဲ့"

လို့ ခပ်တိုးတိုးရေရွတ်ကာ စက်အဖွဲ့သားတွေဘက်ကို ဝေ့ဝဲကြည့်လိုက်ရင်း. . .

"ခဏနားမယ်ဟေ့. . . ရှုတင်ခဏနားမယ်. . ."

လို့အော်တယ်။ ပြီးတော့မှ ခေါက်ကုလားထိုင်မှာ စိတ်မောလူမော ထိုင်ချလိုက်ကာ ဖုန်းပြောနေတဲ့ မင်းသားဒိတ်ဒိတ်ကျဲကို ဘာရယ်မဟုတ်ကြည့်နေလိုက်တယ်။ ငါးမိနစ်လောက် ဖုန်းပြောပြီးတော့ ဒိတ်ဒိတ်ကျဲ ဖုန်းပိတ်လိုက်တယ်ဆိုရင်ပဲ ဒိတ်ဒိတ်ကျဲအနားမှာ အော်တိုထိုးခိုင်းတဲ့ ကောင်မလေးတွေနဲ့ ဆူညံပွက်လောရိုက်ကာ ရှုပ်ယှက်ခတ်သွားပြန်တယ်။

ဒါက ဒိတ်ဒိတ်ကျဲ ရောက်လေရာနေရာတိုင်းမှာ မြင်တွေ့နေကျ မြင်ကွင်းမျိုးပါပဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



ဂျူနီယာကျော်ကြီးက လှေကားကို တဝုန်းဝုန်းပြေးတက်၊ တံခါးကိုလည်း ဝုန်းခနဲ တွန်းဖွင့်ဝင်လိုက်ကာ ရုံးခန်းထဲကလူတွေကို ဝေ့ဝဲကြည့်လိုက်ရင်း. . .

"သတင်းထူးပါတယ်. . . သတင်းထူး. . . သတင်းထူး"

လို့အော်လိုက်ပြီး သူမရဲ့ခုံနေရာမှာ ဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ ယောက်ျားလေးရုံးဝန်ထမ်းတွေရဲ့ အကြည့်က သူမဆီကို စုပြုံကျလာသလို မိန်းကလေးဝန်ထမ်းတွေကလည်း သူမအနားကို စုပြုံတိုးဝှေ့လာတယ်။

ကြော်ငြာတာဝန်ခံအပျိုကြီး ဒေါ်ပပဝင်းက သူမရဲ့ ပါဝါမျက်မှန်အထူကြီးကို ပင့်တင်လိုက်ရင်း. . .

"ဟဲ့. . . ဘာသတင်းများ ထူးလို့လဲဟဲ့၊ ပြောစမ်းပါဦး. . . နင်က တစ်ခုခုဆို အရင်ဆုံးသိသိလာတာ. . . ပြောပြောမြန်မြန်. . . ဘာသတင်းထူးလို့လဲ. . ."

"ထူးပါပြီကော မမပပရယ်. . . ထူးတာမှ အကြီးကြီးကိုထူးတာ၊ ညှိပြာညက်လေ. . . ညှိပြာညက်. . ."

"ညှိပြာညက် !. . . ဟုတ်လား၊ ညှိပြာညက်က ဘာဖြစ်လို့လဲ၊



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကို shopping ထွက်ပြန်ပြီလား. . . ဟုတ်လား. . . မိုက်လိုက်တာ၊ သူများသားသမီးတွေများကျတော့ ကောင်းစားနေလိုက်ကြတာ၊ ဟင်း. . . တို့များကြတော့လည်း"

"ဟာ. . . မမပပကလည်း ဘာတွေပြောနေတာလဲ၊ ညိုပြာညက်က စပွန်ဆာရသွားတာပါ. . ."

"ဟော!"

"ဟယ်. . ."

"ဘယ်လို"

"ဘုရား. . . ဘုရား. . ."

အမျိုးသမီးဝန်ထမ်းတွေဆီက အာမေဍိတ်သံတွေ ညံသွားသလို အမျိုးသားဝန်ထမ်းတွေလည်း ခေါင်းတွေထောင်သွားကြတယ်။ မထောင်ခံနိုင်ရိုးလား။ ညိုပြာညက်ဆိုတာက အခုတလော အရမ်းဟစ်ဖြစ်လာတဲ့ ပုရိသတို့အသည်းစွဲ စတိုင်ခပ်မိုက်မိုက်နဲ့ မော်ဒယ်ကောင်မလေးလေ။

"ဟုတ်ရဲ့လား. . . ကျော်ကြီးရယ်၊ ညည်းသတင်းကြီးက အမှားကြီးပဲဖြစ်မှာပါ၊ သူက စပွန်ဆာလိုလို့လားဟဲ့၊ ဒီလောက်ချမ်းသာနေတာကို"

"ချမ်းသာတာ. . . မသာတာတော့ မသိဘူး၊ စပွန်ဆာရှိတာကတော့ သေချာသလားမမေးနဲ့၊ (. . . )ကုမ္ပဏီက ဟိုက်ဘော့(စ်)နဲ့ဖြစ်နေတာ၊ ချောင်းသာကို နှစ်ယောက်တည်းဒိုးသွားတာ နောက်က မယားကြီးက လိုက်လာပြီး ပွဲကြမ်းပစ်လိုက်တာ ဟိုးလေးကိုကျော်လို့. . ."

အပျိုကြီး ဒေါ်ပပဝင်းက စဉ်းစားသလိုဟန်နဲ့ တစ်ချက်ငြိမ်သွားတယ်။ ဒီတော့ စာစီစာရိုက်အဖွဲ့ထဲက ဖွံ့ဖွံ့ဆိုတဲ့ကောင်မလေးက မယုံ



www.burmeseclassic.com

www.burmeseclassic.com

# အချစ် အချစ်ရှိရာအရပ်သို့ ...
## မျက်နှာမူ၍ စပ်သောကဗျာ

နိုင်ဟန်နဲ့. . .

"ဟုတ်ရဲ့လား. . . မကျော်ကြီးရဲ့၊ မကျော်ကြီးက ဒီသတင်းကို ဘယ်က ကြားလာတာလဲ"

"ကြားလာတာ မဟုတ်ဘူးဟေ့၊ မျက်စိနဲ့ကို တပ်အပ်မြင်လာတာ၊ ငါ့သူငယ်ချင်းတစ်ယောက် မနေ့က ချောင်းသာကပြန်လာတယ်ဟဲ့၊ အဲဒါသူက ငါ့ကို သတင်းတစ်ခုပေးစရာရှိတယ်ဆိုလို့ ငါက ဘာများလဲဆိုပြီး သူ့ဆီသွားတာ၊ အဲဒါသူပြောပြလိုက်တာ၊ သူပြောတယ်ဆိုတာကလည်း ပါးစပ်ကချည်းပြောတာမဟုတ်ဘူးနော်၊ ဗီဒီယိုမှတ်တမ်းနဲ့ကို ပြပြီးပြောလိုက်တာ၊ သူတို့ Max Hotel မှာ ထမင်းစားနေတုန်းကို မယားကြီးက လာပြီးပွဲကြမ်းသွားတာတဲ့၊ ငါ့သူငယ်ချင်းက ကြုံတာနဲ့ ဖုန်းနဲ့ ခိုးရိုက်လာတာ. . ."

ပြောရင်း ဂျူနီယာကျော်ကြီးက သူမရဲ့ ဘေးလွယ်အိတ်ထဲက ဟန်းဖုန်းကို ဆွဲထုတ်လိုက်ကာ. . .

"ဟီး. . . ဟီး. . . ငါတောင် လိုရမယ်ရဆိုပြီး Bluetooth နဲ့ ကူးလာသေးတယ်"

"ဟယ်. . . ဟုတ်လား၊ ပြပါဦး. . . ပြပါဦး၊ ကြည့်ရအောင်"

အမျိုးသမီးဝန်ထမ်းတွေ အကုန်လုံး ဆူညံပွက်လောရိုက်သွားတာ ဂျူနီယာကျော်ကြီးရဲ့ လက်ထဲက ဟန်းဖုန်းကို ဝိုင်းလုကြတယ်။ ဒီ အချိန်မှာပဲ. . .

"မီးပုံးပျံကြီးလွင့်လာပြီ. . . မီးပုံးပျံကြီးလွင့်လာပြီ. . ."

ဆိုတဲ့ အသံကြောင့် ဂျူနီယာကျော်ကြီးအနားမှာ ဝိုင်းအုံနေကြတဲ့ အမျိုးသမီးဝန်ထမ်းတွေ အကုန်လုံး အူယားဖားယားနဲ့ ကိုယ့်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာကိုယ်ပြန်ပြေးကုန်ကြကာ အလုပ်ရှုပ်ချင်ယောင်ဆောင်နေကြတော့တယ်။

ခဏအကြာမှာတော့ ရုံးခန်းတံခါးမကြီးက ကျွီခနဲပွင့်လာကာ အပေါက်ဝမှာ မီးပုံးပျံကြီးတစ်လုံးပြုတ်ကျလာသလိုပုံသဏ္ဌာန်နဲ့ ဝဝတုတ်တုတ် အမျိုးသမီးကြီးတစ်ယောက်ပေါ်လာတယ်။ နာမည်ကလည်း လူနဲ့ လိုက်ဖက်တယ်။ ခင်ခင်တုတ်. . . တဲ့။ ဒေါ်ခင်ခင်တုတ်က ဒီဂျာနယ်တိုက်ရဲ့ အယ်ဒီတာချုပ်ဆိုလည်းဟုတ်၊ ထုတ်ဝေသူဆိုလည်း ဟုတ်တယ်။

"မမ. . . မောနင်းပါ"

ခပ်သွက်သွက်ရှိတဲ့ကောင်မလေးက ဒေါ်ခင်ခင်တုတ်ကို အရင်ဆုံး နှုတ်ဆက်တယ်။ဒေါ်ခင်ခင်တုတ်က အသက်လေးဆယ်ကျော်နေပါပြီ။ ဒါပေမယ့် သူ့ကို အန်တီခေါ်ရင် မကြိုက်ဘူး။ "မမ" ပဲခေါ်မှ ကြိုက်တယ်။

ဒေါ်ခင်ခင်တုတ်က အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ခေါင်းတစ်ချက် ဆတ်ခနဲညိတ်ကာ သူမရဲ့ရုံးခန်းထဲကို ဝင်သွားတယ်။ ပြီးတော့ ချက်ချင်းဆိုသလိုပဲ ရုံးခန်းထဲကနေ ခေါင်းချည်းထွက်လာကာ ဂျူနီယာကျော်ကြီးထိုင်နေရာ စားပွဲကိုလှမ်းကြည့်လာရင်း. . .

"ကျော်ကြီးရေ. . . မမရုံးခန်းထဲကို ခဏလာခဲ့ပါဦး. . ."

ဂျူနီယာကျော်ကြီးက ဘာတွေများရစ်ဦးမှာပါလိမ့်လို့ တွေးလိုက်ကာ မထချင်ထချင်ဟန်နဲ့ ထလာလိုက်တယ်။ ရုံးခန်းထဲရောက်လို့ ဒေါ်ခင်ခင်တုတ်ရှေ့မှာ ထိုင်လိုက်တယ်ဆိုရင်ပဲ ဒေါ်ခင်ခင်တုတ်က ဂျူနီယာကျော်ကြီးကို တစ်ချက်ကြည့်လာကာ. . .

"ဒီအပတ်ထုတ်ဂျာနယ်ရဲ့ စပါယ်ရှယ်အင်တာဗျူးကဏ္ဍမှာ

www.burmeseclassic.com

www.burmeseclassic.com



ဒိတ်ဒိတ်ကျဲကို ထည့်ချင်တယ်၊ အဲဒါ ကျော်ကြီးကြည့်လုပ်လိုက်ပါ. . .”

“ရှင်! မမ. . . လွယ်ပါ့မလား. . , ဖောင်ပိတ်ရက်က ကပ်နေပြီလေ၊ ပြီးတော့ ဒိတ်ဒိတ်ကျဲက နာမည်ကြီးသလောက် အလုပ်အရမ်းများတာ. . . အခုတောင် ရန်ကုန်မှာရှိရဲ့လားမသိ”

ဂျူနီယာကျော်ကြီးရဲ့ စကားတောင်မဆုံးလိုက်သေးဘူး၊ ဒေါ်ခင်ခင်တုတ်က စားပွဲကို လက်ဝါးနဲ့ ဖြန်းခနဲ ပုတ်ချလိုက်ကာ. . .

“အဲဒါပဲ. . . အဲဒါတွေပဲ မကြိုက်တာ၊ အလုပ်တစ်ခုကို လုပ်တောင်မလုပ်ရသေးဘူး၊ မဖြစ်နိုင်ဘူးထင်တယ်ဆိုတာက စလာပြီ၊ တတယ်ဆို လုပ်ကြည့်ပြီးလို့ မဖြစ်နိုင်မှ မဖြစ်နိုင်ဘူးဆိုတာကိုပြောသင့်တာမဟုတ်ဘူးလား. . .”

“ဟို. . .”

“မဟိုနဲ့. . . ဒိတ်ဒိတ်ကျဲ ရန်ကုန်မှာပဲရှိတယ်၊ ဘယ်မှမသွားဘူး၊ ဒါရိုက်တာ အရှူးမီးဝိုင်းနဲ့ ဇာတ်ကားရိုက်နေတယ်ကြားတယ်၊ သတင်းထောက်တစ်ယောက်လုပ်နေပြီးတော့ ဒါတောင်မသိဘူးလား၊ လေ့လာပါ လေ့လာပါဆိုတော့ လူစုပြီး အတင်းတုပ်နေတယ်၊ အမေရိကန်သမ္မတဘယ်သူလဲမေးတော့ ဂျက်စပဲရိုးလိုလို. . . ဂျိန်းစဘွန်းလိုလိုဖြေဦးမယ်. . . ဘာမှကို အားမကိုးရဘူး၊ ဘယ်လိုလဲ. . . လိုချင်တဲ့အင်တာဗျူးရအောင်လုပ်ပေးမှာလား. . . ပြော”

“ဂျူနီ. . . ကြိုးစားကြည့်ပါ့မယ် မမ”

“အဲလိုလုပ်စမ်းပါ. . . ဖွလိုက်မယ့်ဂျာနယ်က သတင်းထောက်လုပ်နေပြီးတော့ မချာစမ်းပါနဲ့၊ အမြဲတမ်း ဘယ်နေရာကနေ နိုက်လိုက်ရင် သတင်းထွက်လာမလဲဆိုတာကို ကြည့်နေစမ်းပါ၊ ဒီမှာ မှတ်ထား. . .



www.burmeseclassic.com

www.burmeseclassic.com



နှိုက်တတ်ရင် ဘယ်နေရာကမဆို သတင်းထွက်တယ်. . . နားလည်လား"

"ဟုတ်ကဲ့. . ."

"အဲဒါဆိုသွားတော့. . . ရော့. . . ဒီဟာကို ဖွဲ့ဖွဲ့ကိုပေးလိုက် မှားတဲ့နေရာတွေကို မှင်နီနဲ့ဝိုင်းထားတယ်. . . ပြန်ပြင်လို့"

ဒေါ်ခင်ခင်တုတ်လှမ်းပေးတဲ့ စာရွက်တွေကို ယူကာ ဂျူနီယာ ကျော်ကြီးက ရုံးခန်းထဲကနေ လိမ်ဖယ်လိမ်ဖယ်နဲ့ ထွက်လာခဲ့လိုက်တယ်။ ပြီးတော့ ဒိတ်ဒိတ်ကျဲနဲ့ အင်တာဗျူးကိစ္စအတွက်လည်း ရင်မော သွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



# II

"မင်းသား. . . မင်းသား. . . ထတော့လေ. . . ငါးနာရီထိုးနေပြီ. . . ရှုတင်နောက်ကျနေလိမ့်မယ်. . . မင်းသား. . ."

ခန္ဓာကိုယ်ကို လာရောက်ကိုင်လှုပ်ကာနှိုးလိုက်တဲ့ ကိုလပြည့်ကြောင့် ဒိတ်ဒိတ်ကျဲက မျက်လုံးတွေကို မဖွင့်ချင်ဖွင့်ချင်နဲ့ အားယူဖွင့်လိုက်တယ်။ ဒါပေမယ့် မျက်လုံးတွေက ကျိန်းစပ်နေတော့ ချက်ချင်းပြန်မှိတ်ချပစ်လိုက်ရတယ်။

"မျက်လုံးတွေက တအားကိုကျိန်းစပ်နေတာပဲ ကိုပြည့်ရာ. . ."

သူက ညည်းညည်းညူညူပြောကာ မျက်လုံးတွေကို မှိတ်ထားရင်းကနေ လက်တစ်ဖက်နဲ့ အပေါ်က အုပ်မိုးဖိထားလိုက်တယ်။ ညကလည်း ရှုတင်က နှစ်နာရီထိုးမှ ပြန်လာခဲ့ရတာဆိုတော့ ကောင်းကောင်းအိပ်ရသေး။ အခုလည်း ရှုတင်ကို မနက်ခြောက်နာရီအရောက်သွားရဦးမယ်။ ဒီလိုနေ့တွေက တစ်နေ့တစ်ရက်မဟုတ်၊ ရက်ပေါင်းများစွာ။

တကယ်ဆို သူ တစ်လလောက်ကောင်းကောင်းနားလိုက်ချင်တာပါ။ ဒါပေမယ့် သူ့နာမည်လေးက အခုတလောမှ တော်တော်လေး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လာတာဆိုတော့ အခွင့်အရေးလေးရတုန်း ပိုကြိုးစားပြရမှာလေ
ဒီလိုအခွင့်အရေးမျိုးက နောက်တစ်ခါထပ်ရောက်လာချင်မှ လာမှာ

သူက မျက်လုံးတွေကို မဖွင့်သေးဘဲ အနားမှာ မတ်တပ်ရပ်
ကာ သူ့အထကိုစောင့်နေတဲ့ ကိုလပြည့်ကို. . .

"ဒီနေ့ အချိန်ဇယားပြောပါဦးအစ်ကို. . . အပြည့်ပဲလား"

"အင်း. . . ဟုတ်တယ်၊ မနက်ခြောက်နာရီကနေ ညနေငါးနာရီ
အထိ ဒါရိုက်တာအရှူးမီးဝိုင်းနဲ့ ရှူတင်ရှိတယ်၊ ညနေ ခြောက်နာရီ
နောက်ပိုင်းကတော့ အဆိုတော် "အိပ်မက်ပြာ"ရဲ့ ဗီစီဒီတစ်ပုဒ်ကို
ရိုက်ပေးရမယ်၊ တစ်ပုဒ်လုံးက နိုက်(တ်)ဆင်း(စ်)တွေချည်းပဲ၊ အဲဒါက
လည်း သေချာပေါက်ညဉ့်နက်မှာပဲ၊ ဩော်. . .ပြီးတော့ နေ့လည်
ထမင်းစားဖို့ ရှူတင်ခဏ brake ချိန်မှာ Fashion Image မဂ္ဂဇင်း
အတွက် အင်တာဗျူးဖြေပေးဖို့လည်း ရှိသေးတယ်"

အား. . . ဆိုပြီး သူက အကျယ်ကြီးအော်ပစ်လိုက်ချင်စိတ်ကို
မနည်း ထိန်းချုပ်ထားရတယ်။

"မင်းသား. . . ထခဲ့တော့နော်၊ ကျွန်တော် Breakfast စီစဉ်
ထားလိုက်မယ်. . ."

သူက သူ့ရဲ့ အထွေထွေမန်နေဂျာဖြစ်သူ ကိုလပြည့်ကို
လက်တစ်ဖက်သာ ထောင်ပြလိုက်ရင်း. . .

"ကော်ဖီကို ခါးနိုင်သမျှခါးအောင်ဖျော်ထားပေးပါ. . . နို့မို့ရင်
ရှူတင်မှာ ငိုက်နေလိမ့်မယ်"

ကိုလပြည့်ပြန်ထွက်သွားသံကို ကြားလိုက်ရတယ်။ သူကတော့
ငါးမိနစ်လောက် ထပ်မှိန်းနေလိုက်ပြီးမှ "ထသင့်ပြီ. . . ထသင့်ပြီ"လို့



www.burmeseclassic.com

www.burmeseclassic.com

## အချစ် အချစ်ရှိရာအရပ်သို့ ...
## မျက်နှာမူ၍ စပ်သောကဗျာ

ကိုယ့်ကိုကိုယ် သံပတ်ပေးရင်း အိပ်ရာထဲက လူးလဲထကာ ရေချိုးခန်း
ထဲတို ပြေးရတယ်။ တော်ကြာ ရှူတင်နေ့ဇက်ကျနေရင် ဒုက္ခ။

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ရှူတင်မှာ ငိုတဲ့ဇာတ်ဝင်ခန်းတစ်ခန်းရိုက်ကူးနေတုန်းမှာပဲ ဒိတ် ဒိတ်ကျဲရဲ့ခေါင်းထဲက မိုက်ခနဲဖြစ်သွားကာ လူက ယိုင်သွားတယ်။

"ဟား. . . မင်းသား. . ."

အနားမှာရှိတဲ့ ဇာတ်ပို့ဦးလေးကြီးတစ်ယောက်က ဖမ်းထိန်းလိုက်လို့တော်တော့တယ်။ နို့မို့ဆို ရုပ်ပျက်ဆင်းပျက်လဲကျသွားမှာ။

"မင်းသား. . . မူးလဲလို့ဟေ့၊ ရှူတင်ခဏနားမယ်. . ."

ဒါရိုက်တာ အရှူးမီးဝိုင်းရဲ့ အသံက ရှူတင်ထဲမှာ ဟိန်းထွက်သွားသလို ရှူတင်ထဲမှာလည်း ဗျာယာခတ်သွားကြတယ်။ ရှူဆေးပြေးယူတဲ့သူကယူ ယပ်ခပ်ပေးတဲ့သူက ခပ်နဲ့ ပွက်လောရိုက်သွားတယ်။

ဒိတ်ဒိတ်ကျဲက ခေါက်ကုလားထိုင်တစ်လုံးပေါ်မှာ လျော့တိလျော့ရဲ မှီထိုင်ကာ မျက်လုံးတွေကို မှိတ်ထားလိုက်တယ်။ အိပ်ရေးပျက်တာတွေရော၊ ပင်ပန်းတာတွေရော ရောသွားပြီး လူက ဒေါင်းသွားတာ။

"ရရဲ့လားမင်းသား. . . ရှူတင်ဖျက်ခိုင်းပြီး ဆေးခန်းသွားမလား၊ တော်တော်မူးနေတာလား. . ."

ကိုလပြည့်စကားကို သူက လက်တစ်ဖက်သာကာပြရင်းမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် . . . ရတယ် . . . အဲလောက်ကြီးမဟုတ်ဘူး၊ ခေါင်းထဲ ထဲ မူးနေတာတစ်ခုပါပဲ . . . ခဏနားလိုက်ရင် ကောင်းသွားမှာပါ"

"ဟုတ်လို့လား . . . ရှူတင်ဖျက်လိုက်မယ်လေ၊ ကျန်းမာရေး ထက် ဘယ်ဟာမှ အရေးမကြီးပါဘူး"

"ရတယ် အစ်ကို . . . မဖျက်ပါနဲ့"

ဒီအချိန်မှာပဲ အနားကို ဒါရိုက်တာအရှူးမီးဝိုင်း ရောက်လာတယ်။

"ရရဲ့လား မင်းသား . . . ဆက်ရိုက်နိုင်ပါ့မလား"

ဒိတ်ဒိတ်ကျဲက ပြောမလို့ပြင်လိုက်ပေမယ့် မန်နေဂျာကိုလ ပြည့်ကပဲ ဒိတ်အစားဝင်ဖြေပေးလိုက်တယ်။

"ရိုက်မယ်တဲ့ . . . ဒါပေမယ့် ခဏတော့ နားမှဖြစ်မယ်၊ မင်း သားက အခုတလော ပွဲဆက်တွေ တအားများပြီး ပင်ပန်းသွားတာပါ"

ဒါရိုက်တာ အရှူးမီးဝိုင်းက ဒိတ်ဒိတ်ကျဲအနားကို ကပ်သွား တယ်။ ကိုလပြည့်ကတော့ Fashion Image ကို ဖုန်းဆက်ဖို့အတွက် အသံတွေနဲ့ဝေးတဲ့ နေရာကို ထွက်လာခဲ့လိုက်တယ်။ နောက်တော့မှ သူက Fashion Image မဂ္ဂဇင်းတိုက်ကို ဖုန်းခေါ်လိုက်တယ်။

"ဟယ်လို . . . Image ကလားခင်ဗျာ၊ ဟုတ် . . . ကျွန်တော် ဒိတ်ဒိတ်ကျဲရဲ့ မန်နေဂျာပါ . . ."

". . . . ."

"ဟုတ် . . . အဲဒါလေ အင်တာဗျူးမယ့် ရက်လေးကို နောက် ဆုတ်ပေးလို့ ရမလားလို့ပါ၊ ဒီနေ့အင်တာဗျူးဖို့က မင်းသား သိပ်နေမ ကောင်းလို့ပါ . . ."

". . . . . ."



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

"ဟုတ်. . . ကျေးဇူးတင်ပါတယ်. . . ဟုတ်၊ အဆင်ပြေမယ့် အချိန်ကို ကျွန်တော်တို့ ပြန်ပြောပေးပါ့မယ်. . ဟုတ်ကဲ့. . . ဩော်. . . စိုးရိမ်စရာတော့မရှိပါဘူး. . . အဲလောက်ကြီး မဟုတ်ပါဘူး၊ နည်းနည်းဖလက်ပြသွားတဲ့ သဘောပါ. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါ. . ."

ကိုလပြည့်က ဖုန်းပြောပြီး နောက်ဘက်ကို ပြန်အလှည့်မှာပဲ သူ့အနားကို ရောက်လာတာက ကောင်မလေးတစ်ယောက်။ ပုံစံကတော့ သတင်းထောက်ပုံစံပါပင်။

"ဟို. . . အစ်ကိုက ဒိတ်ဒိတ်ကျဲရဲ့ မန်နေဂျာမဟုတ်လား"

"ဟုတ်ပါတယ်. . . ဘာကိစ္စရှိလို့လဲမသိဘူး"

"ဩော်. . . ကျွန်မက ဖွလိုက်မယ်ဂျာနယ်က သတင်းထောက်တစ်ယောက်ပါ၊ မင်းသားဒိတ်ဒိတ်ကျဲကို အင်တာလေးနည်းနည်းလောက် ဗျူးချင်လို့ပါ. . ."

"မင်းသား. . . နားနေတယ်ဗျာ့"

"ဟာ. . . ဟုတ်လား၊ ဒါဆို အဆင်သင့်တာပေါ့၊ ကျွန်မတွေ့လို့ရမလား"

"မဟုတ်ဘူး၊ မင်းသားက ပင်ပန်းလို့နားနေတာပါ၊ အဲဒါကြောင့် နောက်နေ့မှ လာခဲ့ပါလား"

အစကတော့ ကိုလပြည့်က မင်းသားမူးလဲလို့နားနေတာကို ပြောပြီးမလို့ပင်။ ဒါပေမယ့် တော်ကြာ မင်းသားဒိတ်ဒိတ်ကျဲ မူးလဲခြင်းဆိုပြီး ဂျာနယ်မှာ ပါလာမှာစိုးတာနဲ့ ပြောမနေတော့။ ဘာမှပြောပဲ လောက်တာမဟုတ်ဘဲ သတင်းကို ပုံကြီးချဲ့ပြီး လုပ်စားတတ်တဲ့ ဂျာနယ်တွေက ဒုနဲ့ဒေးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . ကျွန်မတို့က ဒိတ်ဒိတ်ကျဲရဲ့ အင်တာဗျူးကို ဒီအပတ်ထုတ်ဂျာနယ်မှာ ထည့်ချင်လို့ပါ၊ ဖောင်ပိတ်ရက်ကလည်း တအားကပ်နေတော့လေ. . အဲဒါ ဖြစ်နိုင်ရင် ကူညီပေးပါလား"

"မဖြစ်လို့ပါ. . . မင်းသားက တော်တော်ပင်ပန်းနေလို့ပါ၊ တောင်းပန်ပါတယ်၊ နောက်နေ့မှ လာခဲ့နော်"

"ဟို. . . ကျွန်မအများကြီး မမေးပါဘူး၊ နည်းနည်းလောက်ပဲ မေးမှာပါ၊ ကူညီပါအစ်ကိုရယ်. . . နော်"

"တကယ်မဖြစ်နိုင်လို့ပါဗျာ၊ နောက်နေ့မှပဲလာခဲ့ပါ. . ."

"ဟို. . . ဒါဆိုလည်း မင်းသားရဲ့ လက်တလောအနုပညာလှုပ်ရှားမှုလေးတွေ အကြောင်းလောက်ကိုပဲ မေးမယ်လေ၊ ဒီလောက်တော့ ဖြစ်တယ်မလား"

"မရပါဘူးဆိုဗျာ. . ."

"ရှင်ကလည်း မင်းသားကိုတောင် မေးမကြည့်ဘဲနဲ့ ဘာဖြစ်လို့ မရဘူးချည်းပဲ ပိတ်ပြောနေရတာလဲ၊ မင်းသားကိုတောင် မေးကြည့်စမ်းပါဦး. . ."

ကောင်မလေးရဲ့ ကက်ကက်လန်စကားကြောင့် ကိုလပြည့်ရဲ့ မျက်ခုံးတွေက အပေါ်ကိုပင့်တက်သွားရတယ်။ ဒီဗိုင်းက မင်းသားကိုမှ အင်တာမဗျူးရရင် လူသတ်မယ့်ပုံပင်။

"ကျွန်မက မီဒီယာသမားနော်၊ ရှင်လေးစားမှုတော့ရှိစမ်းပါ"

"ကဲ. . . လာဗျာ. . . ဒီလောက်တောင်ဖြစ်နေရင် လာ"

စိတ်မရှည်တော့တဲ့ ကိုလပြည့်က သတင်းထောက်မလေးကို စိတ်ပျက်လက်ပျက်နဲ့ပဲ ခေါ်ချသွားလိုက်တော့တယ်။ နို့မို့ဆို ပြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ဒီတော့မှ မယ်မင်းကြီးမက ဘောက်ဆတ်ဘောက်ဆတ်နဲ့ ပါ လာတယ်။

ဒီလိုနဲ့ ဒိတ်ဒိတ်ကျဲအနားကိုရောက်တော့ ဒိတ်ဒိတ်ကျဲက စောစောကလိုပဲ ပက်လက်ကုလားထိုင်ပေါ်မှာ မျက်လုံးတွေကို မှေးမှိတ်ထားကာ နားနေတုန်းပင်။

"မင်းသား. . ."

". . . . . ."

ဒိတ်ဒိတ်ကျဲက မလှုပ်။ ဒီတော့ ကိုလပြည့်က နောက်တစ်ခါ ထပ်ခေါ်တယ်။

"မင်းသား. . . မင်းသား. . ."

ဒိတ်ဒိတ်ကျဲက လုံးဝမလှုပ်။ မျက်လုံးတွေကို မှေးမှိတ်ထားကာ ငြိမ်မြဲငြိမ်လို့။ ဒီတော့ ကိုလပြည့်က ဘေးကကောင်မလေးကို မျက်ခုံး ပင့်ပြတယ်။ ဘယ်လိုလဲဆိုတဲ့သဘော။

ဒီတော့ ကောင်မလေးက ကိုလပြည့်ကို မျက်စောင်းတစ်ချက် ပိတ်ထိုးလိုက်ကာ. . .

"ကိုဒိတ်ဒိတ်ကျဲ. . . ကျွန်မက ဖွလိုက်မယ်ဂျာနယ်ကပါ၊ အစ်ကို့ကို မေးခွန်းလေးနည်းနည်းလောက်မေးချင်လို့. . ."

ဒိတ်ဒိတ်ကျဲက လုံးဝမလှုပ်။

"ကိုဒိတ်ဒိတ်ကျဲ"

ကောင်မလေးက ထပ်ခေါ်တယ်။ ဒိတ်ဒိတ်ကျဲကတော့ အင်း လည်းမလုပ် အဲလည်းမလုပ်။ ကောင်မလေးက ဇွဲမလျှော့ဘူး။ ခဏ လောက် ရပ်စောင့်နေသေးတယ်။ မိနစ်အနည်းငယ်ကြာအောင့်အထိ ဒိတ်



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်ကဲ့က မလှုပ်တော့မှ ကောင်မလေးက တောက်တစ်ချက်ကို ခပ်တိုး ခေါက်ကာ ထွက်သွားတော့တယ်။ ဒါပေမယ့် ရိုးရိုးထွက်သွားတာမ ဟုတ်။ ဘေးမကျ နောက်မကျမှာရပ်နေတဲ့ ကိုလပြည့်ရဲ့ ခြေထောက်ကို ရွေခဲ့ ပင်ဆယ်ဟီး(လ်)နဲ့ တက်နင်းပြီးတော့ ထွက်သွားတာပါ။

ကိုလပြည့်က နာတာကို မအော်ဘဲ မျက်နှာကိုရှုံ့မဲ့အောင့်ခံ ထိတ်ကာ ထွက်သွားတဲ့ကောင်မလေးကို မြင်ကွင်းကပျောက်တဲ့ အထိ ကြည့်နေလိုက်တယ်။ တော်တော် ခံပြင်းသွားပုံပင်။ ဒါပေမယ့် မတတ် နိုင်။ ကိုယ့်အခြေအနေ ကိုယ်သာသိတယ်မဟုတ်လား။

ဒါပေမယ့် မင်းသားနည်းနည်းမှ မလှုပ်တာကို သူကအခုမှ သတိထားမိသွားကာ စိုးရိမ်သွားရတယ်။ ဒါနဲ့ ဒိတ်ဒိတ်ကဲ့ကို ထပ်ခေါ် ကြည့်ရတယ်။

"မင်းသား. . ."

". . . ."

"မင်းသား. . . မင်းသား. . ."

ဒိတ်ဒိတ်ကဲ့က တုပ်တုပ်မျှ မလှုပ်။ ဒီတော့မှ စိုးရိမ်စိတ်က ခေါင်းထိပ်ကိုတက်ဆောင့်သွားရရင်း မင်းသားကို လှုပ်နှိုးရတယ်။

"မင်းသား. . . မင်းသား. . ."

ဒီတော့မှ ဒိတ်ဒိတ်ကဲ့က လှုပ်ရှားလာကာ. . .

"ဟင်. . . အင်. . . ဘာ. . . ဘာဖြစ်လို့လဲ. . . ရှုတင်ပြန် စတော့မှာလား. . . ဟုတ်လား၊ နည်းနည်းအိပ်ပျော်သွားတယ်. . ."

ဒီတော့မှ ကိုလပြည့်က ဒိတ်ဒိတ်ကဲ့ တုပ်တုပ်မလှုပ်ရခြင်းရဲ့ အကြောင်းရင်းကို နားလည်သွားတယ်။ ဒီတော့မှ စောစောကကောင်


www.burmeseclassic.com

www.burmeseclassic.com

# ရာမခင်ကို

မလေးကို မျက်လုံးထဲ ပြန်မြင်ယောင်လာကာ အသာပြုံးမိတယ်။ ဖြစ်ချင်
တော့များ. . . ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှုံးခန်းထဲကို ဝုန်းဒိုင်းဝုန်းဒိုင်းနဲ့ ဝင်လာကာ ဘေးလွယ်အိတ်ကို စားပွဲပေါ် ဘုန်းခနဲ ပစ်တင်လိုက်တဲ့ ဂျူနီယာကျော်ကြီးကြောင့် အယ်ဒီတာချုပ် ဒေါ်ခင်ခင်တုတ်မသိအောင် ခိုးငိုက်နေတဲ့ အပျိုကြီး ဒေါ်ပပဝင်းခမျာ လန့်ဖျပ်သွားရတယ်။

"ဟဲ့ . . . ပလုတ်တုတ် . . . ဂွက္ခန်ပျိုနဲ့ ငါနဲ့ရ . . ."

ကြည့် . . . ယောင်တာတောင် အရသာလေးနဲ့။

"အောင်မလေး . . . လန့်လိုက်တာဟယ်၊ ဖြည်းဖြည်းသက်သာသုံးစမ်းပါ ဂျူနီယာကျော်ကြီးရယ်၊ ငါသာ မီးတွင်းခုနစ်ရက်ဆို လန့်တာနဲ့သေတယ်"

ဒေါ်ပပဝင်းစကားကြောင့် ဂျူနီယာကျော်ကြီးက မျက်စောင်းထိုးလိုက်ရင်း . . .

"မမပပနော် . . . သိပ်မပြောချင်ဘူး၊ ဒီက ဒေါသထွက်လာတာ"

"နင့်ကြည့်လိုက်ရင်း အချိန်မရွေး ပူလောင်နေတာပဲ၊ အေးအေးဆေးဆေးကို မရှိဘူး၊ ပြောစမ်းပါဦး . . . ဘာဖြစ်လာရပြန်တာလဲ"

"ဘာဖြစ်ရမှာလဲ . . . လူသတ်ချင်လာတာ . . . လူသတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လာတာ"

"ဘုရား . . ဘုရား . . မှုခင်းဂျာနယ်တွေတော့ ကောင်းစားဦး တော့မှာပဲ၊ နေစမ်းပါဦး၊ နင်က ဘယ်သူ့ကို သတ်ချင်ရတာတုန်း"

"ဘယ်သူရှိမှာလဲ . . ဒိတ်ဒိတ်ကျဲဆိုတဲ့ အစုတ်ပလုတ်ကောင် ကိုပေါ့"

"ဘယ်လို . . ဒိတ်ဒိတ်ကျဲကို၊ ဟယ် . . မလုပ်ပါနဲ့ဟယ်၊ မင်း သားလေးက ငယ်ငယ်ချောချောလေး၊ နှမြောစရာကြီး၊ နင်သတ်လိုက်ရင် အလကားဖြစ်သွားမှာပေါ့"

"ဘာမှမနှမြောဘူး၊ အလကား . . ဘဝင်ရူး . . . အစုတ် ပလုတ်၊ လမ်းဘေးအိပ် . . လမ်းဘေးစား . . ဓာတ်တိုင်သေးပန်း . . ပလက်ဖောင်းခေါင်းအုံး . . ခွေးလေ . . ခွေးလွင့် . . ခွေးဝဲစား . . ခွက်ပျောက် ချေးကားတိုက် . . လူဆိုး . . သူခိုး . . တေလေဂျိုး လောက်မှ အဆင့်အတန်းမရှိတဲ့အကောင်"

"အောင်မလေးလေး . . ကျော်ကြီးရယ်၊ ပြောရက်လိုက်တာ ပြောရက်လိုက်တာ . . ဟင် . . နင်ပြောတာနဲ့တင် သူသေမယ်ဆို သေလို့ရနေပြီ၊ ဘာဖြစ်လာတယ်ဆိုတာကိုလည်း ငါနားလည်အောင် ရှင်းပြစမ်းပါဦး၊ နင့်ဒေါသကြီးကို ခဏသိမ်းထား"

ဒေါ်ပပဝင်းစကားအဆုံး ဂျူနီယာကျော်ကြီးက တောက်တစ် ချက်ကို ခပ်ပြင်းပြင်းခေါက်တယ်။ ပြီးမှ . . .

"ဒီလို . . . ဒီလို . . "

ဆိုပြီး အစချီကာ ဖြစ်ကြောင်းရယ်ကုန်စင်ကို နတ်သမီးနှာပြီ ပြောပြလိုက်တော့တယ်။ အကြောင်းစုံပြောပြပြီးတဲ့ အဆုံးမှာတော့ . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား. . . ကျော်ကြီးရယ်၊ ငါတော့ နင်ပြောလို့နဲ့ နားရှိလို့သာကြားရတယ်၊ မယုံနိုင်ဘူး. . ."

"အော်. . . အော. . . အော်. . . ဒါဆိုဂျူနီကပဲ လုပ်ကြံပြောနေတယ်လို့ဆိုလိုတာလား၊ ဟုတ်လား"

"မဟုတ်ပါဘူးဟယ်. . . ငါဆိုလိုတာက အဲ့သဘောမျိုးမဟုတ်ပါဘူး၊ ဒိတ်ဒိတ်ကျဲရဲ့ မျက်နှာလေးက မိန်းကလေးမဟုတ်ဘဲနဲ့ အရမ်းကိုပဲ Sweet ဖြစ်တာမဟုတ်လား၊ မထင်ရက်စရာမဟုတ်လားလို့. . ."

"အလကား. . . အပြင်ပန်းကြည့်ကောင်းသလောက် အတွင်းက ပိုးကိုက်နေတဲ့သစ်သီးပုပ်ကြီး၊ တောက်. . . ပြောရင်းနဲ့ကိုပဲ ဒေါသက ထွက်လာပြန်ပြီ၊ ဂျူနီ့ကို အဖက်လုပ်ပြီးတောင် စကားပြန်မပြောလိုက်တာကို ခံပြင်းတာ၊ တကယ်ဆို အင်တာဗျူးကိစ္စကို သူလက်မခံနိုင်ရင်တောင် ဂျူနီ့ကို အကျိုးသင့်အကြောင်းသင့်လေးတော့ သူရှင်းပြသင့်တာပေါ့၊ အခုတော့ ဂျူနီကို စကားပြောဖို့နေနေသာသာ မျက်လုံးကလေးတောင် စေ့မကြည့်ဘဲ အရေးလုပ်မနေဘူး၊ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင်မထင်ဘူးဆိုတဲ့ အချိုးမျိုးနဲ့ ဆက်ဆံလွှတ်လိုက်တာ. . . ကျေကိုမကျေနပ်ဘူး၊ ဒင်းကို တင်းတယ်. . . အကြီးကြီးကို တင်းတယ်၊ ဟွန်း . . . မီဒီယာသမားကို ဒီလိုဆက်ဆံရင် ဘာဖြစ်သွားမယ်ဆိုတာ ဒင်းမတွေးမိဘူးထင်တယ်၊ တွေ့မယ်. . . တွေ့မယ်၊ ဂျူနီယာကျော်ကြီးရဲ့ ကလောင်သွား ဘယ်လောက်ထက်တယ်ဆိုတာ ဒင်းတွေ့မယ်"

ဂျူနီယာကျော်ကြီးက ကြိတ်မနိုင် ခဲမရလေဟန်နဲ့ စားပွဲကိုလက်ဝါးနဲ့ တဖြန်းဖြန်းရိုက်ရင်း ကြုံးဝါးတယ်။

"စိတ်ထိန်းပါဟယ်. . . တစ်ခုခုလွဲနေတာရော မဖြစ်နိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



လား. . ."

"ဘာမှမလွဲဘူး. . . ဒါတမင်ချိုးလွှတ်လိုက်တယ်ဆိုတာ အသိသာကြီး၊ ဟာကွာ. . : ဟာကွာ. . . ပြောရင်းနဲ့ကိုပဲ လူသတ်ချင်လာပြီကွတ်. . . တောက်!"

ဂျူနီယာကျော်ကြီးက ဘာလုပ်ရမှန်းမသိစွာနဲ့ ရှေ့က စားပွဲပေါ်ကို မျက်နှာအပ် မှောက်ချလိုက်တယ်။ ဒေါ်ပပဝင်းကတော့ ဂျူနီယာကျော်ကြီးစိတ်ကြီးနေတာကို မသိမသာကြည့်နေကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို မျက်လုံးဝေ့ကြည့်လိုက်ရင်း မြင်တဲ့အတိုင်းပဲဆိုတဲ့ဒီဇိုင်းနဲ့ ပခုံးတစ်ချက် တွန့်ပြလိုက်တယ်။ ပြီးမှ တစ်ခုခုကို အတွေးပေါက်သွားဟန်နဲ့ စားပွဲပေါ်မှာ မျက်နှာမှောက်နေတဲ့ ဂျူနီယာကျော်ကြီးကို လက်အသာတို့လိုက်ရင်း. . .

"ဟဲ့. . . ကျော်ကြီး၊ ဖွမယ်ဆိုရင် အခုကိစ္စကိုတောင် ဖွလို့ရတယ်နော်၊ ဂျာနယ်မျက်နှာဖုံးမှာ 'ရုပ်ရှင်မင်းသား ဒိတ်ဒိတ်ကျဲ ဂျာနယ်လစ်တစ်ဦးကို ရိုင်းပျစွာစော်ကားခြင်း' ဆိုပြီး ဖွလိုက်ရင် တော်တော်ကြည့်လှသွားမှာ"

ဆိုတော့ ဂျူနီယာကျော်ကြီးက မှောက်နေရာက ခေါင်းပြန်ထောင်လာကာ စဉ်းစားဟန်ပြုတယ်။ ပြီးတော့မှ လက်မခံနိုင်သလို ခေါင်းကို ရမ်းရင်း. . .

"သေးတယ်. . . သေးတယ်၊ ဒီလောက်နဲ့ ဒင်းလုပ်လိုက်တဲ့အချိုးကို ကျေပေးလိုက်ရမှာ မတန်ဘူး၊ မမပပ. . . စောင့်ကြည့်နေ၊ ဂျူနီက အကြီးကြီး ဖွမှာ. . . အကြီးကြီး. . ."



www.burmeseclassic.com

www.burmeseclassic.com



# III

"မင်းသား. . . မင်းသား. . . ထပါဦး. . . မင်းသား. . . ထပါဦး. . . မင်းသား. . ."

ကမ္ဘာပျက်မတတ်အသံမျိုးနဲ့ လူကိုလှုပ်ကာ နှိုးနေတဲ့ ကိုလပြည့်ကြောင့် ဒိတ်ဒိတ်ကျဲက စိတ်တိုသွားရကာ ဆတ်ခနဲထလိုက်ရင်းက ခေါင်း တွေကို တဗျင်းဗျင်းကုတ်လိုက်ရင်း. . .

"ဘာလဲဗျာ. . . ဘာလဲ. . . ဘာလဲ၊ ဒီနေ့ရှုတင်က ဆယ်နာရီမှ မဟုတ်လား၊ ဘာလို့အစောကြီးလာနှိုးနေရတာလဲ၊ ကောင်းကောင်းကို မအိပ်ရဘူး၊ တကယ်ပဲ စိတ်တိုတယ်. . ."

သူက ပါးစပ်ကသာ တရစပ်ပြောနေတာ။ မျက်လုံးတွေက ဖွင့် လို့မရသေးဘူး။ မျက်လုံးမှိတ်လျက်ကြီးနဲ့ ပြန်အော်နေတာ။

"မနှိုးလို့ မဖြစ်လို့ပါ မင်းသားရယ်. . . ကိစ္စက အရေးကြီးလို့ပါ၊ ထပါဦး"

သူက မျက်လုံးတွေ မှိတ်ထားလျက်ကပင်. . .

"ဒီမှာ ထနေတာပဲလေ၊ ပြောစရာရှိတာကိုပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိုကြည့်ပါဦး မင်းသားရဲ့"

မျက်လုံးတွေက ဖွင့်လို့မရ။

"ဘာလဲ. . . ဘာကိုကြည့်ရမှာလဲ၊ ဘာတွေလာပြောနေရတာလဲ၊ အိပ်ချင်ပါတယ်ဆိုဗျာ. . ."

ဒိတ်ဒိတ်ကျဲက မျက်လုံးမှိတ်လျက်ကြီးကနေ ခပ်ညည်းညည်းနဲ့ ပြန်ပြောတယ်။

"ဒီမှာလေ မင်းသားရဲ့၊ မျက်လုံးဖွင့်ပြီး သေချာကြည့်စမ်းပါဦး၊ ဒီမှာ မင်းသားရဲ့သားတဲ့"

"ဘာ ! "

အိပ်ချင်မူးတူးဖြစ်နေတဲ့ စိတ်တွေက လွင့်ခနဲ ဖြစ်သွားသလို ကြက်သီးတွေလည်း တဖြန်းဖြန်းထသွားရတယ်။ မှေးနေတဲ့ မျက်လုံးတွေကလည်း ရှေ့ဘက်ကို ပြူးခနဲ။

"ဘာ. . . ဘာပြောလိုက်တယ်"

"ဒီ. . . ဒီမှာလေ"

ဒိတ်ဒိတ်ကျဲက ဒီမှာလေဆိုတဲ့ နေရာကို ပြူးပြဲကြည့်လိုက်တော့ ကလေးလေးတစ်ယောက်ကို ချီပွေ့ထားတဲ့ ကိုလပြည့်ကို တွေ့လိုက်ရတယ်။ ဘယ်က ကလေးတစ်ယောက်ကို ခေါ်လာပါလိမ့်။

"အစ်ကိုရာ. . . စ,စရာရှားလို့ ဘယ်က ကလေးကိုခေါ်လာပြီး စနေရတာလဲ၊ အိပ်ချင်ပါတယ်ဆို"

"ကျွန်တော်စ,နေတာ မဟုတ်ဘူး၊ တကယ်ပြောနေတာ၊ ဒါ. . . မင်းသားရဲ့ ကလေးတဲ့၊ အိမ်ရှေ့မှာ စာတစ်စောင်နဲ့လာထားသွားလို့ ခေါ်လာတာ. . . ဒီမှာစာကိုဖတ်ကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ကိုလပြည့်က စာတစ်စောင်ကို ကမ်းပေးလာတာနဲ့ သူက ဘာ ကြောင်တာလဲကွာ ဆိုတဲ့ ပုံစံမျိုးနဲ့ ဆွဲယူလိုက်ရင်း. . .

"ကိုလပြည့်ရာ. . . ဟာသလာလုပ်နေပြန်ပြီ၊ ကျွန်တော့်အ ကြောင်းလည်း ကိုလပြည့်သိပြီးသားကို၊ ကျွန်တော်က ဘယ်တုန်းကများ အိမ်ထောင်ကျလို့ ဒီကလေးက ကျွန်တော့်ကလေး ဖြစ်ရမှာလဲ၊ တကယ့် ဟာသပဲ၊ ပြီးတော့လည်း ကလေးက မွေးကာစမဟုတ်ဘူး၊ တစ်နှစ် နှစ် နှစ်လောက်တောင်ရှိပြီထင်တယ်. . . အဟား. . . ကြံကြံဖန်ဖန် ဘယ် သူများလာနောက်ပါလိမ့်. . . "

"မသိဘူးလေဗျာ. . . ကျွန်တော်ကလည်း မင်းသားဆီမှာ အ လုပ်လုပ်တာ တစ်နှစ်ကျော်ကျော်ပဲရှိသေးတာဆိုတော့ မင်းသားရဲ့ဟိုး အရင်ကအကြောင်းတွေကို ကောင်းကောင်းမှ မသိတာ၊ ပြီးတော့ စာထဲ မှာရေးထားတာကလည်း. . ."

ကိုလပြည့်က စကားကို မဆက်ပဲရပ်ထားလိုက်တယ်။ သဘော က စာကို ဖတ်ကြည့်စေချင်တဲ့သဘော။ ဒါနဲ့ ဒိတ်ဒိတ်ကျဲက ရယ်ချင်စိတ် ကိုထိန်းရင်း ကိုလပြည့်ဖွင့်ဖတ်ထားတဲ့ စာကို ဖြန့်ကြည့်လိုက်တယ်။ ဆက်ရေးကိုတော့ မြင်ဖူးသလိုလိုရှိသားလို့ စိတ်ထဲမှာတွေးလိုက်မိသေး တယ်။ စာကို ဖတ်ကြည့်လိုက်တဲ့ အခါမှာတော့. . .

*Dear* ဟုမ်း. . .

သူ့အတွက် သုံးနှုန်းထားတဲ့ နာမ်စားကို အတွေ့မှာတော့ သူ့ ရင်ဘတ်ထဲက လှိုက်ခနဲ ခံစားလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရှာခင်ကို

ဂျူလိုင်. . .

ဟုတ်တယ်။ သူ့နာမည်အရင်းဖြစ်တဲ့ ကြယ်မင်းအိမ် ဆိုတာကို "ဟုမ်း(Home)..."ရယ်လို့ အဆန်းထွင်ပြီးခေါ်တတ်သူဟာ "ဂျူလိုင်မိုး စက်"တစ်ယောက်ပဲရှိတာ။ ပြီးတော့ ဒါဟာ သူ့တို့နှစ်ယောက်သာ သိတဲ့ နာမ်စားတစ်ခု။ အဲဒီ၁တွေးကပဲ နောက်ထပ်စာကြောင်းတွေကို ဖတ်ဖို့ သူ့ရဲ့ မျက်လုံးတွေကို အငမ်းမရဖြစ်သွားစေတယ်။

ဒီအသုံးအနှုန်းကို မြင်တာနဲ့ ဒို့ဘယ်သူဆိုတာကို ဟုမ်း မှတ်မိဦးမယ်ထင်ပါတယ်။ နေကောင်းတယ်နော်လို့ပဲ နှုတ်ဆက် လိုက်ပါရစေ. . .။ ဒို့ရှည်ရှည်ဝေးဝေး ပြောမနေတော့ပါဘူး။ အခုစာနဲ့အတူ ဟုမ်းဆီကို ရောက်လာတဲ့ ဘောဘီလေးဟာ. . ဒို့နဲ့ဟုမ်းရဲ့ ရင်သွေးလေးပါဟုမ်း. . .

ဒီနေရာအရောက်မှာ သူအသက်ရှူဖို့တောင် မေ့သွားတယ်။ တကယ်ဆို အသက်ရှူတောင် ရပ်သွားနိုင်လောက်တဲ့ အကြောင်းအရာ ပါ။

သူက စာကိုဆက်မဖတ်နိုင်ဘဲ ကလေးကို တစ်ချက်ကြည့်လိုက်မိ တယ်။ ကလေးလေးက ဖြူဖြူတုတ်တုတ် ချစ်စရာလေး။ ပြီးတော့ နောက်ထပ် သူ့မျက်လုံးထဲကို ဝင်ရောက်လာတာက ဂျူလိုင့်မျက်နှာ။

ပြောရရင်တော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကို ပြန်တူး ဖော်ရမယ်ဟုမ်း. . .။ တို့နှစ်ယောက်တည်းဖြတ်သန်းခဲ့တဲ့ တို့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ နောက်ဆုံးမွေးနေ့လေးကို မင်းမှတ်မိဦးမှာပါ။ တို့မြန်မာပြည်က ထွက်ခွာမသွားခင် တစ်ရက်အလိုမှာ ကျရောက်ခဲ့တဲ့ တို့ရဲ့ မွေးနေ့လေးလေ. . .။

သူ့ရဲ့စိတ်က အတိတ်ကို ပြန်ရောက်သွားပြန်တယ်။ ပြောရရင်တော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်က. . .။ အဲဒီတုန်းက သူကမော်ဒယ်လောကမှာ စတင်ခြေချကာစ။ ဂျူလိုင်ကလည်း မော်ဒယ်လောကထဲမှာ ကျင်လည်နေတဲ့သူ။ အဲတစ်ချိန်တုန်းက သူတို့နှစ်ယောက် သိပ်ကို ချစ်ခဲ့ကြတာပေါ့။ ဒါပေမယ့် ဂျူလိုင့်မိဘတွေက စလုံးကို အပြီးတိုင်ပြောင်းရွှေ့ဖို့ဖြစ်လာတဲ့ အခါမှာ သူတို့နှစ်ယောက်ခွဲဖို့ဖြစ်လာတယ်။ ဘဝတစ်ခုကို ထူထောင်ဖို့ဆိုတာကလည်း နှစ်ယောက်စလုံးက ငယ်ကြသေးသလို အဆင်သင့်လည်း မဖြစ်ကြသေးဘူး။ ဒီတော့ လမ်းခွဲဖို့ကိုပဲ နှစ်ဦးသဘောတူ ဆုံးဖြတ်လိုက်ကြတယ်။ သတ္တိမရှိခဲ့ကြတာလည်း ပါတာပေါ့။

ဒါပေမယ့် ဂျူလိုင်တို့မိသားစု စလုံးကို မပြောင်းရွှေ့ခင်တစ်ရက်အလိုမှာ ကျရောက်ခဲ့တဲ့ ဂျူလိုင်ရဲ့မွေးနေ့မှာတော့. . .။

သူက သူ့မိဘတွေပိုင်တဲ့ တိုက်ခန်းအလွတ်တစ်ခုမှာ ဂျူလိုင်ရဲ့မွေးနေ့ကို ကျင်းပပေးခဲ့တယ်။ တစ်ခန်းလုံးမှာ ပူပေါင်းတွေ၊ ဖဲကြိုးတွေနဲ့အလှဆင်တယ်။ ပြီးတော့ တစ်ခန်းလုံးကို အမှောင်ချကာ ဖယောင်းတိုင်ရောင်စုံလေးတွေကိုသာ ထွန်းညှိပြီး Birthday Cake အကြီးကြီးနဲ့ နှစ်ယောက်တည်း ကျင်းပခဲ့ကြတာ။ အဲဒီတုန်းက ဂျူလိုင်တောင်းဆိုလို့ သူက ဂစ်တာတီးပြီး Westlife အဖွဲ့ရဲ့ Too Hard To Say Goodbye သီချင်းကိုဆိုပေးခဲ့ရသေးတာ မှတ်မိတယ်။ ပြီးတော့ ရှုမိုက်တဲ့အရွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်တွေကို မထိန်းချုပ်နိုင်ခဲ့ကြတဲ့ သူတို့နှစ်ယောက်. . . ။

သူက အတွေးကို ဆက်မတွေးတော့ဘဲ စာကိုဆက်ဖတ်တယ်။

အဲဒီနေ့က. . . ။ ထားလိုက်ပါတော့။ အခုတို့ပြောချင်တာက အဲဒီနေ့ကိုမှတ်မိတယ်ဆိုရင် ဒီဘေဘီလေးဟာ ဟုမ်းရဲ့သွေးဖြစ်တယ်ဆိုတာကို အကြွင်းမဲ့ ယုံကြည်ပေးပါ။ အကယ်လို့. . မယုံကြည်ဘူးဆိုရင်လည်း ဟုမ်း ကြိုက်တဲ့နည်းနဲ့ စစ်ဆေးလို့ရပါတယ်၊ တို့မိဘတွေက ဒီဘေဘီလေးကို ဖျက်ချဖို့ပြောခဲ့ပါသေးတယ်ဟုမ်း. . . ။ ဒါပေမယ့် တစ်ခါမိုက်မဲဖူးတဲ့တို့ နောက်တစ်ခါ ထပ်ပြီး မမိုက်မဲချင်တဲ့အတွက် အပြစ်မရှိတဲ့ဘေဘီကို မိဘတွေနဲ့ အတိုက်အခံလုပ်ပြီး တို့ရအောင်မွေးခဲ့တယ်။ အဲဒီအတွက် ဟုမ်းအပြစ်တင်ရင်လည်း တို့ဂရုမစိုက်ပါဘူး။ အစကတော့ တို့စိတ်ကူးက အားလုံး *Stable* ဖြစ်သွားတဲ့အချိန်ရောက်ရင် ဟုမ်းကို ဆက်သွယ်မယ်ပေါ့။ ဒါပေမယ့် တို့ ကံမကောင်းဘူးဟုမ်း. . . ။ တို့မှာ *Brain Tumour* ရှိနေတာကို အချိန်လွန်မှ သိလိုက်ရတယ်. . . ။

ဟား. . . ဂျူလိုင်. . .

သူလက်ထဲမှာကိုင်ထားတဲ့ စာက လက်ထဲကနေ လွတ်ထွက်သွားတယ်။ ပြီးမှ မိမိများ အဖတ်လွဲသလားဆိုတဲ့ အတွေးနဲ့ ကမန်းကတန်း ပြန်ကောက်ဖတ်ရတယ်။ ဒါပေမယ့်. . . ။



www.burmeseclassic.com

www.burmeseclassic.com



သိပ်လန့်သွားလား ဟုမ်း . . .။ ဒို့လည်း စသိသိချင်းမှာ ကမ္ဘာပျက်မတတ်ပါဘဲ။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။ ဒါက ရှောင်လွှဲလို့မှ မရတော့တာ။ တို့စိတ်ပူတာက တစ်ခုတည်းပါ။ အဲဒါက ဘေဘီလေးပဲ ဟုမ်း။ တို့သူ့ကို လောကကြီးထဲမှာ မိမရှိဖမရှိနဲ့ မဖြတ်သန်းစေချင်ဘူး။ ဒါကြောင့် တို့သူ့ကို ဟုမ်းဆီပို့လိုက်ပါတယ်။ တို့ဟုမ်းဆီက နောက်ဆုံးအနေနဲ့ တစ်ခုပဲ တောင်းဆိုပါရစေ . . . အဲဒါ ဘေဘီလေးကို လောကအလယ်မှာ လူတော်လူကောင်းတစ်ယောက်အနေနဲ့ ပျော်ရွှင်စွာဖြတ်သန်းနိုင်အောင် ပြုစုစောင့်ရှောက်ပေးဖို့ပါပဲ။ တို့ နောက်ဆံမတင်းချင်ဘူးဟုမ်းရယ် . . .။ တို့မိဘတွေ လက်ထဲမှာထက် သွေးသားအရင်းဖြစ်တဲ့ ဟုမ်းလက်ထဲမှာပဲ ဘေဘီလေးကို ထားခဲ့ချင်တယ်ဟုမ်းရယ် . . .။

တို့ကို လိုက်မရှာပါနဲ့နော် . . .။ ဟုမ်းရှာရင်လည်း တွေ့မှာ မဟုတ်ပါဘူး။ သိပ်မကြာတော့တဲ့ အချိန်မှာ တို့ဒီလောကကြီးထဲကနေ အားလုံးကို နှုတ်ဆက်ထွက်သွားတော့မှာပါ။ တို့ ဘေဘီလေးအတွက် စိတ်အေးအေးနဲ့ ပြုံးပြုံးလေးပဲ ထွက်သွားချင်ပါတယ်ဟုမ်းရယ်။ ဘေဘီလေးနဲ့အတူပါလာတဲ့ အိတ်ထဲမှာ သူနဲ့ပတ်သက်ပြီး ဟုမ်းသိထားသင့်တဲ့ အချက်အလက်တွေကို အသေးစိတ်ရေးသားထားတဲ့ စာအုပ်တစ်အုပ်ထည့်ပေးထားတယ်။ ဟုမ်း . . . ဖတ်ကြည့်ပါနော် . . .။

ဘေဘီလေးရဲ့ နာမည်ကိုတော့ ဟုမ်းနာမည်နဲ့ တို့နာမည်နှစ်ခုကို ပေါင်းပြီး "မင်းမိုးအိမ်" လို့ပေးထားတယ်။ ဒီနာ



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

မည်လေးကိုတော့ မပြောင်းလိုက်ပါနဲ့နော်။ ဘေဘီလေး အတွက် တို့ချန်ထားခဲ့နိုင်တာဆိုလို့ ဒီနာမည်လေးတစ်ခုပဲ ရှိလို့ပါ။ တို့ကတော့ ဘေဘီလေးကို အဖျားဆွတ်ပြီး "အိမ်ကလေး" လို့ခေါ်တယ်။ "အိမ်ကလေး. . ."ဆိုရင် သူသိတတ်နေပြီဟုမ်းရဲ့. . . တို့ဟုမ်းကို တစ်ဘဝလုံးအတွက် နှုတ်ဆက်ခဲ့ပါတယ်နော်. . .

ဂျူလိုင်မိုးစက်

စာဆုံးသွားတော့ တစ်ကိုယ်လုံးနွမ်းလျမောဟိုက်ပြီး ကျန်ခဲ့တယ်။ သူက ကလေးလေးကို မဝံ့မရဲကြည့်လိုက်ပြီးမှ ကိုလပြည့်ကို ဦးတည်ကြည့်လိုက်ကာ. . .

"ဒီစာနဲ့ ကလေးကို ဘယ်လိုတွေ့တာလဲ ကိုလပြည့်. . ."

"မနက်စောစောစီးစီး ခြံရှေ့က ဘဲ(လ်)တီးတာနဲ့ ဘယ်သူပါလိမ့်ဆိုပြီး သွားကြည့်တာ၊ ခြံရှေ့လည်းရောက်ရော ကားတစ်စီးထွက်သွားတာကို တွေ့လိုက်တာပဲ၊ ပြီးတော့ ဒီကလေးနဲ့ အထုပ်တစ်ထုပ်ကို တွေ့တာပဲ၊ စာကကျတော့ သံတံခါးကြားမှာ ညှပ်ခဲ့တာ၊ ကျွန်တော်လည်း စာဖတ်ကြည့်ပြီး သူများမြင်မှာစိုးတာနဲ့ ကလေးနဲ့ အထုပ်ကို ကောက်ပြီး အထဲမြန်မြန်ပြန်ဝင်လာလိုက်တာ. . ."

"ကား. . . ကားပေါ်က လူကိုရော မြင်လိုက်သေးလား. . ."

"ကားက မှန်တွေတင်ထားတာ မင်းသားရဲ့၊ အထဲကို မမြင်ရဘူး၊ မောင်းထွက်သွားတာကလည်း မြန်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com

## အချစ် အချစ်ရှိရာအရပ်သို့ ... မျက်နှာမူ၍ စပ်သောကဗျာ

ကိုလပြည့်စကားအဆုံး ကလေးကို ကြည့်မိပြန်တယ်။ ကိုယ့်သားဆိုမှ ကလေးကို သေချာစေ့စေ့မကြည့်ရဲ။ ရင်ထဲမှာ ဘယ်လိုကြီးမှန်းကိုမသိ။ ဆိုးလိုက်တဲ့ ခံစားချက်ကြီး။ ကလေးလေးကတော့ သူ့ကို မြူး ကြောင်ကြောင်လေးနဲ့ ကြည့်လို့။ ဟား. . . ။

သူက စာကို လက်ထဲမှာ လုံးခြေကာ ကုတင်ပေါ်မှာ ပက်လက်လှန်လှဲချလိုက်တယ်။ အဖြစ်က ဘယ်လိုပြောရမှန်းတောင် မသိတော့။

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို





www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်တုတ်က သူမရဲ့ ရှေ့ကိုင်းတပ် ပါဝါမျက်မှန်ကြီးကို ခင့်တင်လိုက်ရင်းကနေ ရုံးခန်းထဲကို ဝင်လာတဲ့ ဂျူနီယာကျော်ကြီးကို တစ်ချက်ကြည့်လိုက်တယ်။ ဒါပေမယ့် ဘာမှတော့ မပြောသေးဘူး။

သူ့ရှေ့က ခုံမှာ ဂျူနီယာကျော်ကြီးဝင်ထိုင်လိုက်တော့မှ. . .

"ကဲ. . . ဆိုစမ်းပါဦး၊ ဒေါ်ဂျူနီယာကျော်ကြီး အလုပ်ချိန်နောက်ကျရတဲ့ အကြောင်းရင်းကို. . ."

လို့မေးလိုက်တယ်။ ဒီတော့ ဂျူနီယာကျော်ကြီးက သူမရဲ့ကင်မရာကို ဒေါ်ခင်ခင်တုတ်ရဲ့စားပွဲပေါ် မောလာဟန်နဲ့ ဘုတ်ခနဲပစ်တင်လိုက်ကာ. . .

"ဟား. . . မမရယ်. . . ဒီနေ့ ဂျူနီအရမ်းကို မိုက်တဲ့သတင်း တစ်ပုဒ်ရလာတယ်သိလား၊ ဒီသတင်းကိုယူနေလို့ ဂျူနီအလုပ်နောက်ကျနေတာ မမရဲ့. . . ဟူး. . . ဓာတ်ပုံမှတ်တမ်းတွေ အမိအရရိုက်ယူလိုက်ရတာ လူကိုမောသွားတာပဲ. . ."

အရမ်းမိုက်တဲ့ သတင်းဆိုတော့ ဒေါ်ခင်ခင်တုတ်ရဲ့ မျက်လုံးတွေက အရောင်တွေ တောက်လာတယ်။ ဒီတော့ ဒေါ်ခင်ခင်တုတ်က ခန္ဓာကိုယ်ကို ဂျူနီယာကျော်ကြီးရှိတဲ့ ရှေ့ဘက်ကိုင်းလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ! ဟုတ်လား. . . ဘာသတင်းလဲ. . . ပြောပြော. . .

ဆိုတော့ ဂျူနီယာကျော်ကြီးက အထက်စီးကရောက်သွားတ
နဲ့ စကားကို တန်းမပြောသေးဘဲ ဒေါ်ခင်ခင်တုတ်ရဲ့ရှေ့က တစ်
ဘောက်ထဲက တစ်ရှူးတစ်ထပ်ကို ဆွဲထုတ်လိုက်ကာ သူ့မနဖူးမှာ ဝေ
နေတဲ့ ချွေးတွေကို သုတ်လိုက်တယ်။ ပြီးတော့မှ. . .

"လှည်းတန်းမီးပွိုင့်နားမှာလေ. . . လင်ခရူဆာတစ်စီးနဲ့ ဂျ
ကားတစ်စီး ခေါင်းချင်းဆိုင်ပြီး တိုက်မိတာ၊ ကားနှစ်စီးစလုံး စုတ်ပြ
သတ်သွားတာပဲ၊ နှစ်ဖက်ကားပေါ်မှာပါလာတဲ့ လူတွေလည်း အကုန်
ချင်းပြီးပဲ မမရယ်. . . အားလမ်းမပေါ်မှာ သွေးတွေမှ ရဲလို့၊ မျက်လုံး
ကကို မထွက်ဘူး. . . ဒါနဲ့ ဂျူနီလည်း ဘယ်အလွတ်ပေးမလဲ၊ ဘယ်
တင်းစာ. . . ဘယ်ဂျာနယ်ကမှ သတင်းလာမယူသေးခင် အရင်ဦး
လက်ဦးမှုယူပြီးတော့ သတင်းဓာတ်ပုံတွေရိုက်ယူလိုက်တယ်. . . ဒီ. . .
ဒီကင်မရာထဲမှာ ဓာတ်ပုံတွေ အများကြီးပဲ. . . ဒီပုံတွေကိုများ ဒီအပ
ထုတ်ဂျာနယ်မှာ ထည့်လိုက်လို့ကတော့"

"တော်စမ်း. . . "

ဂျူနီယာကျော်ကြီး စကားတောင်မဆုံးလိုက်။ ဒေါ်ခင်ခင်တု
က စားပွဲခုံကို လက်သီးဆုပ်နဲ့ ဘုန်းခနဲထုပြီး ဖြတ်အော်လိုက်တာကြော
ဂျူနီယာကျော်ကြီးခင်ဗျာ လန့်ဖျတ်ပြီးတော့ တုန်တောင်သွားတယ်

ဒေါ်ခင်ခင်တုတ်က ဂျူနီယာကျော်ကြီးကို စိတ်ပျက်တဲ့အကြ
မျိုးနဲ့ ကြည့်လိုက်ရင်း. . .

"အဲဒါ သတင်းလား. . . ဟမ်. . . နင်ပြောတဲ့ အရမ်းကိုက်
သတင်းဆိုတာ အဲဒါလား. . . ဟုတ်လား၊ ကားချင်းတိုက်ပြီး ပါလာ



www.burmeseclassic.com

www.burmeseclassic.com



...တွေ ဒအကုန်လုံး ပွဲချင်းပြီး သေသွားကြတာက သတင်းလားဟဲ့. ဒေါ်...နီယာကျော်ကြီးရဲ့၊ သတင်းထောက်လုပ်နေပြီးတော့ သတင်းလိုက်တာ ...ဒီလောက်တော့ ညံ့ရသလား၊ ငါပြောလိုက်ရင် မကောင်းရှိရော့မယ်၊ ...သွား. . . အခု. . . ကန်တော်ကြီးထဲကို၊ အဲဒီမှာ ရုပ်ရှင်မင်းသမီး "လွှန့်...လွှန့်လူး" ရုပ်ရှင်ရိုက်ရင်းနဲ့ လက်သည်းတစ်ချောင်းကျိုးသွားလို့တဲ့၊ အဲ...ဒါသွားပြီး လက်သည်းတစ်ချောင်းကျိုးသွားလို့ ဝမ်းနည်းပက်လက်ဖြစ်နေ...တဲ့ သူ့ရဲ့ ခံစားချက်ကို မေးချည်. . . သတင်းဆိုတာ ဒါမျိုးကိုမှ သတင်း...လို့ခေါ်တယ်. . . မှတ်ထား. . . ဒီသတင်းကိုများ အခုအပတ်ထုတ်ဂျာ...နယ်မျက်နှာဖုံးမှာ 'ရုပ်ရှင်မင်းသမီး လွှန့်လွှန့်လူး လက်သည်းတစ်ချောင်း ...ကျိုးခြင်း' ဆိုတဲ့ခေါင်းစဉ်နဲ့ ထည့်လိုက်လို့ကတော့. . . ဟား. . . ပေါက်...ပြီ. . . ပေါက်ပြီ. . . ဝက်ဝက်ကွဲကို ပေါက်ပြီပဲ. . . သွား. . . အဲဒီကို အ...မြန်သွား. . . တော်ကြာ. . . 'အတင်းအဖျင်း' ဂျာနယ်က လက်ဦးသွားဦး...မယ်. . . သွားတော့ အခု"

ဒေါ်ခင်ခင်တုတ်က ဒေါသတကြီးအော်တယ်။ ဒါကြောင့် ဂျူနီ...ယာကျော်ကြီးက ဘာမှ ဆက်ပြောမနေတော့ဘဲ. . .

"ဟုတ်. . . ဟုတ်ကဲ့"

လို့ဆိုကာ ကင်မရာကိုဆွဲပြီး ရုံးခန်းထဲက ပြန်ထွက်လာခဲ့လိုက်...တယ်။ နို့မို့ဆို ဒေါ်ခင်ခင်တုတ်ကြီးက လွယ်တာမဟုတ်။ ထစ်ခနဲဆို ...အလုပ်ထုတ်ပစ်လိုက်ရမလားဆိုတာက အရင်ဆုံးလာတာလေ။

အယ်ဒီတာချုပ်ကြီးပီပီ ပွစိပွစိကလည်း အဲဗားရွတ်နေတတ်သေးတာ။ ...ဒီတော့ ဒေါ်ခင်ခင်တုတ်ကြီးနဲ့ ကြာကြာမျက်နှာချင်းမဆိုင်တာက ...အကောင်းဆုံးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ရာအခင်ကို

ဂျူနီယာကျော်ကြီးက ခြောက်ထပ်မြောက်မှာရှိတဲ့ ဂျာနယ်ရုံးခန်းကနေ အောက်ဆုံးထပ်ကိုရောက်ဖို့ လှေကားထစ်တွေကို တဒုန်းဒုန်း ခြေဆင်းပစ်လိုက်တယ်။ သူမရဲ့ဦးတည်ရာက ရုပ်ရှင်မင်းသမီး လွှန့်လွှန့်လူရဲ့ ရှူတင်ရှိရာ ကန်တော်ကြီးထဲကို. . .။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်မင်းသမီး လွှန်းလွှန်းလူးက နှုပ်ခမ်းကို နှိုးခနဲမြည်အောင် ညစ်လိုက်ရင်းက သူမရဲ့ခံစားချက်တွေကို ဂျူနီယာကျော်ကြီးသိအောင် ပြောပြနေတယ်။

"ဒီလက်သည်းလေးကိုလေ. . . လူးက နှစ်ရှည်လများ တသသ လုပ်ပြီးတော့ ထားခဲ့ရတာအစ်မရယ်၊ အခုတော့ လူးရဲ့လက်သည်းလေး ကျိုးသွားပြီ၊ လူး. . အရမ်းဝမ်းနည်းတာပဲ၊ ဒါပေမယ့် အစ်မရယ်. . . လူး တို့ မင်းသမီးတွေဆိုတာက သဏ္ဌာန်လုပ်ရင် ပိုက်ဆံရ. . . အဲလေ. . . မှားသွားလို့. . . သဏ္ဌာန်လုပ်ရင် သရုပ်တူရတယ်လေ. . . ဒီတော့ကျ ရာဇာတ်ရုပ်ကို လုပ်ရတာပါပဲ အစ်မရယ်. . . အခုဆိုရင် လူးအရမ်းတန် ဖိုးထားရတဲ့ လက်သည်းအရှည်လေးတစ်ချောင်းကျိုးသွားတာကိုပဲကြည့် ပါတော့. . ."

ဂျူနီယာကျော်ကြီးက တစ်လူးတည်းလူးနေတဲ့ မင်းသမီးကို ကြည့်ရင်း စိတ်ထဲကနေ ယားကျိယားကျိဖြစ်နေရတယ်။ သူတို့ခေတ်ဆို တော့လည်း လက်သည်းတစ်ချောင်းကျိုးတာကအစ သတင်းကိုဖြစ်လို့။

"ဟုတ်. . . ဟုတ်ပါပြီညီမရယ်. . . ဒါနဲ့ ညီမ အခုရိုက်နေတဲ့ ဇာတ်ကားနာမည်လေးကိုလည်း ပြောပြပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . . ဟုတ်. . . လူးအခုရိုက်နေတဲ့ ဇာတ်ကားရဲ့နာမည်က 'ရင်ဘတ်ကို ဆောင့်ကန်လိုက်တော့ အချစ်တွေထွက်ကျလာတယ်' ဆိုတဲ့ ဇာတ်ကားလေးပါ. . ."

"ဟယ်. . . ဇာတ်ကားနာမည်လေးက ဆန်းတယ်နော်. . ."

"ဟုတ်. . . စာရေးဆရာ ရာဇဝင်ကိုရဲ့ဝတ္ထုကို ပြန်ရိုက်တာလေ၊ သူက ဒီလိုဇာတ်လမ်းနာမည်ဆန်းဆန်းလေးတွေ ပေးတတ်တယ်၊ လူးအရမ်းကြိုက်တဲ့ စာရေးဆရာပေါ့(လုပ်လိုက်ဟ. . .)၊ ဒါပေမယ့် လူးကိုတော့ မမီပါဘူး၊ လူးသာ စာရေးဆရာမလုပ်စားရင် အဲဒီစာရေးဆရာ ရာဇဝင်ကို ထမင်းငတ်သွားမှာ. . . အဟင်း. . . ဟင်း. . ."

ပြောပြီး လွန့်လွန့်လူးက သဘောတကျရယ်တယ်။ ဂျူနီယာကျော်ကြီးက အခုရယ်လိုက် အခုငိုလိုက်လုပ်နေတဲ့ မင်းသမီးရဲ့ ရှည်လျားလှတဲ့ အရယ်ကြောကို ဆုံးအောင်စောင့်လိုက်ပြီးမှ. . .

"ဟုတ်ပါပြီ လူးရယ်. . . ဒါနဲ့ လူးက ဒီအိုင်မှာလူးပြီးရင် ဘယ်အိုင်မှာသွားလူးမှာလဲဟင်. . ."

"ရှင် ! "

ဂျူနီယာကျော်ကြီးရဲ့ အမေးစကားကြောင့် လွန့်လွန့်လူးမျက်လုံးတွေ ပြူးကျယ်သွားကာ လန့်ဖျတ်သွားတယ်။

"သြော်. . . ယောင်လို့. . . ဆောရီး ဆောရီး. . . အစ်မမေးတာက ဒီကားရိုက်ပြီးရင် လူး ဘာဇာတ်ကားဆက်ရိုက်ဖို့ရှိသေးလဲလို့ မေးတာပါ. . . အဟင်း. . ."

ဒီတော့မှ လွန့်လွန့်လူးက သက်ပြင်းချလိုက်ရင်း. . .

"အဲလိုလုပ်ပါအစ်မရယ်. . . လူးဖြင့် လန့်သွားတာပဲ၊ လူးက



www.burmeseclassic.com

www.burmeseclassic.com



ဒီကားပြီးရင် ကိုဒိတ်ဒိတ်ကျဲနဲ့ ဒီဗီဒီကားကြီးတစ်ကားရိုက်ဖို့ရှိတယ်၊ ဇာတ်ကားနာမည်ကတော့ အတည်တကျမဖြစ်သေးလို့ ပြောလို့မရသေးဘူး ရှင့် . . ."

ဒိတ်ဒိတ်ကျဲဆိုတဲ့ နာမည်ကိုလည်းကြားရော ဂျူနီယာကျော်ကြီးရဲ့ ပျင်းတင်းတင်းဖြစ်နေတဲ့ စိတ်တွေက ဆတ်ခနဲခေါင်းထောင်သွားတယ်။

"အဲဒီကားမှာ လူးလုပ်ရမယ့် ကာရိုက်တာလေးကို ပြောပြပေးပါလား . . ."

"ဟုတ် . . . အဲဒီကားလေးက သရဲကားရှင့် . . . လူးက အဲဒီကားမှာ သရဲမနေရာက သရုပ်ဆောင်ရမှာ၊ အခုခေတ်က သရဲကားတွေ ခေတ်စားနေတဲ့ အချိန်ဆိုတော့လေ"

"ကျေးဇူးတင်ပါတယ်နော် ညီမ၊ အခုလို စိတ်ရှည်လက်ရှည်သိလိုသမျှကို ဖြေကြားပေးလို့၊ ပရိသတ်ကြီးအတွက် နှုတ်ခွန်းဆက်စကားလေးလည်း ပြောပေးပါဦး . . ."

"ဟုတ် . . . ပရိသတ်ကြီး လူးကိုအားပေးပါဦး၊ လူး . . ပရိသတ်ကြီးအတွက် အစွမ်းကုန်ကြိုးစားနေပါတယ်၊ ပရိသတ်ကြီး လူးကို တဝကြီးအားပေးလို့ရအောင်လည်း လူး . . . ဇာတ်ကားတွေ တစ်လကို လေးကားနှုန်းလောက်ရိုက်နေပါတယ် . . . အဲဒီလိုလေးကားနှုန်းနဲ့ ရိုက်နေတဲ့ကြားတနေလည်း ပရိုဂျူဆာတွေ၊ ဒါရိုက်တာတွေ လစ်ရင်လစ်သလို ရှူတင်ကနေ ခိုးခိုးထွက်ပြီး ကြော်ငြာတွေ၊ ဗီစီဒီတွေလည်း ရိုက်ထားပါတယ်လို့၊ Facebook ပေါ်မှာလည်း လူးရဲ့ဓာတ်ပုံ အလန်းစား . . . အဲလေ . . . အလန်းစားတွေကို အဆက်မပြတ်နေ့တိုင်းတင်ပေးနေပါတယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါတယ်. . .”

လွန်.လွန်.လူးစကားအဆုံးမှာပဲ ဂျူနီယာကျော်ကြီးက လက်ထဲမှာ ကိုင်ထားတဲ့ Recorder ကိုပိတ်လိုက်တယ်။ ဒီအချိန်မှာပဲ လွန်.လွန်.လူးရဲ့ မိတ်ကပ်ပြင်တဲ့ မာမီရောက်လာပြီး. . .

“လူးရေ. . . နောက်တစ်ခန်းရိုက်တော့မယ်တဲ့၊ အဝတ်အစားလဲရအောင်. . .”

ဆိုပြီးခေါ်တယ်။ ဒါနဲ့ လွန်.လွန်.လူးက ထိုင်ရာက မတ်တပ်ထရပ်လိုက်ရင်း. . .

“သွားလိုက်ဦးမယ်နော် အစ်မ. . . နောက်လည်း လာဇျူးပေးပါဦး၊ အခု လူး. ... လက်သည်းတစ်ချောင်းကျိုးတဲ့အထိ ကြိုးစားထားတဲ့ အကြောင်းကိုလည်း ဂျာနယ်မျက်နှာဖုံးမှာ စာလုံးဖောင့်ခပ်ကြီးကြီးနဲ့ ထည့်ပေးနော်အစ်မ. . . နော်. . .”

လို့ တဖွဖွ မှာသွားရှာတယ်။ ဂျူနီယာကျော်ကြီးကလည်း “ဟား. . . စိတ်ချ၊ ဒီအပတ်ထုတ်ဂျာနယ် မျက်နှာဖုံးမှာ ဘယ်နေရာကနေကြည့်လိုက်ကြည့်လိုက် ဒီသတင်းကို ထင်းခနဲမြင်သာလောက်တဲ့ စာလုံးဆိုက်နဲ့ကို ရေးပြီးထည့်ပေးမှာ. . . စိတ်ချ. . .” လို့ ပြောလွှတ်လိုက်တယ်။ မသိရင်မှတ်ထား. . . အနုပညာလောကမှာ ကျင်လည်ချင်ရင် ဒီလိုလည်း တတ်ရတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ရှူတင်လည်း မသွားဖြစ်။ တစ်ယောက်တည်းအခန်းထဲမှာ အောင်းကာ ထမင်းစားချိန်လောက်သာ အပြင်ထွက်ဖြစ်ပြီး ကျန်အချိန်တွေအကုန်လုံး အခန်းထဲမှာသာ အတွေးတွေနဲ့ လုံးလည်ချာလည်လိုက်နေခဲ့တယ်။

ကိုလပြည့်တစ်ယောက်လည်း မနက်ကရောက်လာတဲ့ ကလေးနဲ့ အလုပ်တွေကိုရှုပ်လို့။ ဘာတွေ ဘယ်လိုနှစ်ပါးသွားနေသလဲတော့မသိ။ သူကတော့ ကလေးကို ကြည့်ရမှာ စိတ်ထဲမှာ ခိုးလို့ခုလုကြီးနဲ့။ အဲဒီ ခံစားချက်ကြီးကို တစ်ဖက်လူနားလည်အောင် ဘယ်လိုပြောရမှန်းကိုမသိ။ အဲဒါကြောင့် ကလေးကို တတ်နိုင်သမျှ မမြင်ရအောင် အခန်းထဲမှာ အောင်းနေခဲ့တာဆိုလည်း ဟုတ်တယ်။

ပြီးတော့ သူခံစားနေရတာက ဂျူလိုင့်အတွက်. . .။ ဂျူလိုင့်အပေါ်မှာ သူ့. . . တရားမှ တရားခဲ့ရဲ့လားဆိုတာကို သူစဉ်းစားနေတာ။ ပြီးတော့ ဝမ်းနည်းတာလိုလို၊ အလိုမကျတာလိုလိုနဲ့ ဘာမှန်းမသိတဲ့ ခံစားချက်တွေပေါင်းစုံက ရင်ထဲမှာ ဝဲလှည့်ကာ ကလီစာတိုင်းကို ပတ်တိုးနေသလိုခံစားရစေတယ်။

အသက်ရှူလည်း မဝချင်။

www.burmeseclassic.com

www.burmeseclassic.com



တွေးလေလေ. . . စိတ်ထဲမှာမွန်းကျပ်လာလေလေနဲ့ ကြာလာ
တော့ သူတောင့်ခံမထားနိုင်တော့ဘူး။ ဒါနဲ့ ခုတင်ပေါ်မှာ ပက်လက်လှ
ထားလျက်ကြီးကနေ ရင်ပွင့်လိုပွင့်ခြား "အား. . . . "လို့ အကျယ်ကြီး
အာခေါင်ခြစ်ကာ အော်ပစ်လိုက်တယ်။

အဲဒီလိုအော်ပစ်လိုက်ပြီး သိပ်မကြာခင်မှာပဲ သူ့အခန်းတံခါး
က ဝုန်းခနဲ ပွင့်ထွက်သွားကာ အခန်းထဲကို သူ့မန်နေဂျာ ကိုလပြည့်ရယ်
သူ့ဒရိုင်ဘာ ကိုတွမ်တီးရယ်တို့က အလန့်တကြားပုံစံတွေနဲ့ ရောက်ချ
လာတယ်။

ရုတ်တရက်ဆိုတော့ သူတောင်လန့်သွားရတဲ့အထိပဲ။

"ဘာ. . . ဘာဖြစ်တာလဲ. . . "

"မင်းသားဘာဖြစ်တာလဲ. . . "

ဒိတ်ဒိတ်ကျဲက ကိုလပြည့်နဲ့ ကိုတွမ်တီးတို့နှစ်ယောက်ကို ငေး
ကြည့်လိုက်ရင်းက. . .

"ဘာ. . . ဘာဖြစ်လို့လဲ"

"ဟို. . . မင်းသားများ တစ်ခုခုဖြစ်နေတာလားလို့"

"တစ်ခုခု ! ကျုပ်က ဘာတစ်ခုခုဖြစ်ရမှာလဲ"

"မသိဘူးလေ. . . မင်းသားအခန်းထဲက အား. . . ဆိုတဲ့အော်
သံကြီးထွက်လာတော့ မင်းသားများ ကိုယ့်ကိုကိုယ်သေကြောင်းကြံပြီး
မသေမရှင်ဖြစ်နေတာလားလို့ပေါ့. . . "

ကိုလပြည့် စကားကြောင့် ဒိတ်ဒိတ်ကျဲ တစ်ကိုယ်လုံး ကြက်သီး
မွေးညင်းတွေ ထသွားတယ်။

"ဟား. . . ဖွတ်. . . ဖတ်. . . ဖွဟဲ့၊ ကျုပ်က အာကိစ္စကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုယ် သေကြောင်းကြံရမှာလဲဗျာ၊ ကြံကြံဖန်ဖန် ပြောတော့မယ်"

"မသိဘူးလေ. . . မင်းသားက ဒီကလေးကိစ္စရယ်၊ ကလေး အမေကိစ္စရယ်နဲ့ စိတ်တွေတအားညစ်ပြီး တစ်နေကုန် ရှူတင်တွေ ဆောင်ဖျက်ပြီး အခန်းအောင်းနေတာဆိုတော့ ကိုယ့်ကိုကိုယ် မလုပ် သင့်တာတွေဘာတွေများ လုပ်ချလိုက်တာလားလို့ပေါ့. . ."

ကိုတွမ်တီးစကားကြောင့် ဒိတ်ဒိတ်ကျဲက ကိုလပြည့်ပွေ့ချီထား တဲ့ ကလေးကို တစ်ချက်ကြည့်လိုက်ရင်း. . .

"ကြံကြံဖန်ဖန်ဗျာ. . . ကျုပ်က ဘာလို့ အဲလိုလုပ်ရမှာလဲ. . . အရူးမှ မဟုတ်တာ"

လို့ဆိုဖြစ်တယ်။ ဒီတော့မှ ကိုလပြည့်က ရှက်ကိုးရှက်ကန်းဖြစ် သွားဟန်နဲ့ တစ်ဖက်လှည့်ကာ ပြုံးလိုက်ပြီးမှ ဒိတ်ဒိတ်ကျဲဘက်ကို ပြန် ကြည့်လာကာ. . .

"ဒါဆို. . . မင်းသား. . . ဒီကလေးကိစ္စက ဘယ်လိုလုပ်မှာလဲ၊ အပြင်ကို ပေါက်ကြားသွားလို့ကတော့ မြွေပဲနေ၁်မင်းသား. . ."

ဆိုတော့ ကိုတွမ်တီးကလည်း ဒိတ်ဒိတ်ကျဲကို တစ်လှည့်၊ ကိုလ ပြည့်လက်ထဲက ကလေးကိုတစ်လှည့်ကြည့်လိုက်ရင်း. . .

"ကလေးအမေရဲ့ရုပ်က ဘယ်လိုရှိမယ်မှန်းမသိပေမယ့် ကလေး ကတော့ မင်းသားကိုတူတာနော်၊ တထေရာတည်းပဲ၊ မင်းသားတို့. . ."

ကိုတွမ်တီးစကား မဆုံးလိုက်။ ဒိတ်ဒိတ်ကျဲက ဘုကြည့်ကြည့် တာနဲ့ ပါးစပ်အမြန်ပိတ်သွားတယ်။ ဒီတော့မှ ဒိတ်ဒိတ်ကျဲက ကိုလပြည့် လက်ထဲက ကလေးကို ဘယ်နှကြိမ်မြောက်မှန်းမသိ ထပ်ကြည့်လိုက်ပြန် တာ. . .



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဘာကျွေးထားလဲ"

"ထမင်းပဲ ကျွေးထားတာပေါ့၊ ငါးကြော်လေးနဲ့ ထမင်းဆီဆမ်းလေးနဲ့ ကျွေးထားတယ်. . ."

"ဗျာ ! ငါးကြော်နဲ့ !. . . အောင်မလေးဗျာ. . . အရိုးတွေဘာတွေစူးကုန်မှဖြင့်"

"ဟား. . . ဟား. . . မင်းသားက ကိုယ့်သားကိုယ်တော့ စိုးရိမ်တတ်သားပဲ"

ကိုတွမ်တီးရဲ့ ရယ်ကျဲကျဲစကားကြောင့် ဒိတ်ဒိတ်ကျဲက ဘုကြည့်ကြည့်ပြန်တော့ ကိုတွမ်တီး ပါးစပ်ပိတ်သွားပြန်တယ်။ ကိုတွမ်တီးက အရှိုက်ကိုထိမယ့်စကားတွေချည်းပဲ ရွေးပြောနေမိတာလေ။ ကိုလပြည့်ကတော့ ကလေးကို လက်ပြောင်းပွေ့ချီလိုက်ရင်း. . .

"မပူပါနဲ့ မင်းသားရယ်. . . ကျွန်တော်က သေချာအရိုးနွှာပြီးမှ ခွံ့တာပါ၊ အိမ်ကလေးကလည်း တော်တော်စားနိုင်တယ်၊ ဒါနဲ့ အိမ်ကလေးကို ဘယ်မှာသိပ်မလဲ. . ."

"အမ်! သိပ်ဖို့. . ."

"ဟုတ်တယ်လေ. . . မင်းသားနဲ့ပဲ သိပ်မှာလား. . ."

"အာ. . . ကျွန်တော့်အိပ်ရာပေါ်ကို သေးတွေပေါက် ချေးတွေပါပစ်ရင် ဘယ်လိုလုပ်မလဲ"

"ဒါဆို. . ."

"ကိုလပြည့်နဲ့ သိပ်လိုက်လေ. . ."

"ဗျာ ! ကျွန်တော်နဲ့. . ."

"ဟုတ်တယ်. . . ကိုလပြည့်နဲ့ သိပ်လိုက်. . . မနက်မှပဲ သူ့အ



www.burmeseclassic.com

www.burmeseclassic.com



...တ် စဉ်းစားကြတာပေါ့။"

ကိုလပြည့်ရဲ့မျက်နှာက ရှုံ့မဲ့သွားတယ်။ ကိုတွမ်တီးကတော့ ...စ်ဖက်လှည့်ကာ ခွီးခနဲရယ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို



www.burmeseclassic.com

www.burmeseclassic.com



# IV

မနေ့တစ်နေ့ကတင် ဒိတ်ဒိတ်ကဲ့ဟာ လွတ်လပ်တဲ့လူပျိုတစ်ယောက်ဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုကို ပိုင်ဆိုင်နေသေးတာပါ။ အခုတော့ နေ့ချင်းညချင်းကိုပဲ ကလေးတစ်ယောက်အဖေဖြစ်သွားခဲ့ရပြီ။ ဘယ်လောက်များ အံ့ဩတရားကျဖို့ကောင်းလိုက်ပါသလဲ။(ဒီမှာစာဖတ်သူမိတ်ဆွေ. . ခင်ဗျားဟာ အမျိုးသားတစ်ယောက်ဆိုပါစို့။ မနေ့ကအထိ ခင်ဗျားဟာ လူပျိုတစ်ယောက်ပါလို့ ကိုယ့်ကိုကိုယ်သတ်မှတ်ထားမိတုန်းမှာ ဒီနေ့လည်းရောက်ရော ခင်ဗျားမှာ ကလေးတစ်ယောက်ရှိနေတယ်ဆိုတာကို ရုတ်တရက်သိလိုက်ရမယ်ဆိုရင် ဘယ်လိုများခံစားလိုက်ရမလဲ။ တော်တော်လေးတော့ ကသိကအောက်ဖြစ်သွားမှာ အမှန်ပဲမဟုတ်လား. . . အဲဒီလိုပဲ ကျွန်တော့်ရဲ့ဇာတ်ကောင် ဒိတ်ဒိတ်ကဲ့ဟာလည်း သူ့ကိုယ်သူ ဖခင်အဖေဖြစ်သွားပြီဆိုတာကို ရုတ်တရက်ကြီးဆိုတော့ လက်မခံနိုင်ဖြစ်နေတာ။ အိပ်မက်လိုလို. . . လာနောက်နေတာလိုလို။ ဒါပေမယ့် မယုံချင်လို့လည်း မရ။ ဖြစ်တာကလည်း တကယ်ကိုပဲ ဖြစ်လာခဲ့ပြီလေ)

ဒိတ်ဒိတ်ကဲ့က ကော်ဖီခွက်ကို ကိုင်ထားရင်းကနေ သူနဲ့မျက်

www.burmeseclassic.com



နှာချင်းဆိုင်က အိမ်ကလေးကိုကြည့်နေမိတယ်။ ဒါဟာ. . . ဒါဟာ. . . သူ့သားတဲ့။

ဒိတ်ဒိတ်ကျဲက ကြည့်နေတော့ အိမ်ကလေးကလည်း ဒိတ်ဒိတ်ကျဲကို ပြန်ကြည့်နေတယ်။ ပြီးတော့ အိမ်ကလေးရဲ့ အကြည့်က ကိုလပြည့်ဆီရောက်သွားပြီး. . .

"မေမေ့ တွားမယ်. . . မေမေ့ရှိတွားမယ်. . ."

လို့ဆိုတယ်။ အိမ်ကလေးရဲ့ အသံကိုအခုမှ ဒိတ်ဒိတ်ကျဲစကြားဖူးတာပါ။ နားထဲမှာ တစ်မျိုးကြီးပဲ။

"အဲဒါသာ ကြည့်တော့မင်းသားရေ. . . ညကလည်း တစ်ညလုံး မေမေ့ဆီသွားမယ်ချည်းပဲလုပ်နေတာ၊ ရသမျှသီချင်းတွေအကုန်ဆိုပြပြီး မနည်းချော့ထားရတယ်. . ."

"မေမေ့ရှိ တွားမယ်. . . မေမေ့. . ."

"အေးအေး. . . လိုက်ပို့မယ်နော်. . . ဦးဦးလိုက်ပို့မယ်. . . ဟုတ်လား. . ."

ကိုလပြည့်က ချော့မော့ပြောလိုက်တော့ အိမ်ကလေးက ငြိမ်သွားပြန်တယ်။

"မင်းသား. . . ဘယ်လိုလုပ်မှာလဲ ပြောဦး. . . ပြဿနာက စနေပြီ. . ."

ဒိတ်ဒိတ်ကျဲက လက်ထဲမှာကိုင်ထားပြီး အခုထိမသောက်ရသေးတဲ့ ကော်ဖီခွက်ကို စားပွဲပေါ်ပြန်ချလိုက်တယ်။

"ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ၊ မွေးရမှာပေါ့ကွာ၊ ကိုယ့်သွေးပဲဟာ၊ အဲ. . . ကိုယ့်သွေးဆိုမှ ကျွန်တော်. . . ဒီကလေးကို DNA



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြည့်ချင်တယ်. . .”

“ဘာလဲ မင်းသားက ကိုယ့်သားဆိုတာကို မယုံဘူးလား၊ ရုပ်ချင်းက ဒီလောက်ဆင်နေတာ မင်းသားရယ်. . . လိုသေးလို့လား”

“ယုံတာ မယုံတာကို မပြောပါနဲ့၊ စစ်လိုက်တော့ သေချာသိရတာပေါ့၊ အဲဒါ ကိုလပြည့် ကြည့်စီစဉ်ပေးပါဦး. . .”

ကိုလပြည့်က မအီမလည်နဲ့ ခေါင်းညိတ်တယ်။

“ပြီးတော့ သူ့ကိုထိန်းဖို့ ကလေးထိန်းတစ်ယောက်လောက်လည်း လိုချင်သေးတယ်၊ အသက်ခပ်ကြီးကြီးထဲက နှုတ်မဖွာ. . . အဲ. . . နှုတ်လုံမယ့်လူမျိုးပေါ့၊ ဖြစ်နိုင်ရင် ကိုလပြည့်အမေကို အကူအညီတောင်းကြည့်ပေးပါလား၊ သူစိမ်းဆိုတာက ယုံရတာမဟုတ်ဘူး၊ ကိုလပြည့်အမေဆိုတော့ အကျိုးအကြောင်းပြောပြထားရင် ပြီးရောလေ. . . ကျွန်တော်လစာပေးမှာပါ”

“အမေကတော့ အဆင်မပြေလောက်ဘူး၊ သူ့မှာက ဈေးဆိုင်တစ်ဖက်နဲ့ဆိုတော့လေ၊ မင်းသားနဲ့ ကျွန်တော်ကလည်း တစ်နေကုန်တစ်နေခန်း အပြင်မှာချည်းပဲ၊ တစ်ခါတလေဆိုညလုံးပေါက်တောင် အပြင်မှာဆိုတော့ ကလေးထိန်းမယ့်သူက ဒီအိမ်မှာကိုလာနေပေးမှ ဖြစ်မှာ. . .”

“အင်း အဲဒါတော့ ဟုတ်တယ်. . . ဘယ်လိုလုပ်ရပါ့မလဲ”

ကိုလပြည့်က ခဏစဉ်းစားဟန်ပြုတယ်။ ပြီးမှ. . .

“ရပါတယ်. . . ကျွန်တော်ကြည့်စီစဉ်လိုက်ပါ့မယ်၊ လောလောဆယ် အရေးကြီးတာက မင်းသားပဲ. . . ရှူတင်နောက်ကျတော့မယ်၊ မနေ့ကလည်း ရှူတင်ဖျက်ထားတာဆိုတော့ ဒီနေ့စောစောစီးစီးရောက်



www.burmeseclassic.com

www.burmeseclassic.com



ပြဖို့လိုတယ်၊ အဲ. . . ဒါပေမယ့် ဒီကလေးကို ဘယ်မှာထားခဲ့ရပါ့မလဲ အိမ်မှာက အဖိုးသောင်းတန် တစ်ယောက်ပဲကျန်ခဲ့မှာ"

ကိုလပြည့်စကားကြောင့် ဒိတ်ဒိတ်ကျဲက လက်ကနာရီကိုတစ် ချက်ကြည့်ကာ. . .

"ဒီလိုလုပ်လေ. . . ကိုလပြည့်လိုက်မနေနဲ့တော့၊ ကျွန်တော်နဲ့ ကိုတွမ်တီးပဲ သွားလိုက်မယ်. . ."

ပြောလည်းပြော ကော်ဖီခွက်ကိုလည်း တစ်ရှိန်ထိုးမော့သောက် ချလိုက်ကာ ထိုင်ရာက ထရပ်လိုက်ရင်း. . .

"ကိုတွမ်တီးကို ဏားအဆင်သင့်ထုတ်ထားတော့လို့ ပြောထား လိုက်ဦး၊ လိုအပ်တဲ့ ပစ္စည်းပစ္စယတွေက အကုန်ပြင်ပြီးသားမဟုတ်လား ကျွန်တော့်ဘာသာပဲ ယူသွားလိုက်မယ်"

"ပြင်ပြီးသား မင်းသား. . . ဟိုတစ်နေ့က ရိုက်လက်စအကျီနဲ့ ဘောင်းဘီက TRI အိတ်ထဲမှာ သပ်သပ်ဖယ်ထားတယ်နော်မင်းသား အဲဒီအခန်းမှာစွပ်ထားတဲ့ လက်စွပ်က မင်းသားအခုစွပ်ထားတဲ့ဟာမ ဟုတ်ဘူး၊ အသည်းပုံပေါ်မှာ စိန်နှစ်ပွင့်နဲ့ လက်စွပ်သေးသေးလေး. . . အဲဒါကိုလည်း လဲသွားလိုက်ဦး. . ."

"အိုခေ. . . အိုခေ. . ."

ပြောရင်း ဒိတ်ဒိတ်ကျဲက အပေါ်ထပ်ကို ပြေးတက်သွားတယ်၊ ကိုလပြည့်ကတော့ သူ့ကိုပြုံးကြောင်ကြောင်နဲ့ကြည့်နေတဲ့ အိမ်ကလေး ကို မအီမလည်မျက်နှာနဲ့ ပြုံးပြလိုက်ရင်း. . .

"ဒီနေ့လည်း မင်းနဲ့ငါပဲ နှစ်ပါးသွားရဦးမှာပေါ့ကွာ. . ."

ဆိုတော့ အိမ်ကလေးက တစ်ခစ်ခစ်ရယ်တယ်။ အဲဒီလိုရယ်



www.burmeseclassic.com

www.burmeseclassic.com



သာကိုတွေ့တော့ ကိုလပြည့်က ခေါင်းတရမ်းရမ်းနဲ့ရေရွတ်တယ်။

"ဟွန်း. . . ရယ်တာကိုက တစ်ပုံစံတည်း၊ မင်းသားနှယ်. . . အသားတား ပိုက်ဆံကုန်အောင် DNA စစ်ချင်နေသေးတယ်၊ ကြည့်တာနဲ့ အသိသာကြီး. . . သူ့သားမှ သူ့သားအစစ်. . ."

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်ကို




www.burmeseclassic.com

www.burmeseclassic.com

# အချစ် အချစ်ရှိရာအရပ်သို့ ...
## မျက်နှာမူ၍ စပ်သောကဗျာ

ဂျူနီယာကျော်ကြီးက ဒိတ်ဒိတ်ကျဲသရုပ်ဆောင်နေတာကို မနီးမဝေး သစ်မြစ်ကြီးတစ်ခုပေါ်မှာ ငုတ်တုတ်ထိုင်ရင်း မမှိတ်မသုန်စိုက်ကြည့်နေတယ်။ ပြီးတော့ ဒိတ်ဒိတ်ကျဲကိုကြည့်ပြီး တလှုပ်လှုပ်တရွရွဖြစ်နေကြတဲ့ ကောင်မလေးတစ်သိုက်ဆီကို ရောက်သွားပြန်ကာ "ကျွတ်. ." ခနဲ စုတ်သပ်တယ်။

"ဒင်းတို့တွေက အဲလိုဖြစ်နေမှတော့ ဟိုသကောင့်သားက မာန်တက်ပြီပေါ့၊ ဟွန်း. . . မာန်တက်နေတဲ့ကောင်ရော. . . ဒင်းတို့တွေကိုရော ကြည့်လို့ကိုမရဘူး"

သူမက ဘယ်သူမှ မကြားနိုင်မှန်းသိတာမို့ တစ်ယောက်တည်း ပွစိပွစိရေရွတ်တယ်။ ပြီးတော့ ဒိတ်ဒိတ်ကျဲမှာ ဘယ်နေရာချို့ယွင်းချက်ရှိသလဲဆိုတာကို စေ့စေ့စပ်စပ်ကြည့်ပြီးတော့ ရှာတယ်။

ရုပ်ရည်. . . ပညာအရည်အချင်း. . . ဘာမှပြောစရာမရှိ။ မိန်းမကိစ္စဆိုလည်း ခြောက်နေသလားတောင်ထင်ရအောင် ဘာသံမှကိုပြောသံမကြားဖူးခဲ့။ သူ့မိဘဆွေမျိုးတွေရဲ့ အသိုင်းအဝိုင်းကလည်း သူ့နာမည်လိုပဲ ဒိတ်ဒိတ်ကျဲဆိုတော့ စပွန်ဆာတွေဘာတွေလည်း မရှိလောက်ဘူး။ ဒါဆို သူ့ရဲ့ချို့ယွင်းချက်က. . . ဘာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်. . ."

သူမက ဒိတ်ဒိတ်ကျဲရဲ့ ဟာကွက်ကိုရှာမရလေ ကိုယ့်ကိုကိုယ် အပါအဝင် လောကကြီးကိုပါ အားမလိုအားမရတွေ ဖြစ်နေမိတော့ တယ်။ ဒီတစ်ယောက်မှာကျတော့ ထောက်ပြပြီး နှာခေါင်းရှုံ့ချင်စရာ သိသာထင်ရှားတဲ့ အားနည်းချက်ဆိုတာမျိုး မရှိတော့ဘူးတဲ့လား။ မဖြစ် နိုင်ဘူး. . . လုံးဝကိုမဖြစ်သင့်ဘူး။ သူ့မှာလည်း ချို့ယွင်းချက်ဆိုတာ ရှိ ကိုရှိ. . .။

အတွေးမဆုံးလိုက်သေး။ နောက်နားဆီက ထွက်ပေါ်လာတဲ့ 'ဂျွတ်. . .'ခနဲ သစ်ကိုင်းခြောက်တစ်ခုကို နင်းလိုက်သံကြောင့် လှည့် ကြည့်လိုက်မိတော့. . .'အတင်းအဖျင်းဂျာနယ်' က ရွှေသက်ပြင်းဆိုတဲ့ လူ. . .။ သူမက ဒင်းကိုလည်း နည်းနည်းမှ ကြည့်မရတာမို့ မျက် စောင်းတစ်ချက်ပိတ်ထိုးလိုက်မိတယ်။

"ဟောဗျာ. . . ဘာကိစ္စ မျက်စောင်းထိုးရတာလဲ၊ ဘာမှလည်း မလုပ်မိပါဘဲနဲ့"

သူမက ဘာမှ အဖက်လုပ်ပြီးပြန်ပြောမနေ။ အကြည့်ကို ဒိတ် ဒိတ်ကျဲဆီပဲ ပြန်ပို့ထားလိုက်တယ်။ ရွှေသက်ပြင်းက သူမဘေးက သစ် မြစ်ပေါ်မှာ ဝင်ထိုင်လိုက်ရင်း. . .

"ဒီရိုက်ကွင်းကို ဘာလာလုပ်တာလဲ၊ ဒိတ်ဒိတ်ကျဲကို အင်တာ လာဗျူးတာလား. . ."

လို့မေးလာတော့ သူမက မျက်နှာကို တမင်တကာ ရှုံ့မဲ့ပစ် လိုက်ရင်း. . .

"မေးစရာလား. . . သူ့လိုလူကို အင်တာဗျူးမယ့်အစား လမ်း

www.burmeseclassic.com



သားမှာ တောင်းစားနေတဲ့လူတစ်ယောက်ကိုပဲ သွားဗျူးလိုက်မယ်"

သူမရဲ့ မကျေမနပ် ဆတ်ဆတ်ထိမခံအပြောကြောင့် ရွှေသက်ပြင်းရဲ့ မျက်ခုံးတွေက မြင့်တက်သွားရရင်း. . .

"နို့. . . ဒါဆို ဒီကိုဘာလာလုပ်တာလဲ"

"ဘာလာလုပ်လုပ်ပေါ့. . . ရှင့်ကို သံတော်ဦးတင်ရဦးမှာလား၊ ပြောစမ်းပါဦး"

"သြော်. . . ညည်းကလည်း ဒေါသချည်းပဲ၊ မပြောချင်လည်းနေပါ၊ ဟောဟော. . . မင်းသား ခဏနားပြီ၊ သူနားတုန်းလေး သတင်းသွားယူဦးမှ"

ပြောပြောဆိုဆို ရွှေသက်ပြင်းက ဒိတ်ဒိတ်ကျဲရှိရာဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ မပြေးရုံတမယ် လျှောက်သွားတော့တယ်။ နောက်တော့ ဒိတ်ဒိတ်ကျဲနဲ့ စကားတွေပြောနေတာများ ရယ်လို့မောလို့။ ဒါကိုကြည့်ပြီး မကျေမနပ်ပိုဖြစ်သွားရတာက ဂျူနီယာကျော်ကြီး။

ကြည့်စမ်းပါဦး. . . ဒင်းက ရွှေသက်ပြင်းနဲ့ကျတော့ ရယ်လို့မောလို့. . . ငါနဲ့ကျတော့. . . ဟား. . . ဟွန်း. . . တောက်. . . ဒါငါ့တို့ သက်သက်ချိုးလွှတ်လိုက်တယ်ဆိုတာ ပိုသေချာသွားပြီ။ တွေ့ကြသေးတာပေါ့ ဒိတ်ဒိတ်ကျဲရယ်။ တွေ့ကြသေးတာပေါ့။

သူမက မြင်ကွင်းကို မကြည့်ချင်တော့တာမို့ တောက်တစ်ချက်ကိုပဲ ခပ်ပြင်းပြင်းခေါက်ကာ ထိုင်ရာက ထလာခဲ့လိုက်တော့တယ်။ ဒိတ်ဒိတ်ကျဲနဲ့ ရွှေသက်ပြင်းတို့ကတော့ ရယ်ရယ်မောမောနဲ့ စကားလက်ဆုံကိုကျလို့. . .။

"ဒါဆိုမင်းသားက ရှေ့လထဲမှာ ကားကြီးတစ်ကား ရိုက်ဖို့ရှိ

www.burmeseclassic.com



တယ်ပေါ့၊ ဟုတ်လား. . . ”

“ဟုတ်ကဲ့. . . ဟို. . . ပုဂ္ဂလိကအတွက် ရိုက်တာတော့မဟုတ်ပါဘူး၊ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေအတွက် ရိုက်တဲ့ကားပါ၊ မေတ္တာနဲ့ သရုပ်ဆောင်ပေးတာပါ. . . ဟုတ်”

ဒီအချိန်မှာပဲ ဒိတ်ဒိတ်ကျဲရဲ့ ဟန်းဖုန်းက မြည်လာတယ်။ ဆက်တာက အိမ်မှာ ကလေးထိန်းရင်းကျန်ခဲ့တဲ့ ကိုလပြည့်ဆီက. . .။

“ဟယ်လို. . . ကိုလပြည့်. . . ပြော”

“. . . .”

“ဘယ်လို. . . ကလေးပျောက်သွားတယ်. . . ”

ဒိတ်ဒိတ်ကျဲရဲ့ ပါးစပ်က လွှတ်ခနဲထွက်သွားတဲ့ စကားကြောင့် ရွှေသက်ပြင်းရဲ့ ခေါင်းက ဆတ်ခနဲ ထောင်သွားတယ်။ ဒိတ်ဒိတ်ကျဲလည်း ရုတ်တရက်ဆိုတော့ ပါးစပ်က ယောင်ပြီးလွှတ်ခနဲ ထွက်သွားမိတာ။ ဘရိတ်အုပ်ဖို့ အချိန်မရလိုက်တော့ဘူး။ ပြောပြီးမှ အနားမှာ ရွှေသက်ပြင်းရှိနေတာကို သတိရသွားတယ်။ အဲဒါနဲ့. . .

“ဟုတ်ပြီ. . . ဟုတ်ပြီ. . . ကျွန်တော်အခုပဲ ပြန်လာခဲ့မယ် . . . ဟုတ်ပြီလား. . . ဒါပဲဒါပဲ”

ဆိုကာ ဖုန်းကိုချလိုက်ရတယ်။ ပြီးမှ ရွှေသက်ပြင်းကို. . .

“နောက်. . . နောက်မှ ဆက်ပြောရအောင်ဗျာနော်. . . ကျွန်တော် အရေးတကြီး ကိစ္စတစ်ခုပေါ်လာလို့ အိမ်ပြန်မှ ဖြစ်မယ်၊ ဆောရီးဗျာ. . . နော. . . ”

လို့ဆိုပြီး ဒါရိုက်တာဆီကို ပြေးရတယ်။ ပြီးမှ ဒါရိုက်တာကို အရေးတကြီးကိစ္စတစ်ခုပေါ်လာလို့ အိမ်ခဏပြန်ခွင့်ပေးပါ. . . မကြာပါ



www.burmeseclassic.com

www.burmeseclassic.com



...တန်းပြန်လာမှာပါ. . . မင်းသမီးတစ်ယောက်တည်းအခန်းတွေကို အရင်ဖြတ်ထားပေးနှင့်ပါ. . . စသဖြင့် လှည့်ပတ်ပြောပြီး ကိုတွမ်တီးနဲ့ နှစ်ယောက်သားပြန်လာခဲ့လိုက်ကြတယ်။

ကိုယ့်သွေးသားမို့ပဲလားတော့ မပြောတတ်။ " အိမ်ကလေးရောက်နေတယ်. . . "ဆိုတဲ့ ကိုလပြည့်စကားက မိမိကို တုန်လှုပ်သွားစေတာတော့ အမှန်ပါပဲ။

"ကားကို မြန်မြန်မောင်းပါ. . . ကိုတွမ်တီးရဲ့ . . . ခင်ဗျားကသည်း ကားမောင်းလာတာ အိုသေတော့မယ်၊ အခုထိ ကားမောင်းတာ နုံချိနုံချိနဲ့. . . "

ကိုတွမ်တီးကိုလည်း တစ်လမ်းလုံးငေါက်လာကာ ကိုလပြည့်ဆီကိုလည်း ဖုန်းခေါ်ရတယ်။ ကိုလပြည့်ဖုန်းက မကိုင်။ ဒါနဲ့ အိမ်ဖုန်းကိုခေါ်ပြန်တော့လည်း မကိုင်။ ဒီတော့ စိုးရိမ်မှုက ဒီဂရီထပ်တိုးပြီး ဖင်တကြွကြွဖြစ်နေရတော့တယ်။

ဒီလိုနဲ့ သူတို့ကား သူတို့နေတဲ့လမ်းသွယ်ထဲကို ချိုးကွေ့ဝင်လိုက်တော့မှပဲ ကိုလပြည့်ဆီက ဖုန်းဝင်လာတယ်။

"ဟယ်လို. . . "

"တွေ့ပြီ. . . တွေ့ပြီ. . . မင်းသားရေ. . . တွေ့ပြီဗျာ၊ အိမ်ကလေးက ဧည့်ခန်းထဲက စားပွဲခုံအောက်ကို ဝင်နေတာ၊ ရှာလိုက်ရတာတစ်အိမ်လုံး တစ်ခြံလုံးကို နှံ့နေတာပဲ. . . "

ဒီတော့မှ သူ့ရင်ထဲက အလုံးကြီးက အောက်ကိုလျှောကျသွားတော့တယ်။ ကားကလည်း ခြံထဲကို ဝင်လာပြီ။ အိမ်ထဲရောက်တော့ ကိုလပြည့်တို့ကို ဧည့်ခန်းထဲမှာပဲ တွေ့လိုက်ရတယ်။ အိမ်ကလေးက



www.burmeseclassic.com

www.burmeseclassic.com



ကိုလပြည့်ရင်ခွင်ထဲကနေ သူ့ကို မျက်လုံးပြူးပြူးလေးတွေနဲ့ ကြည့်လို့. . .။

ဒိတ်ဒိတ်ကျဲက ခုံတစ်လုံးမှာ စိတ်မောလူမောဝင်ထိုင်ချလိုက်ပြီးမှ. . .

"ဘယ်လိုဖြစ်ရတာလဲဗျာ. . . လူကိုလန့်သွားတာပဲ"

"ကျွန်တော်လည်း ခဏလေးပဲ သတိလစ်သွားတာ မင်းသားရဲ့၊ အိမ်ကလေးကိုထိန်းဖို့ ကျွန်တော့်အဒေါ် ဒေါ်မေသီ့ကိုခေါ်ထားတာလေ၊ အဲဒါသူရောက်လာတာနဲ့ သူနေဖို့အခန်းလိုက်ပြပေးလိုက်တာ၊ အိမ် ကလေးကလည်း ထမင်းစားခန်းထဲမှာ ဆော့နေတာနဲ့ ဘာမှမဖြစ်လောက်ပါဘူးဆိုပြီး ခဏထားခဲ့လိုက်တာ၊ ပြန်ထွက်လာတော့ မတွေ့တော့ဘူး၊ အဲဒါနဲ့ဒေါင်းတောက်အောင်ရှာပြီး မတွေ့တာနဲ့ မင်းသားကို လှမ်းဖုန်းဆက်လိုက်တာ၊ ပြီးတော့သူက ဒီစားပွဲအောက်မှာ ဝင်နေတာလေ. . . ကျွန်တော်တို့က တခြားနေရာတွေနဲ့ ခြံထဲတွေကိုပတ်ရှာနေတာ၊ ဒီအောက်ကိုငုံ့မကြည့်မိဘူး. . ."

"ဖြစ်ရမယ် ခင်ဗျားကတော့. . . ဒါနဲ့ ဒေါ်မေသီဆိုတာက"

သူ့စကားမဆုံးလိုက်ပေ။ ဧည့်ခန်းထဲကို အသက်ခပ်ကြီးကြီး မိန်းမတစ်ယောက် ထမင်းစားခန်းထဲကနေ ထွက်လာတယ်။

"အဲဒါကျွန်တော့်အဒေါ်လေ. . . ကျွန်တော့်အမေကို ခေါ်ဖို့က အဆင်မပြေဘူးမင်းသားရဲ့၊ သူစိမ်းတစ်ယောက်ကိုခေါ်ဖို့ကလည်း အဆင်မပြေတာနဲ့ ကျွန်တော့်အဒေါ်ကိုပဲ အကူအညီတောင်းလိုက်တာ၊ စိတ်ချပါ. . . အဒေါ်က အေးပါတယ်. . . သတင်းပေါက်ကြားမှာလည်း ဘာမှ ကြောက်စရာမလိုဘူး၊ ကျွန်တော်အားလုံး ရှင်းပြထားပြီးသား. . ."

ဒိတ်ဒိတ်ကျဲနဲ့ ဒေါ်မေသီတို့ နှစ်ယောက်သား မျက်လုံးချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားကြတယ်။ အဒေါ်ကြီးပုံကြည့်ရတာတော့ ကိုလပြည့်ပြောသလို ခင်အေးအေးထဲက ဖြစ်ပုံပါပဲ. . .။ စိတ်ချရတန် ကောင်းပါရဲ့. . .။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို



www.burmeseclassic.com

www.burmeseclassic.com

# အချစ် အချစ်ရှိရာအရပ်သို့ ...
## မျက်နှာမူ၍ စပ်သောကဗျာ

ဂျူနီယာကျော်ကြီးက ဒီနေ့ အလုပ်နားရက်ဆိုပေမယ့် မနားဘဲ ဒိတ်ဒိတ်ကျဲရဲ့ အိမ်ကိုထွက်လာခဲ့လိုက်ကာ လူရိပ်လူခြေကိုကြည့်ရင်း အုတ်နံရံအပေါက်လေးတွေကြားထဲကနေ ခြံဝန်းထဲကို ချောင်းကြည့်နေမိတယ်။ ဒိတ်ဒိတ်ကျဲက ဒီနေ့ညပိုင်း မျှော်စင်ကျွန်းမှာ ရှိုးပွဲဆိုဖို့ရှိတာမို့ နေ့ခင်းပိုင်း အနားယူတယ်ဆိုတာကို သတင်းအတိအကျရထားတယ်လေ။ ဒိတ်ဒိတ်ကျဲရဲ့ ဟာကွက်ပျော့ကွက်တစ်ခုခုကို မတွေ့ရမချင်း ဂျူနီယာကျော်ကြီးက စားလို့လည်းမရ အိပ်လို့လည်း ကောင်းကောင်းပျော်မှာ မဟုတ်ဘူး။

ဟိုးဘက် ခြံထောင့်က ပန်းပင်တွေကြားထဲမှာ ခြံစောင့်အဘိုးကြီးကို အလုပ်ရှုပ်နေလျက်နဲ့ တွေ့တယ်။ ကျန်တဲ့လူတွေ အကုန်လုံးကတော့ အိမ်ထဲမှာ ရောက်နေပုံပင်။

သူမက ထူးခြားတာ တစ်ခုခုတွေ့လိုတွေ့ငြား အိမ်ထဲဘက်ဆီကို လှမ်းကြည့်လိုက်တယ်။ အိမ်ရှေ့တံခါးကြီးက ပွင့်နေပေမယ့်လို့ အိမ် ကြီးကတော့ လူရိပ်လူယောင်တောင် မမြင်ရဘဲ တိတ်ဆိတ်လို့။

အဲဒီလို သူမကြည့်နေတုန်းမှာပဲ သူမအကြည့်က အိမ်နောက်ဘက် မြက်ခင်းပြင်ဘက်နားက လှုပ်လှုပ်လှုပ်လှုပ်နဲ့ အရာဝတ္ထုတစ်ခုကို ရိပ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်။ ဘာပါလိမ့်. . . ဆိုတဲ့ အတွေးနဲ့ သူမက အဲဒီအ
ကို သေချာမြင်ရအောင် ပြူးပြဲကြည့်နေတုန်းမှာပဲ အိမ်ထဲဆီကနေ ဒိ
ဒိတ်ကျဲက အူယားဖားယားဟန်နဲ့ ပြေးထွက်လာကာ အဲဒီအရာဝတ္ထု
ကောက်ယူပွေ့ချီလိုက်တာကို တွေ့လိုက်ရတဲ့အခါမှာတော့. . .။

"ဟင်! "

သူမမျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရတယ်။ ကလေးလေ
တစ်ယောက်. . . ဒိတ်ဒိတ်ကျဲကောက်ယူလိုက်တာဟာ ကလေးလေးတ
ယောက်. . .။ သူမက အံ့ဩလို့မဆုံးသေးခင်မှာပဲ ဒိတ်ဒိတ်ကျဲ
ပတ် ဝန်းကျင်ကို ခိုးကြောင်ခိုးဝှက်ဟန်နဲ့ တစ်ချက်ဝေ့ဝဲကြည့်လိုက်က
ကလေးကိုပွေ့ချီရင်း အိမ်ထဲကို ခပ်မြန်မြန်ပြန်ဝင်သွားကာ အိမ်ရှေ့
ခါးကိုပါ ပိတ်သွားတော့တယ်။

ဂျူနီယာကျော်ကြီးရဲ့ ခေါင်းထဲမှာ အတွေးတွေက တစ်သီတ
တန်းကြီး ဝင်ရောက်လာတယ်။ ဒီကလေးက ဘယ်သူ့ကလေးလဲ. . .
ဘယ်သူ့ကလေးလဲ. . .။

သူမက အတွေးထဲမှာ ဝဲလည်ရင်း ပတ်ဝန်းကျင်ကို တစ်ချက်
ဝေ့ဝဲကြည့်လိုက်မိတဲ့ အခါမှာတော့. . .

"ဟော! "

နောက်ထပ် ထင်မှတ်မထားတဲ့ အရာတစ်ခုကို ထပ်တွေ့လိုက်
ရပြန်တယ်။ ခြံရှေ့ ဟိုဘက်ထိပ်ထောင့်က ခရေပင်ကြီးပေါ်မှာ မှန်ဘီလူး
တစ်လက်နဲ့ ချောင်းနေတဲ့ ကိုရွှေသက်ပြင်း။ လူကသာ အီသီယိုးပီးယား
ခန္ဓာကိုယ်ဖြစ်နေတာ။ ဒီသစ်ပင်ပေါ်ကိုတော့ ရအောင်တက်နိုင်သေးပဲ
နေစမ်းပါဦး. . . ဒင်းက ဒီကိုဘာလာချောင်းနေတာလဲ။ ဒင်း



www.burmeseclassic.com

www.burmeseclassic.com



...သတင်းတွေများ ရထားလို့လဲ။ အင်း. . . စောစောက ဒိတ်ဒိတ်ကျဲ ...သွားတဲ့ ကလေးလေးနဲ့များ ပတ်သက်နေတာလားမသိဘူး။

သူမက အဲဒီလို မီးခိုးကြွက်လျှောက် တွေးယူနေတုန်းမှာပဲ ရွှေ ...ပြင်းရဲ့ အကြည့်ကလည်း သူမဆီကိုရောက်လာတယ်။

ရွှေသက်ပြင်းပုံကလည်း သူမကို မြင်လိုက်ရလို့ အံ့သြသွားတဲ့ ...။ လန့်ဖျတ်ပြီး သစ်ကိုင်းပေါ်ကတောင် အောက်ကိုပြုတ်ကျမလို ...သွားသေးတယ်။

ဒါနဲ့ သူမက ဒင်းကိုဘာလာလုပ်တာလဲ မေးဖို့အတွက် ခရေပင် ...အောက်ကို လျှောက်သွားလိုက်တယ်။ အောက်ရောက်တာနဲ့ ရွှေသက် ...ကို မော့ကြည့်လိုက်ရင်း သူမက အသံခပ်အုပ်အုပ်နဲ့. . .

“ရှင်. . . ဘာလာချောင်းတာလဲ. . . ခိုးကြောင်ခိုးဝှက်နဲ့”

“အောင်မာ. . . ငါ့ကိုတော့မေးနေတယ်. . . ညည်းကရော ...လာချောင်းနေတာလဲ”

“ကျွန်မဟာ ကျွန်မ ဘာချောင်းချောင်းပေါ့၊ ရှင့်ကိုပြောပြစရာ ... ရှင်ဘာတွေ တွေ့လိုက်သေးလဲ. . . မှန်မှန်ပြော”

“အောင်မယ်. . . ညည်းကိုလည်း ငါက ဘာကိစ္စပြောပြရမှာ ... ငါ့ဘာသာ ဘာပဲတွေ့တွေ့ပေါ့. . .”

ရွှေသက်ပြင်းရဲ့ အပြောနဲ့ အမူအရာကို ဂျူနီယာကျော်ကြီးက ...တော်လေး မြင်ပြင်းကတ်သွားတယ်။ ဒင်းကို ပညာပေးချင်လာ ...ယ်။ ဒါနဲ့ ဘယ်လိုပေးရမလဲလို့ အကြံထုတ်ကာ ပတ်ဝန်းကျင်ကို ...ပေါ်အောက် ဝေ့ဝဲကြည့်လိုက်တဲ့ အခါမှာတော့ ရွှေသက်ပြင်းနဲ့ ...မ်းမကမ်းက သစ်ကိုင်းမှာစွဲနေတဲ့ ပျားအုံကြီးတစ်အုံကိုတကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခံထောက်မစွာတွေ့လိုက်ရတယ်။ ဒီမှာတင်ပဲ သူမက အားရပါးရပြုံးလိုက်
ရင်း ခဲလုံးတစ်လုံးကို ကောက်ယူလိုက်ကာ ပျားအုံကိုပစ်ဖို့ ရွယ်လိုက်
တယ်ဆိုရင်ပဲ. . .

"ဟဲ့ ကောင်မလေး. . . ဟဲ့. . . ဘာလုပ်တာလဲ၊ မလုပ်နဲ့ေ
ဟဲ့. . ."

ရွှေသက်ပြင်းက အလန့်တကြားဟန်နဲ့ ခပ်အုပ်အုပ်အော်တယ်
ဒါပေမယ့် နောက်ကျသွားပြီ။ မရတော့ဘူး။ ဂျူနီယာကျော်ကြီးရဲ့လ
ထဲက ခဲလုံးက ပျားအုံဆီကို ဝှစ်ခနဲ။ လက်ဆကလည်း တန်းမှတ

"ဟာ. . . ဟာ. . . သွားပြီ. . ."

ပျားကောင်တွေ ဝီခနဲမြည်ကာ အုံကွဲလာတယ်ဆိုတာနဲ့ ဂျူ
ယာကျော်ကြီးက စီးလာတဲ့ ဒေါက်ဖိနပ်ကိုချွတ်တဲ့ပြီး ဖနောင့်နဲ့တင်
တစ်သားတည်းကျအောင် နောက်ကိုလှည့်မကြည့်စတမ်း ပြေး
တာပဲ။

ရွှေသက်ပြင်းမှာတော့. . .

"ဟဲ့ ကောင်မလေး. . . ဟဲ့. . . နေဦး. . . အောင်မလေး
ကိုက်တယ်ဟ. . . အား. . . ဟဲ့. . . ဆော်တယ်ဟ. . . အား. . . ဟေ့
အီးဟီး. . . ကိုက်တယ်ဟ ကိုက်တယ်ဟ. . . အား. . . အောင်မ
အိုးဟိုး. . . အား. . . အ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်. . . ဒိတ်ဒိတ်ကျဲမှာ တိတ်တိတ်ပုန်းမွေးထားတဲ့ ကလေးတစ်ယောက်ရှိတယ်. . . ဟုတ်လား. . ."

ဒေါ်ခင်ခင်တုတ်ဆီက ထွက်လာတဲ့ စကားသံက အလန့်တကြားနဲ့ အကျယ်ကြီး။ ပြီးတော့ သူမနားကိုသူမ မယုံနိုင်သလိုဟန်နဲ့ ချစ်သာကျော်ကြီးကို ပြန်မေးတယ်။

"သေ. . . သေချာလို့လား"

"သေချာပါတယ်မမရယ်. . . အဲဒီမင်းသားဒိတ်ဒိတ်ကျဲ ကလေးတစ်ယောက်ကိုပွေ့ပြီး သူ့အိမ်ထဲဝင်သွားတာကို ဂျူနီကိုယ်တိုင်တွေ့လိုက်တယ်. . . သူ့ပုံစံက တစ်ယောက်ယောက်မြင်သွားမှာကို ကြောက်နေတဲ့ ပုံနဲ့ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်ပြီး ဝင်သွားတာ. . . ဒါ သူမရိုးသားဘူးဆိုတာကို ပြနေတာပဲ မဟုတ်လား. . ."

"သူ့အိမ်က အခြားတစ်ယောက်ယောက်ရဲ့ကလေးလည်း ဖြစ်ချင်ဖြစ်ဦးမယ်ဟယ်. . . မသေချာပဲနဲ့"

"ဟာ. . . မမကလည်း၊ ဒိတ်ဒိတ်ကျဲရဲ့ အိမ်မှာက ယောက်ျား တစ်ယောက်တည်းပဲ နေတာလေ၊ သူ့မိဘတွေကလည်း နိုင်ငံခြားမှာ၊ ပြီးတော့ သူနဲ့ အတူတူနေတဲ့ သူ့မန်နေဂျာရယ်. . . သူ့ဒရိုင်ဘာရယ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



လူပုံကြီးတွေ၊ သူတို့ရုပ်ရည်တွေနဲ့ကလည်း ဘယ်မိန်းမကမှ ပြန်ကြိုက်မှာ မဟုတ်ဘူး၊ ပြီးတော့ ခြံစောင့်ကလည်း အသက်ငါးဆယ်ကျော်အဖိုးကြီး ဒီတော့ ဒီကလေးဟာ ဒိတ်ဒိတ်ကျဲရဲ့ ကလေးကလွဲပြီး ဘယ်သူ့ကလေး ဖြစ်ရဦးမှာလဲ၊ ဒီကလေးက တခြားတစ်ယောက်ရဲ့ ကလေးသာဆိုရင် လည်း ဒိတ်ဒိတ်ကျဲက ဘာလို့ အဲဒီကလေးကို ခိုးကြောင်ခိုးဝှက်ပုံစံမျိုး နဲ့ အိမ်ထဲသွင်းသွားရတာလဲ. . . ကဲ. . . ”

ဂျူနီယာကျော်ကြီး စကားအဆုံး ဒေါ်ခင်ခင်တုတ်က ခေါင်းကို တဆတ်ဆတ်ညိတ်တယ်။

“အင်း. . . စဉ်းတော့စဉ်းစားစရာပဲ၊ အသက်နှစ်ဆယ့် နှစ်နှစ် အရွယ်. . . လှျမ်းလှျမ်းတောက်အောင်မြင်နေတဲ့ မင်းသားငယ်လေး တစ်ယောက်မှာ တိတ်တိတ်ပုန်းမွေးထားတဲ့ ကလေးတစ်ယောက်ရှိနေ တယ်ဆိုရင် ဒါဟာ တော်တော့်ကိုကြီးမားတဲ့ သတင်းကြီးပဲ၊ ဒီသတင်း ကြီးကိုများ တို့ ‘ဖွလိုက်မယ်’ ဂျာနယ်ကနေ ဖွင့်ချလိုက်လို့ကတော့. . . ဟား. . . ဟား. . . ပေါက်ပြီ. . . ပေါက်ပြီ. . . ဝက်ဝက်ကွဲကို ပေါက်မှာ ပဲ. . . ”

ဒေါ်ခင်ခင်တုတ်ရဲ့ မျက်လုံးထဲမှာ ‘ဖွလိုက်မယ်’ဂျာနယ်ရဲ့ စောင်ရေပြ ဂရပ်ကြီး တဟုန်ထိုး တိုးတက်သွားတာကို မြင်ယောင်လာ တယ်။ ဒီမှာတင်ပဲ ဒေါ်ခင်ခင်တုတ်က လက်ဖျောက်တစ်ချက်ကို တီးလိုက် ကာ. . .

“ဟုတ်ပြီ. . . ဒီလိုလုပ်. . . ဒီနေ့ကစပြီး နင်က ဒိတ်ဒိတ်ရဲ့ တိတ်တိတ်ပုန်းကလေးသတင်းတစ်ခုတည်းကိုပဲ အတိအကျရအောင် လိုက်၊ကျန်တဲ့ သတင်းလိုက်ဖို့ကိစ္စတွေကို တခြားသူတွေလုပ်လိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



ိုအပ်တာမှန်သမျှ ငါ့ကိုပြော. . . ဒီသတင်းကို သူများတွေမသိခင်
မြန်ဆုံးတော့ ငါလိုချင်တယ်နော်. . .”

“စိတ်ချစမ်းပါ မမရယ်၊ ဂျူနီ့အစွမ်းအစကို မမ သိပါ တယ်. . .
င်းသားရဲ့ မဟာလျှို့ဝှက်ချက်ကြီးကို ဂျူနီရအောင် ဖော်ထုတ်ပြ
ယ်. . .”

ပြောရင်း ဂျူနီယာကျော်ကြီးရဲ့ မျက်လုံးထဲမှာ မင်းသားဒိတ်ဒိတ်
ရဲ့ ဓာလေးတစ်ယောက်ကို ပွေ့ချီပြီး သူ့အိမ်ထဲကို ခိုးကြောင်ခိုးဝှက်ပုံစံ
နဲ့ ပြန်ဝင်သွားပုံက ဝင်ရောက်လာတယ်။ ဟွန်း. . . တွေ့ကြပြီပေါ့
ရွှေမင်းသားရယ်. . .။ ဂျူနီယာကျော်ကြီး ဘယ်လောက်စွမ်းတယ်ဆို
တို ရှင်သိအောင်ပြရသေးတာပေါ့။ အဲဒီအခါကျမှ မျက်ရည်လေး
မ်း စမ်းစမ်းနဲ့ လာငိုမပြနဲ့. . . တွံ့တေးသိန်းတန်သီချင်းနဲ့ ပြန်ပြော
ိုက်မယ်. . . ပျင်းတောင်ပျင်းသေးတယ်လို့. . .။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်တော့ . . .

ဇာတ်လမ်းက အဲဒီမှာ စတာပါပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်တော့ . . .

ဇာတ်လမ်းက အဲဒီမှာ စတာပါပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



# V

လမ်းသွယ်ထဲကနေ ဒိတ်ဒိတ်ကျဲရဲ့ကား ထွက်လာတာနဲ့ ဂျူနီယာကျော်ကြီးကလည်း ကားကိုကျင်လည်စွာမောင်းရင်း သူတို့ကားနောက်ကနေ လိုက်လာခဲ့လိုက်တယ်။ ပြီးတော့ နောက်ဘက်ကိုတစ်ချက်ဘက်မှန်ကနေ ကြည့်လိုက်မိတော့ ရွှေသက်ပြင်းရဲ့ကားပါ ပါလာတာကိုတွေ့လိုက်ရတယ်။ ဒီလူ လိုက်ရှုပ်ပြန်ပြီ။

သူမက ဒေါ်ခင်ခင်တုတ်ရဲ့ ကားကိုယူလာခဲ့တာ။ ဒီသတင်းကနယ်နယ်ရရသတင်းမျိုးမဟုတ်တော့ ဒေါ်ခင်ခင်တုတ်ကလည်း မပေးချင်ပေးချင်နဲ့ ပေးလိုက်ရှာတာလေ။ ဒီသတင်းသာ အတိအကျ လက်ဆုပ်ဘက်ကိုင်နဲ့ရပြီး ဂျာနယ်မှာ ဖွင့်ချလိုက်နိုင်ရင် အချိုကြီးရမယ်ဆိုတာဒေါ်ခင်ခင်တုတ်က ကောင်းကောင်းသဘောပေါက်နေတာကိုး။

ကိုလပြည့်က နောက်မှာပါလာတဲ့ ဂျူနီယာကျော်ကြီးရဲ့ကားကိုမျက်မှောင်ကုတ်ကြည့်လိုက်ရင်း. . .

"မင်းသား. . . နောက်မှာ ဂျာနယ်လစ်လိုက်လာတယ်ထင်တယ်ဗျာ. . . နောက်က ဗင်ကားလေးက လမ်းထိပ်ကတည်းက ကပ်ပါလာ

www.burmeseclassic.com

www.burmeseclassic.com



တာ. . ."

ဒိတ်ဒိတ်ကျဲက ကိုလပြည့်စကားကြောင့် နောက်ကကားကို တ
ချက်လှည့်ကြည့်လိုက်တယ်။

"လိုက်ပါစေ. . . သူတို့လိုက်တော့ရော ဘာသိရမှာမို့လဲ. . ."

ကိုတွမ်တီးက ကားကိုအရှိန်နည်းနည်းတင်လိုက်ပြီး နောက်
ကားကို ဖြတ်ခဲ့ဖို့လုပ်တယ်။

"မဖြတ်နဲ့ ကိုတွမ်တီး. . . ပုံမှန်မောင်းနေကျပဲမောင်း၊ နော
ကားကို ခေါင်းထဲကိုထည့်မနေနဲ့၊ မသိချင်ယောင်ဆောင်နေလိုက်၊ ဘာ
မထူးခြားရင် သူ့ဘာသာ ပြန်သွားလိမ့်မယ်၊ တော်ကြာ ကိုယ်က သူ့
မျက်ခြေဖြတ်လိုက်မှ ကိုယ့်မှာ လျှို့ဝှက်ချက်ရှိတာကို သံသယဝင်သွ
ဦးမယ်. . . ထားလိုက်"

ဒိတ်ဒိတ်ကျဲ စကားကြောင့် ကိုတွမ်တီးက ကားကို အရှိန်ပြ
လျှော့ကာ ပုံမှန်ပဲပြန်မောင်းတယ်။ ဒီလိုနဲ့ (. . . .) စတူဒီယို
ရောက်တော့ သူတို့က ကားကိုရပ်ထားခဲ့လိုက်ကာ စတူဒီယိုထဲဝင်သွ
ကြတယ်။

ဒီတော့မှ ဂျူနီယာကျော်ကြီးနဲ့ ရွှေသက်ပြင်းတို့နှစ်ယောက်
ဒိတ်ဒိတ်ကျဲတို့ရပ်ထားခဲ့တဲ့ ကားနားကိုရောက်လာကာ ကားထဲ
အလုအယက်ကြည့်ကြတယ်။ ဒါပေမယ့် ကားထဲမှာက မသင်္ကာစရာ
လို့ ဘာမှကိုမတွေ့။ ဒီတော့ နှစ်ယောက်သားက စိတ်ပျက်သွားကြတယ်

ဂျူနီယာကျော်ကြီးက ဘေးကနေ လိုက်ရှုပ်နေတဲ့ ရွှေသက်ပြ
ကို ရန်တွေ့မယ်စိတ်ကူးနဲ့ ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်ဆိုရင်ပဲ. . .

"အမလေး. . . တော့်"

www.burmeseclassic.com



သူမတစ်ကိုယ်လုံး ကြက်သီးမွေးညှင်းတွေ ထောင်ထသွားရတော့တယ်။ ရွှေသက်ပြင်းရဲ့ မျက်နှာကြီးက ဖူးယောင်လို့။ ဇာတ်တော်တွေထဲမှာ တွေ့ဖူးတဲ့ ဘီလူးခေါင်းကြီးစွပ်ထားသလိုမျိုး ဘုတွေ ထစ်တွေနဲ့၊ မျက်လုံးပေါက်တောင် သိပ်မပေါ်ချင်။

သူမက တအံ့တသြနဲ့ . . .

"ရှင် . . . ရှင့်မျက်နှာက . . ."

"ဘာအခုမှ အံ့သြနေတာလဲ၊ ဒါ ညည်းလက်ချက်လေ၊ ညည်းပေးခဲ့တဲ့ ဒဏ်ရာတွေ၊ ငါ့မှာ မခံမဆန့်ကို ခံစားလိုက်ရတာ . . . အားအခုထိတောင် နာနေတုန်းပဲ . . ."

ရွှေသက်ပြင်းစကားကြောင့် ဂျူနီယာကျော်ကြီးက တစ်ဖက်လှည့်ကာ ရယ်တယ်။

"ဒါနဲ့ ရှင်က ဘာကိစ္စ ကျွန်မသွားလေရာကို လျှောက်လိုက်နေရတာလဲ . . . ပြောစမ်းပါဦး . . ."

"လိုက်စရာလား . . . ငါက ညည်းနောက်ကို ဘာကိစ္စလိုက်ရမှာလဲ . . . ငါလိုက်တာက ဒိတ်ဒိတ်ကျဲနောက်ကိုပါ"

"နေစမ်းပါဦး၊ ရှင်က ဒိတ်ဒိတ်ကျဲနောက်ကိုလည်း ဘာကိစ္စလိုက်နေရတာလဲ၊ ဘာသတင်းတွေများ ရထားလို့လဲ"

"ငါ့ကို လာအစ်မနေနဲ့၊ ညည်းကရော ဘာကိစ္စနဲ့ ဒိတ်ဒိတ်ကျဲနောက်ကိုမှ အသည်းအသန်လိုက်နေရတာလဲ . . . ပြော"

"ကျွန်မဘာသာ ဘာကိစ္စလိုက်လိုက်ပေါ့၊ ရှင်နဲ့ဘာဆိုင်လို့လဲ၊ ရှင့်ကိုပြောပြစရာလား . . ."

"အေးလေ . . . ငါလည်း အဲဒီလိုပဲပေါ့၊ ငါ့ဘာသာ ဘာကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



နဲ့လိုက်လိုက် ညည်းကိုပြောပြစရာလားလို့. . .”

ဂျူနီယာကျော်ကြီးနဲ့ ရွှေသက်ပြင်းတို့က ဒိတ်ဒိတ်ကျဲ
ကလေးရှိတာကို သေချာသိအောင်လိုက်နေကြတာချင်းတူပေမယ့်လို့ ဖွင့်
မပြောဘူး။ ပြီးတော့ ကိုယ်မဟုတ်တဲ့ တစ်ယောက်ယောက်သိသွားရင်
ကိုယ့်ဂုဏ်သိက္ခာနယ်မှာ သတင်းထူးကို ဦးဦးဖျားဖျား မထည့်လိုက်ရမှာ စိုးရိမ်
နေကြတာလေ။ အဲဒါကြောင့် တစ်ယောက်နဲ့တစ်ယောက်က စမ်း
ခုတ်နေကြတော့တာ။

အဲဒီလို နှစ်ယောက်သားရန်ဖြစ်နေကြတာကို စတူဒီယိုဝင်ပေါက်
တံခါးကြားထဲကနေ ချောင်းကြည့်နေတာက ကိုလပြည့်။ နှစ်ယောက်စလုံး
ရဲ့ ပြောစကားတွေကိုလည်း ကောင်းကောင်းကြားနေရတာဆိုတော့
ကိုလပြည့်က သက်ပြင်းမောတစ်ခုကို အသာကျိတ်ချလိုက်ပြီး ဒိတ်ဒိတ်
ကျဲ အသံသွင်းဖို့ပြင်နေတဲ့ နေရာကို ထွက်လာခဲ့လိုက်တယ်။

ဒီမှာက ညနေပိုင်းအထိ အသံသွင်းရမှာဆိုတော့ အပြင်ထ
နှစ်ယောက်လည်း မပြန်ဘဲစောင့်နိုင်ရင် စောင့်ကြပေါ့. . .။



www.burmeseclassic.com

www.burmeseclassic.com

# အချစ် အချစ်ရှိရာအရပ်သို့ ...
## မျက်နှာမူ၍ စပ်သောကဗျာ

ညှော့်ခန်းထဲက ဆိုဖာပေါ်မှာ ပက်လက်လှန်လှဲချကာ နောက် ရိုက်မယ့်ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုဖတ်ကြည့်နေတုန်းမှာပဲ သူ့ ခေါင်းကို တစ်စုံတစ်ယောက်က လာရောက်တို့ထိပုတ်လိုက်တာကြောင့် ဒိတ်ဒိတ်ကျဲက ဘာပါလိမ့်ဆိုပြီးကြည့်လိုက်တော့ အိမ်ကလေး။ မျက်လုံး ပြူးပြူးလေးတွေနဲ့ သူ့ကိုကြည့်နေတာ။ သူက ဇာတ်ညွှန်းကို ရင်ဘတ် ပေါ်မှာတင်လိုက်ကာ ဒေါ်မေသီကို လှမ်းခေါ်မယ်အလုပ်မှာပဲ အိမ်က လေးနှုတ်က စကားတစ်ခွန်းထွက်လာတယ်။

"ဖေဖေ..."

တဲ့။

ရုတ်တရက်ကြီး အဲဒီလိုအခေါ်ခံလိုက်ရတော့ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထောင်ထသွားတယ်။ ပက်လက်လှန်အနေအထား အနေ အလန့်တကြားနဲ့ ငုတ်တုတ်ထထိုင်လိုက်တဲ့ အခါမှာပဲ အိမ်က လေးက နောက်တစ်ခွန်းထပ်ခေါ်လာတယ်။

"ဖေဖေ..."

သူမနေတတ်တော့ဘူး။ ဆိုဖာပေါ်ကနေ ဝုန်းခနဲ ခုန်ဆင်းလိုက် ကာ တောင်ပြေးရမလို မြောက်ပြေးရမလို ဖြစ်သွားရကာ ပါးစပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာရှိတဲ့လူမှန်သမျှရဲ့ နာမည်တွေကို တရစပ်အော်ခေါ်မိတော့တယ်။

"ကိုလပြည့်. . . ဒေါ်မေသီ. . . ကိုတွမ်တီး. . . ကိုလပြည့် ဒေါ်မေသီ. . . ဘယ်သူမှ မရှိကြဘူးလား. . . ကိုတွမ်တီး. . . ဟာ. . . လာကြပါဦးဗျာ. . . ကိုလပြည့်. . ."

သူ့ရဲ့ အလန့်တကြားအော်ခေါ်သံကြောင့် ညည့်ခန်းထဲကို ဒေါ်နေတဲ့သူတွေ သုံးယောက်စလုံး အလျှိုအလျှိုနဲ့ အပြေးအလွှား ရောက်လာကြတယ်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ. . . မင်းသား. . . ဘာ ဖြစ်လို့လဲ. . ."

ကိုလပြည့်ရဲ့ အမောတကောမေးစကားအဆုံး ဒိတ်ဒိတ်ကျဲ သူ့ကို အခုထိမျက်လုံးပြူးပြူးလေးတွေနဲ့ လိုက်ကြည့်နေသေးတဲ့ အိမ် ကလေးကို လက်ညှိုးထိုးပြလိုက်ရင်း. . .

"သူ. . . သူက. . . ဖေဖေတဲ့. . . သူက ကျွန်တော့်ကို ဖေဖေ လို့ခေါ်နေတယ်ဗျာ. . ."

သူ့စကားအဆုံး ကိုလပြည့်က ဒါများမင်းသားရယ်. . . ဘာ လိမ့်လို့. . . ဆိုတဲ့ပုံစံမျိုးနဲ့ သက်ပြင်းမောကိုချလိုက်သလို ကိုတွမ်တီး ကလည်း. . .

"မင်းသားကလည်း၊ ကိုယ့်အဖေမို့လို့ ဖေဖေလို့ခေါ်တာ ဘာ ဖြစ်တုန်းဗျာ. . . ဒီလောက်လန့်စရာလား"

"ဟား. . . ကျုပ်နားထဲမှာ တစ်မျိုးကြီးပဲဗျာ၊ ဘယ်လိုခံစားချက် ကြီးမှန်းလည်းမသိဘူး၊ ဟိုနားက ယားသလိုလို. . . ဒီနားကယားသလိုလို



www.burmeseclassic.com

www.burmeseclassic.com



. . . အားဟားဟား. . . ဘယ်လိုခံစားချက်ကြီးမှန်းမသိဘူးဗျာ. . .
ား. . ."

သူက အိပ်မက်ဆိုးမက်ပြီး လန့်နိုးလာသူတစ်ယောက်လို ဂဏှာ
ငြိမ်ဖြစ်ကာ ထိတ်လန့်နေသလောက် ကျန်တဲ့သူတွေကတော့ ပြုံးစိစိ။
ဒေါ်မေသီက ဟိုလှူ့ကြည့်လိုက် ဒီလှူ့ကြည့်လိုက်လုပ်နေတဲ့ အိမ်ကလေး
ကို ကောက်ယူပွေ့ချီလိုက်ရင်း. . .

"ဒါ. . . ပထမဦးဆုံး စကြားရတာမို့ပါမင်းသားရယ်. . .
နောက်ပိုင်းကျတော့ နားယဉ်သွားပြီး ခဏခဏတောင် ကြားချင်လာဦး
မယ်"

သူက သွေးရှူးသွေးတန်းဆန်ဆန် ခေါင်းကိုရမ်းမိတယ်။ ပြီး
တော့မှ အိမ်ကလေးကို ကြည့်လိုက်ရင်း. . .

"ဘယ်သူ. . . ဘယ်သူက ကျွန်တော့်ကို ဖေဖေခေါ်ဖို့ သူ့ကို
သင်ပေးတာလဲ. . . သူ့ဘာသာခေါ်တာလား. . ."

သူ့စကားအဆုံး ဒေါ်မေသီက ခေါင်းကိုရမ်းလိုက်ရင်း. . .

"မဟုတ်ဘူး. . . အိမ်ကလေးတို့အရွယ်က မပီကလာနဲ့ စကား
တွေ အများကြီးပြောနေရမယ့် အရွယ်လေ၊ အဲဒါအိမ်ကလေးကျတော့
စကားသိပ်မပြောတာနဲ့ အဒေါ်က အိမ်ကလေးကို မင်းသားဓာတ်ပုံပြပြ
ပြီး ဖေဖေခေါ်ဖို့ သင်ပေးထားတာ. . ."

အခုမှ ဒေါ်မေသီ့လက်ချက်ဆိုတာကို သိသွားတယ်။ ဒါပေမယ့်
အိမ်ကလေးဆီက အဲဒီ "ဖေဖေ. . ."ဆိုတဲ့ခေါ်သံကို ကြားရတာ သူ့
အတွက် တော်တော်ကို ခံစားရခက်သလိုပဲ။ ကြောက်တာလိုလို. . . ဝမ်း
နည်းတာလိုလို. . . ဝမ်းသာတာလိုလို. . . ရယ်ရမလိုငိုရမလို. . . အား



www.burmeseclassic.com

www.burmeseclassic.com



ဟား. . . အဲဒီခံစားချက်ကြီးကို ဘယ်လိုပြောပြရမှန်းကို မသိတာ
သက်သောင့်သက်သာနဲ့ သူ့နားထဲကိုဝင်မလာတာတော့ အမှန်ပဲ

သူက အဲဒီလို ဝေဝေဝါးဝါးဖြစ်နေတုန်းမှာပဲ အိမ်ကလေးဆီ
ခေါ်သံ ထပ်ထွက်လာပြန်တယ်။

"ဖေဖေ. . ."

ဒီတစ်ခါတော့ သူ ဘယ်လိုမှ ဆက်ပြီးမကြားရဲတော့ဘူး။
ဖာပေါ်မှာ ကျနေတဲ့ ဇာတ်ညွှန်းစာရွက်ကို ဆတ်ခနဲကောက်ယူပြီး အိမ်
ကလေးဆီက နောက်ထပ်ခေါ်သံထပ်ထွက်မလာခင် သူ့အခန်းဆီ
ဝရုန်းသုန်းကား ပြေးသွားမိတော့တယ်။ နောက်နားဆီမှာတော့ ရယ်
တွေ ခပ်ကျိတ်ကျိတ်ကျန်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com


နောက်နေ့မနက် သူမနက်စာစားဖို့ ထမင်းစားခန်းထဲရောက်တော့ ထမင်းစားခန်းထဲမှာ ကိုလပြည့်တစ်ယောက်ပဲရှိတယ်။ သူက ခန်းကျင်ကို တစ်ချက်ဝေ့ဝဲရှာကြည့်တော့ ကိုလပြည့်က တစ်ချက် သွမ်းသွေးလိုက်ရင်း. . .

"အဟင်း. . . မင်းသား. . . အိမ်ကလေးကိုရှာနေတာလား၊ တလေးကို အဒေါ်သနပ်ခါးလူးပေးနေတယ်၊ အဒေါ့်အခန်းထဲမှာ"

သူက ဘာမှပြန်မပြောဘဲ စားပွဲမှာ ဝင်ထိုင်လိုက်တော့ ကိုလပြည့်က သူ့ကိုကော်ဖီငှဲ့ထည့်ပေးတယ်။ သူက ကော်ဖီကို တစ်ငုံသောက်လိုက်ပြီးစဉ်မှာပဲ. . .

"ဪ. . . မင်းသား. . . ဒီမှာ"

ကိုလပြည့်က စာအိတ်ညိုတစ်ခုကို သူ့ရှေ့တွန်းပို့ပေးလာတယ်။ သူက မျက်လုံးနဲ့သာတစ်ချက်ကြည့်လိုက်ရင်း. . .

"ဘာလဲဗျာ. . . အလုပ်လက်ခံထားတာလား"

ဆိုတော့ ကိုလပြည့်က ခေါင်းရမ်းတယ်။ ပြီးတော့မှ သူ့ကို ကြည့်လာရင်း. . .

"မင်းသားခိုင်းထားတဲ့ DNA စစ်ချက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



တဲ့။

သူ့လက်ထဲမှာ ကိုင်ထားတဲ့ ကော်ဖီခွက်က တစ်ချက်တုန်သွား တယ်။ ဒါပေမယ့် သူက စိတ်ကိုပြန်ထိန်းလိုက်ကာ စာအိတ်ကိုတစ်လှည့် ကိုလပြည့်ကိုတစ်လှည့်ကြည့်လိုက်ရင်း. . .

"အဖြေက ဘာတဲ့လဲ. . ."

"အဖြေက မျိုးရိုးဗီဇနှစ်ခု ထပ်တူညီမှုဟာ ၉၉. ၉၉ ရာခိုင်နှုန်း တဲ့. . ."

သူက လက်ထဲမှာကိုင်ထားဆဲဖြစ်တဲ့ ကော်ဖီခွက်ကိုပြန်ချလိုက် တယ်။ ဒါဆို အိမ်ကလေးဟာ သူ့သွေးသားဆိုတာ သေချာသွားပြီပေါ့ နောက်တော့ သူက ကော်ဖီခွက်ကို ထပ်ကောက်ကိုင်လိုက်ပြန်တယ်



www.burmeseclassic.com

www.burmeseclassic.com


# VI

ညက နက်သထက်နက်လာပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း အိပ်မောကျလို့။ ဒါပေမယ့် မအိပ်နိုင်သေးတာက ရွှေသက်ပြင်း။ သူက ဒိတ်ဒိတ်ကျဲရဲ့ အိမ်နဲ့မလှမ်းမကမ်းမှာ ကားကိုရပ်ထားပြီး ဒီအချိန်ကို စောင့်နေခဲ့တာ။ ဖြစ်ချင်ရာဖြစ် ဒီနေ့ညတော့ သူက ဒိတ်ဒိတ်ကျဲရဲ့ အိမ်ထဲခိုးဝင်ပြီး စိတ်ထဲမှာ မတင်မကျဖြစ်နေတဲ့ ကလေးကိစ္စကို သေချာ အောင် စုံစမ်းမယ်လို့ ဆုံးဖြတ်ထားတာလေ။

ဒီလိုနဲ့ အားလုံးအိပ်မောကျလောက်တဲ့ အချိန်မှာ သူက ဒိတ်ဒိတ်ကျဲရဲ့ ခြံနားကိုကပ်လာခဲ့လိုက်တယ်။ ပြီးတော့ ခြံထဲကိုတစ်ချက် ပတ်ဝန်းကျင်ကိုတစ်ချက် အကဲခတ်လိုက်ပြီးမှ အုတ်တံတိုင်းကိုကျော်ကာ ခြံထဲကို လွှားခနဲ ခုန်ဆင်းချလိုက်တယ်။ ဒါပေမယ့် သူကျသွားတာက မြေမှာပေါ့ ကိုမဟုတ်ဘူး။ ဘယ်လိုကနေဘယ်လို ဖြစ်တည်နေမှန်းမသိ တဲ့ ဗွက်အိုင်ကြီးတစ်ခုထဲကိုကျသွားတာ။

"ဗွက်. . ."ဆိုတဲ့ အသံနဲ့အတူ ဗွက်တွေက ရွှေသက်ပြင်းရဲ့ ဦးခေါင်းအောက်နားလောက်အထိ နစ်ဝင်သွားတယ်။ အခုမှ ခက်ပြီ။


www.burmeseclassic.com

www.burmeseclassic.com



ရွှေသက်ပြင်းတစ်ယောက် ကုန်းရမလို၊ ကွရမလိုနဲ့ ဘာလုပ်ရမှန်း
ဖြစ်သွားတယ်။ ဒီလိုပေစုတ်စုတ်ကြီးနဲ့သာ အိမ်ထဲဝင်သွားရင် ခြေ
တွေ ထင်ကုန်ပြီး ညကလူဝင်တယ်ဆိုတာ ဒိတ်ဒိတ်ကျဲတို့သိသွား
မှာလေ။ ဘယ်လိုလုပ်ရပါ့။ ရောက်လာပြီးတော့မှလည်း နောက်ကြေ
ကိုပြန်မလှည့်ချင်။

ဒီလိုနဲ့ သူက မထူးပါဘူးလေဆိုပြီး ဗွက်ထဲကနေ မြေမာ
ရောက်အောင် ရုန်းတက်လိုက်ကာ စီးလာတဲ့ဖိနပ်နဲ့ ဘောင်းဘီအရှည်
ချွတ်ချပစ်လိုက်တယ်။ တော်သေးတာပေါ့။ အောက်မှာ ဘောင်းဘီအ
တစ်ထည် ခံဝတ်လာမိလို့။

နောက်တော့သူက ခြေဗလာ ဘောင်းဘီအတိုနဲ့ပဲ ဒိတ်ဒိတ်
ရဲ့ အိမ်နားကို ကပ်လာခဲ့လိုက်တယ်။ အိမ်ကြီးက တိတ်ဆိတ်နေလို
တာများ လူနေတယ်လို့တောင်မထင်ရ။ ဒီလိုနဲ့ သူက အိမ်ကြီးထဲ
ပြူတင်းပေါက်မှန်တွေက တဆင့်ချောင်းကြည့်လိုက်တယ်။ လူရိပ်လူ
မတွေ့ရတာ သေချာသွားတော့မှ သူက အိမ်ထဲကို ဝင်ဖို့နည်းလမ်း
တယ်။ ဒါနဲ့သူက နောက်ဖေးဘက်တံခါးကိုသွားဖွင့်ကြည့်ဖို့ စိတ်ကူး
ပြီး အိမ်ကြီးကိုပတ်ကာ နောက်ဖေးဘက်တံခါးဆီကို ခြေသံမထွက်အော
လျှောက်သွားလိုက်တယ်။

ဖြစ်ချင်တော့ နောက်ဖေးဘက်တံခါးက ကံအားလျော်စွာ
တံ ခါးချက်(ဂျက်)ချမထားတော့ အလွယ်တကူပွင့်သွားတယ်
ရွှေသက်ပြင်း ဝမ်းသာလုံးဆို့သွားကာ အိမ်ထဲကို ခြေဖော့နင်းပြီ
ဝင်လိုက်တယ်။ ဒါပေမယ့် သူ့ရဲ့ ပထမဆုံးခြေလှမ်းအချမှာတင်ပဲ. . .

"ဂျောင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ မြည်သံနဲ့ အတူ သူ့ခြေထောက်ပူထူသွားပြီး အုခနဲအ ထွက်သွားလို့ သူ့ပါးစပ်ကိုသူ မနည်းဘရိတ်အုပ်လိုက်ရတယ်။ နာတာ ဆတ်ဆတ်ခါကို နာတာပါ။ ဒါပေမယ့် အော်မညည်းရဲရှာဘူး။ ဘာ မိ့်ဆိုပြီး ခေါင်းမှာစွပ်လာတဲ့ နဖူးသိုင်းဓာတ်မီးကို အသာဖွင့်ကြည့် ကိုတော့ . . .။

အားလားလား . . . သူ့ခြေထောက်မှာ ညှပ်မိနေတာက ကြွက် ထောင်ချောက်ကြီးတစ်ခု။ သူက ရှုံ့ရှုံ့မဲ့မဲ့နဲ့ နာတာကိုအောင့်ခံပြီး ကြွက် ထောင်ချောက်မောင်းကို ဆွဲခွာကာ ခြေထောက်ကိုထုတ်ယူလိုက်တော့ ခြေထောက်မှာ သွေးတောင်စို့လို့ . . .။

"အား . . . ကျွတ် . . . ကျွတ် . . . ကျွတ် . . . ဘယ်ကလေက များ ကြွက်ထောင်ချောက်ကို တံခါးအဝင်မှာမှ ချထားရတာလဲမသိ ဘူးကွာ . . ."

သူက ပွစိပွစိနဲ့ ခပ်တိုးတိုးရေရွတ်ရင်း နဖူးက ဓာတ်မီးကို ပိတ်လိုက်ကာ အိမ်ထဲကို ဆက်ဝင်လာခဲ့လိုက်တယ်။ အိမ်ထဲမှာက င်ပိန်းနေတာပဲ။ ဒါပေမယ့် မင်းသားဒိတ်ဒိတ်ကျဲရဲ့ အိမ်ကို ဂျာနယ် ဖြစ်တဲ့သူက ခဏခဏရောက်ဖြစ်နေတာရော၊ တီဗီအစီအစဉ်တွေ ကြည့်ဖူးထားတာမို့ အတွင်းပိုင်းအခန်းဖွဲ့စည်းမှု ပုံစံတွေကို သူ ထားပြီးသားပါ။

ဒါနဲ့သူက သူရောက်နေတဲ့ မီးဖိုချောင်ထဲကနေ ထမင်းစား ထဲကို ဝင်လိုက်တယ်။ နောက် ထမင်းစားခန်းထဲကနေမှ ဧည့်ခန်း ရောက်ခင် ရှိနေသေးတဲ့ ဟောခန်းပုံစံအခန်းလွတ်တစ်ခုထဲကိုဖို့ တာစကို ဆွဲဖယ်လိုက်တယ်။ အဲဒီအချိန်မှာပဲ သူ့ရှေ့မှာ ဘာမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတဲ့ မည်းမည်းအရိပ်တစ်ခုရှိနေတာကို ရုတ်တရက်ဖွေ့လိုက်တယ်။ ဒါနဲ့ သူက ဘာပါလိမ့်ဆိုပြီး သေချာကြည့်ဖို့ နဖူးက ဓာတ်မီး ဖွင့်လိုက်တဲ့ အခါမှာတော့ . . .။

သူမြင်လိုက်ရတာက . . .။

ဆံပင်စုတ်ဖွား . . . မျက်တွင်းဟောက်ပက်နဲ့ ဖြူဖပ်ဖြူရော် မ မျက်နှာကြီးတစ်ခု . . .။

"အမလေး . . ."

ရွှေသက်ပြင်းရဲ့ အလန့်တကြားအော်လိုက်သံကြီးက တိုက် တစ်ခုလုံး ပွင့်ထွက်သွားမတတ်ပါပဲ။ ပြီးတော့ ဖိုးဖိုးဇတ်ဇတ်တွေ အကြောက်လွန်ပြီး နေရာမှာတင် သေးတွေတောင်ထွက်ကျကုန်တ နောက်တော့မှ . . .

"အားဟား . . . သရဲဗျာ . . . သရဲ . . . သရဲ . . ."

လို့အော်ပြီး နောက်ပြန်လှည့်တာ လာရာလမ်းအတိုင်း သွေ သွေးတန်းနဲ့ တစ်ချိုးတည်းလစ်ပြေးတော့တာပဲ။ ဖြစ်ချင်တော့ ထ စားခန်းထဲက အဖြတ်မှာ အလာတုန်းက မနင်းမိခဲ့တဲ့ ကြွက်ထော ချောက်နောက်တစ်ခုကို တက်နင်းမိပြန်တယ်။ ဒါပေမယ့် ဒီတစ်ခါတော ကြောက်စိတ်က မွှန်ထူနေတာဆိုတော့ ကြွက်ထောင်ချောက်ကို မ အားတော့ဘူး။ ဖြုတ်ဖို့လည်း မစဉ်းစားမိပါဘူး။ ကြွက်ထောင်ချော တန်းလန်းကြီးနဲ့ပဲ ထော့ကျိုးထော့ကျိုးနဲ့ ပြေးတယ်။

အုတ်တံတိုင်းကိုတောင် ဘယ်လိုပုံစံနဲ့ ဘယ်လိုကျော်တက် မိမှန်းမသိဘဲ ရွှေသက်ပြင်းတစ်ယောက် ခြံအပြင်ကို ပြန်ရောက်သွ တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသက်ပြင်း ခြံအပြင်ကိုရောက်သွားတော့မှ အိမ်ကြီးထဲက မီးတွေ အကုန်လုံးလည်း ဖျတ်ခနဲလင်းလာကာ အခန်းတစ်ခုအတွင်းက နေ အူတက်မတတ်ရယ်သံတွေနဲ့အတူ ဒိတ်ဒိတ်ကျဲတို့အုပ်စုထွက်လာတယ်။

ကိုလပြည့်က ရယ်လို့ထွက်ကျလာတဲ့ မျက်ရည်စတချို့ကို လက်နဲ့ အသာတို့သုတ်လိုက်ရင်းက. . .

"ကျွန်တော်ထင်တာကွက်တိပဲနော်. . . ညနေကတည်းက သူ့အားကို ခြံရှေ့မှာ တွေ့နေတော့ ဒီလူဒီအချိုးချိုးတော့မယ်ဆိုတာ တွေးမိပြီးသားလေ. . . တော်သေးတယ်နော်. . . ကျွန်တော်တို့ ကြိုတင်ပြင်ဆင်ထားလို့. . . ပြေးလိုက်တာများ တန်းနေတာပဲ. . ."

ကိုတွမ်တီးကလည်း ရယ်လို့အားရတော့မှ တွေးတွေးဆဆ ဟန်နဲ့. . .

"ဒီလူမလွယ်ဘူးနော် မင်းသား. . . ဒီတစ်ခါ မောင်းထုတ်လိုက်နိုင်ပေမယ့်လို့ နောက်ထပ်ဘာအကြံအစည်တွေ ထပ်ကြံလာဦးမလဲမသိဘူး။ လက်လျှော့မှာ မဟုတ်တာတော့ သေချာတယ်ဗျာ၊ ကျွန်တော်တို့ သတိထားရမယ်. . ."

လို့ဆိုတယ်။ ဒီတော့ ဒိတ်ဒိတ်ကျဲက. . .

"ကျွန်တော် မှားတာပါဗျာ. . . အိမ်ကလေး ပျောက်သွားတဲ့နေ့က ကိုလပြည့်ဖုန်းဆက်လာတော့ အဲဒီလူ အနားမှာရှိနေတာကိုမေ့ပြီး ကလေးဆိုတာကို ပါးစပ်ကထွက်သွားတယ်၊ အဲဒါကြောင့် ဒီလူအနံ့ရသွားတာ. . ."

"သူတစ်ယောက်တည်း မထင်နဲ့မင်းသားရ. . . ဖွလိုက်မယ့်ဂျာနယ်က ကောင်မလေးတစ်ယောက်လည်းရှိသေးတယ်၊ သူလည်း ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကိုသဲ လိုက်နေတာထင်တယ်၊ ဘယ်လိုအနံ့ရသွားလဲတော့ မသိဘူး. . ."

ကိုလပြည့်စကားကြောင့် ဒိတ်ဒိတ်ကျဲက ခေါင်းကိုညိတ်တယ်။

"ဘာပဲဖြစ်ဖြစ်ဗျာ. . . လောလောဆယ်တော့ သတင်းကို ဒီထက်ပို ပေါက်ကြားမသွားအောင် ထိန်းရမှာပဲ၊ နောက်တော့မှ တစ်မျိုး ကြည့်စီစဉ်ကြတာပေါ့. . ."

ဒီအခိုက်မှာပဲ ဆွဲချွတ်ထားတဲ့ ဆံပင်တုကြီးကို ကိုင်ရင်း ဒေါ်မေသီလည်း သူတို့အနားရောက်လာတယ်။ ဒိတ်ဒိတ်ကျဲက ဒေါ်မေသီ့ကိုပြုံးပြလိုက်ရင်း. . .

"ကျေးဇူးပါပဲ အဒေါ်ရယ်. . . အဒေါ်လည်း ကျွန်တော်နဲ့တွေ့မှ ကလေးကလားလုပ်နေရပြီ. . ."

"ရပါတယ်မင်းသားရယ်. . . အဆင်ပြေပြေနဲ့ ပြီးသွားတာကိုပဲ ဝမ်းသာနေတာ. . ."

"ဒါနဲ့ အိမ်ကလေးရော နိုးသွားသေးလား. . . အဒေါ်"

"မနိုးဘူးကွယ့်. . . အိပ်ပျော်နေတုန်းပဲ. . ."

ဒိတ်ဒိတ်ကျဲက အိမ်ကလေးအိပ်နေတဲ့ အခန်းဆီကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ ရင်ထဲမှာ ခပ်ရှိန်းရှိန်းခံစားချက်တစ်ခုက ချဉ်းနင်းလျက်. . .။



www.burmeseclassic.com

www.burmeseclassic.com

# အချစ် အချစ်ရှိရာအရပ်သို့ ...
## မျက်နှာမူ၍ စပ်သောကဗျာ

“ဘာပြောတယ်. . . အချစ် ! ဟုတ်လား. . . ငါသိတဲ့အချစ်တော့ သုမောင်ရဲ့ နာမည်ကြီးဝတ္ထုနာမည်ပဲကွ. . .”

“ဘယ်လို!. . . မောင်. . . မောင်ဘယ်လိုပြောလိုက်တယ်. . . ပြောရက်လိုက်တာမောင်ရယ်. . . ပြောရက်လိုက်တာ၊ ညို့အပေါ်မှာ ာင် နည်းနည်းလေးမှတောင် သံယောဇဉ်မရှိခဲ့ဘူးလား၊ ပြောစမ်းပါ ာင်ရဲ့”

“သံယောဇဉ်!. . . သံယောဇဉ်. . . ဟုတ်လား၊ အဲဒီစကားလုံး လည်း လေးဖြူအော်အော်နေတာတော့ ခဏခဏကြားမိသား. . . င်းပြောတာ အဲဒီသံယောဇဉ်ကိုလား. . .”

ဒိတ်ဒိတ်ကျဲက စကားစကို ခဏဖြတ်ထားကာ သရော်တော် ာ်ဟန်နဲ့ နှုတ်ခမ်းထောင့်စွန်း တစ်ဖက်တည်းကို ကော့တက်သွား ောင်ပြုံးလိုက်ရင်း. . .

“လာမပြောနဲ့. . . အဲဒါတွေကို ငါစိတ်မဝင်စားဘူး၊ ငါစိတ်ဝင် တာက တစ်ခုတည်း. . . အဲဒါက ငွေပဲကွ၊ ငါ့အတွက်တော့ ဟောဒီ ာကကြီးမှာ ငွေသာလျှင် ပထမ၊ ငွေသာလျှင် ဒုတိယ၊ ငွေသာလျှင် တိယပဲ၊ မင်းကိုငါလိုက်ခဲ့တယ်ဆိုတာကလည်း ငွေဆယ်ဒိန်းနဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



လောင်းအစားလုပ်ပြီးတော့ လိုက်ခဲ့တာ၊ ချစ်တာတွေ သံယောဇဉ်တွေ ဘာတစ်ခုမှ ငါ့ခေါင်းထဲမှာ မရှိဘူး၊ ငါ့ကိုပြန်ချစ်ခဲ့တဲ့ အတွက်တော့ မင်းကိုငါ ကျေးဇူးတင်ပါတယ်. . . နော. . . ဒါပေမယ့် အခုငါလိုချင်တဲ့ငွေက ငါ့လက်ထဲမှာရောက်နေပြီဆိုတော့ ငါ့အတွက် မင်းမလိုတော့ဘူး၊ ညို့ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ငါ့အတွက် အပိုဖြစ်သွားပြီကွ

ဒိတ်ဒိတ်ကျဲက စကားကို ခဏဖြတ်ထားလိုက်ပြန်ကာ ညို့ရဲ့ မျက်လုံးတွေထဲကို သေသေချာချာစိုက်ကြည့်ပေးလိုက်ရင်း. . .

"ပိုနေတဲ့အရာဆိုတာ ဘာကိုပြောတာလဲသိလား. . . အမှိုက်ကိုပြောတာ. . . အမှိုက်. . ."

ညို့ရဲ့ နှုတ်ခမ်းတွေက မခံမရပ်နိုင်ခြင်း နာကျင်အောင့်မျက်ခြင်းတွေကြောင့် တဆတ်ဆတ်တုန်ယင်လာတယ်။

"ရှင်. . . ရှင်. . . မိုက်ရိုင်းလှချည်လား၊ ကဲဟယ်. . ."

ညို့ရဲ့ လက်တစ်ဖက်က မြောက်တက်လာတယ်။ ဒါပေမယ့် ဒိတ်ဒိတ်ကျဲက သူမရဲ့လက်ကို လေထဲမှာတင် ဖမ်းကိုင်ထားလိုက်ရင်း စောစောကလိုပဲ နှုတ်ခမ်းထောင့်စွန်းတစ်ဖက်တည်းကို ကော့တက်သွားအောင် ပြုံးပေးလိုက်ကာ. . .

"ဒီလိုမရဘူးလေ. . . ဒီလိုလုပ်လို့ရမယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့၊ အဟင်း. . . မင်း နုပါသေးတယ်ကွာ"

ပြောပြီး ဒိတ်ဒိတ်ကျဲက သူဖမ်းဆုပ်ထားတဲ့ ညို့ရဲ့လက်ကလေးကို သူမရုန်းကန်နေတဲ့ကြားက ရအောင်နမ်းပေးလိုက်တယ်။ ခဏခိုက်မှာပဲ. . .

"ကဒ်. . . ကောင်းတယ်. . . အိုခေ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဒါရိုက်တာရဲ့ အော်သံက ထွက်ပေါ်လာတယ်။

"မင်းသားက ခဏနားမယ်. . . မင်းသမီးကတော့ နောက်တစ်ဆင်း(န်)ရိုက်ဖို့အတွက် အဝတ်အစားမြန်မြန်လဲမယ်နော်. . ."

ဒိတ်ဒိတ်ကျဲက ခေါက်ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်ချလိုက်တာ ဘေးနားမှာချထားတဲ့ ရေသန့်ဘူးကိုကောက်ယူမော့လိုက်တယ်။ ဒီအချိန်မှာပဲ သူ့ဟန်းဖုန်းက မြည်လာတယ်။

"လှိုင်သာယာမီးခွက်ဈေး. . . ကိုသောင်းကြည် ဘဲဥဆိုင်မှ. . . ရွှေပြည်သာ ရွာဟောင်းဈေး. . . မလှရီအကြော်ဆိုင်အတွက်. . ."

သူက ဖုန်းကိုထုတ်ကာ ကြည့်လိုက်တော့ အိမ်ကဖုန်းနံပါတ်။ အိမ်မှာကျန်နေခဲ့တာဆိုလို့ ဒေါ်မေသီနဲ့ အိမ်ကလေးပဲရှိတာ။ ဘာကိစ္စများရှိလို့ပါလိမ့်။

"ဟယ်လို. . ."

"မင်းသား. . . မင်းသားလား. . . အမြန်. . . အမြန်ပြန်ခဲ့ပါ မင်းသားရယ်. . . ဒီမှာ အိမ်ကလေး. . . အိမ်ကလေးကုတင်ပေါ်က ပြုတ်ကျလို့၊ သွေးတွေအများကြီးပဲ မင်းသားရယ်. . . အမြန်. . . အမြန်ပြန်လာ"

သူက ဒေါ်မေသီရဲ့ စကားကိုတောင် ဆုံးအောင်စောင့်မနေတော့ဘဲ ဖုန်းကိုအိတ်ကပ်ထဲထိုးထည့်လိုက်ကာ ရပ်ထားတဲ့ကားဆီကို ချွန်းသုန်းကား ထပြေးမိတယ်။ ဒီတော့ ကိုလပြည့်ကလည်း ချက်ဆိုဘေးခွက်က မီးတောက်တဲ့သူဆိုတော့ နပ်တယ်။ ဒိတ်ဒိတ်ကျဲကားပေါ်ရောက်တာနဲ့ သူကလည်းတက်ပြီးသား။ ကိုတွမ်တီးကလည်း ဒိတ်ဒိတ်ကျဲ အလောတကြီးပြေးလာတာကို မြင်ကတည်းက ကားစက်ကိုဆင်သင့်

www.burmeseclassic.com

www.burmeseclassic.com



နှိုးထားပြီးသားပင်။

"ဟာ. . . မင်းသား. . . မင်းသား. . . ဘယ်သွားမှာလဲ. . . မင်းသား. . . ဟာ. . . ဟေ့. . ."

ရှုတင်မန်နေဂျာကိုလည်း ဘာစကားမှ ပြန်မပြောဖြစ်ဘဲ လမ်း မပေါ်ကို ကားရောက်သွားတော့မှ ဒိတ်ဒိတ်ကျဲက. . .

"အိမ်ကလေး. . . ခုတင်ပေါ်ကပြုတ်ကျလို့တဲ့၊ ဘယ်ကိုထိ သွားလည်းတော့ မသိဘူး၊ သွေးတွေအများကြီးတဲ့"

လို့ ကျန်နှစ်ယောက်ကိုပြောပြဖြစ်တယ်။ ဒီအချိန်မှာပဲ သူတို့ နောက်က ကားနှစ်စင်း လိုက်လာတာကို ကိုလပြည့်က မြင်သွားတယ်

"ဟား. . . အရေးထဲမှ. . . နောက်မှာ ဟိုသတင်းထောက်နှစ် ယောက်ထင်တယ်၊ ပါလာပြန်ပြီ"

"ကျွတ်. . ."

ဒိတ်ဒိတ်ကျဲက စိတ်ရှုပ်သလိုဟန်နဲ့ ကျွတ်ခနဲစုတ်သပ်တယ် ဒီ နှစ်ယောက်ကတော့ တဆိတ်လွှန်လာပြီကွာ။

ဒီလိုနဲ့ အိမ်ပြန်ရောက်တော့ ဧည့်ခန်းထဲမှာ ဘာလုပ်ရမှန်းမ သိဟန်နဲ့ မျက်စိမျက်နှာပျက်နေတဲ့ ဒေါ်မေသီ့ကိုတွေ့လိုက်ရတယ်။ အိမ် ကလေးက သူ့ရင်ခွင်ထဲမှာ ငိုလို့။ ခေါင်းမှာကလည်း သွေးတွေရွှဲနေ တာပဲ။

"အိမ်ကလေး. . . အိမ်ကလေးဘာဖြစ်တာလဲ အဒေါ်. . ."

ဒိတ်ဒိတ်ကျဲရဲ့ အလောတကြီးမေးစကားအဆုံး ဒေါ်မေသီက အိမ်ကလေးရဲ့ခေါင်းက ဒဏ်ရာမှာ ဖိကပ်ကိုင်ထားတဲ့ ပုဝါအစိထည်ကို ဆွဲဖယ်ပြလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ခုတင်ပေါ်က ပြုတ်ကျတာ မင်းသားရယ်. . . ခေါင်းပေါက်သွားတာ၊ အဒေါ်လည်း သွေးတိတ်အောင်တော့ တတ်သလောက်မှတ်သလောက်လုပ်ထားတာပဲ၊ ဒါပေမယ့် သွေးကမတိတ်ဘူး၊ ဆေးခန်းသွားမယ်လုပ်တော့လည်း သတင်းထောက်တွေနဲ့ တိုးနေရင်အခက်လေ. . . ကူပါဦးမင်းသားရယ်. . . အိမ်ကလေးကို ဆေးရုံပို့မှဖြစ်မယ်. . ."

သူက အိမ်ကလေးကို ဒေါ်မေသီ့လက်ထဲကနေ လွှဲပြောင်းယူလိုက်တော့ အိမ်ကလေးက သူ့ကိုတင်းကျပ်စွာပြန်လည်ဖက်တွယ်လာရင်း. . .

"ဖေဖေ. . . ဖေဖေ. . ဖေ. . ."

ဆိုပြီး ပိုငိုတော့တယ်။ ဒီအချိန်မှာပဲ သူ့စိတ်တွေ လွတ်ထွက်သွားတာ. . .

"အေးအေး. . . ဟုတ်တယ်၊ ဖေဖေရှိတယ်နော်. . . သား. . . ဖေဖေရှိတယ်၊ ဖေဖေ. . . ရှိတယ်"

လို့ဆိုလိုက်မိတော့တယ်။ ဒါဟာ ဒိတ်ဒိတ်ကျဲအတွက် သူ့ကိုယ်သူ ပထမဆုံးအကြိမ် ဖေဖေလို့နာမ်စားသုံးလိုက်တာဖြစ်သလို သားလို့ခေါ်တာလည်း ပထမဆုံးအကြိမ်ပါပဲ။

"ကိုလပြည့်. . . မြန်မြန်စီစဉ်ပါဦး၊ အိမ်ကလေးကို ဆေးရုံပို့မှဖြစ်မယ်. . ."

ဆိုတော့ ကိုလပြည့်က မှန်ပြတင်းကတဆင့် ခြံအပြင်ဘက်ဆီကို လှမ်းကြည့်လိုက်ရင်း. . .

"အပြင်မှာက ဟိုနှစ်ယောက်ရှိတယ် မင်းသား. . . ဒီလိုလုပ် ဒီအတိုင်းလဲ မင်းသားက ဆေးရုံကိုလိုက်လို့မရမယ့်အတူတူ မင်းသားနဲ့

www.burmeseclassic.com



ကိုတွမ်တီးက ဟိုရှေ့က နှစ်ယောက်ကို အရင်မျှားခေါ်သွားလိုက်၊ ကျွန်တော်နဲ့ ကျွန်တော့်အဒေါ်ပဲ ဆေးခန်းကို တခြားကားတစ်စီးနဲ့ သွားလိုက်မယ်. . . မကောင်းဘူးလား"

"အိုခေ. . . အဲဒီလိုပဲ လုပ်တာပေါ့၊ လာလာ. . . ပြောနေတာကြာတယ်၊ ကိုတွမ်တီး သွားရအောင်"

ဒိတ်ဒိတ်ကျဲက အိမ်ကလေးကို ဒေါ်မေသီ့လက်ထဲ ပြန်လွှဲပေးလိုက်ရင်း. . .

"အဒေါ်. . . ကျွန်တော့်သားလေးကို ကျွန်တော်စိတ်ချမယ်နော်. . ."

လို့ဆိုတယ်။ အိမ်ကလေးကတော့ သူ့ကိုကြည့်ကာ ငိုလို့။ သူ့ရင်ထဲမှာ ဘယ်လိုမှ နေလို့မရ။ သွေးကစကားပြောတယ်ဆိုတာ ဒါမျိုးဖြစ်မှာ။

ဒီလိုနဲ့ ကိုလပြည့်စီစဉ်ထားတဲ့အတိုင်း ဒိတ်ဒိတ်ကျဲနဲ့ ကိုတွမ်တီးက စောစောက ကားပေါ်ပြန်တက်ကာ အပြင်ကိုပြန်မောင်းထွက်သွားလိုက်တော့ သူတို့ထင်ထားတဲ့ အတိုင်းပဲ ဂျူနီယာကျော်ကြီးရဲ့ကားနဲ့ ရွှေသက်ပြင်းတို့ကားက နောက် ခပ်လှမ်းလှမ်းကနေ ပါလာတယ်။ ကိုလပြည့်တို့ အဆင်ပြေပါစေပဲ ဆုတောင်းရမယ်။

"ဘယ်ကိုမောင်းရမလဲ. . . မင်းသား. . ."

စိတ်ဗျာများနေတဲ့ ဒိတ်ဒိတ်ကျဲက ကိုတွမ်တီး အမေးစကားကြားမှ ပစ္စက္ခအခြေအနေကို သတိရသွားတယ်။

"ကြိုက်တဲ့နေရာမောင်းဗျာ. . . တော်တော်ဝေးဝေးကိုသာ ရောက်အောင်မောင်း၊ ပြီးမှ နောက်ကကားနှစ်စင်းကို ဖျက်ခြေဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြန်မယ်. . .”


ဒီလိုနဲ့ ကိုတွမ်တီးက ကားကိုအရှိန်မြင်းမြင်းနဲ့ လီဗာကိုဖိနင်း ာ အိမ်နဲ့ဝေးသထက်ဝေးအောင် မောင်းလာခဲ့လိုက်တယ်။ နောက်တ ားနှစ်စင်းကလည်း တရိပ်ရိပ်နဲ့ ပါလာတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဂျူနီယာကျော်ကြီးနဲ့ ရွှေသက်ပြင်းတို့ရဲ့ကားတွေကို မနည်း ချော်ခြေဖြတ်ပြီး ဒိတ်ဒိတ်ကျဲတို့ အိမ်ပြန်ရောက်လာတော့ ကိုလပြည့် တို့လည်း ပြန်ရောက်နေကြပြီ။

"သား. . . သား အခြေအနေ ဘယ်လိုရှိလဲဟင် ကိုလပြည့်"

ဒိတ်ဒိတ်ကျဲက အမောတကောမေးတော့. . .

"အဒေါ်အခန်းထဲမှာ အိပ်ပျော်နေတယ် မင်းသား၊ ဒေါက်တာက ဆေးတစ်လုံးထိုးပေးလိုက်လို့၊ ဘာမှတော့ စိုးရိမ်စရာမရှိတော့ပါဘူး"

ကိုလပြည့် စကားအဆုံး ဒိတ်ဒိတ်ကျဲက ဒေါ်မေသီ့အခန်းထဲကို ဝင်သွားလိုက်ကာ အိမ်ကလေးကိုသွားကြည့်တယ်။ အိမ်ကလေးက ခေါင်းမှာ ပတ်တီးအဖွေးသားနဲ့ အိပ်ပျော်လို့။ သူ့ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရတယ်။ ဘယ်လောက်တောင်မှ ကလေး နာသွားရှာလဲ။ အမေကလည်း သေမှန်းမသိ ရှင်မှန်းမသိ၊ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းလဲ မသိ။ အဖေဖြစ်တဲ့ သူကလည်း ကလေးအဖေဖြစ်သွားပြီဆိုတဲ့ ရုတ်တရက် အပြောင်းအလဲကြားမှာ စိတ်တွေဂယောက်ဂယက်ဖြစ်တာရော၊ ကိုယ့်အလုပ်နဲ့ကိုယ် မအားတာတွေရော ပေါင်းကာ အိမ်ကလေးကို ဂရုမစိုက်မိခဲ့။

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

အဖေဖြစ်တဲ့ သူ. . . အိမ်ကလေးအပေါ်မှာ တာဝန်မကျေ
ရှောက်နေခဲ့ပါပြီကော။

သူက အိမ်ကလေးရဲ့ မျက်လုံးအိမ်ထောင့်မှာ တွဲခိုနေတဲ့ မျ
ရည်စလေးတွေကို တို့သုတ်ပေးလိုက်ကာ ပါးကလေးကို တစ်ချက်ရှေ
ကြူလိုက်မိတယ်။ ရင်ထဲမှာ လှိုက်ဖြာသွားပုံက ပြောမပြတတ်လော
အောင်ပါပဲ။

နောက်တော့ သူက အိပ်ပျော်နေတဲ့ အိမ်ကလေးကို အ
အယာပွေ့ယူလိုက်ကာ ဒေါ်မေသီ့အခန်းထဲက ထွက်လာတော့ အခ
တံခါးအပြင်မှာ ကိုလှပြည့်နဲ့ ဆုံတယ်။

"အိမ်ကလေးကို ဒီနေ့ည ကျွန်တော့်အခန်းထဲမှာပဲ သိပ်လို
တော့မယ်ဗျာ. . . "

www.burmeseclassic.com

www.burmeseclassic.com

# အချစ် အချစ်ရှိရာအရပ်သို့ ...
## မျက်နှာမူ၍ စပ်သောကဗျာ

ခါးဆီက ပူနွေးနွေး အထိအတွေ့တစ်ခုကြောင့် အိပ်ပျော်နေရာအနေ ဒိတ်ဒိတ်ကျဲ နိုးလာတယ်။ အစတော့ အိပ်မက်လိုလို ဘာလိုလိုပဲ။ ဒီလိုနဲ့ နှာခေါင်းထဲကိုပါ အနံ့အသက်တစ်မျိုးက ဝင်ရောက်လာလေတော့မှ သူက ဒါဟာ ဘာဆိုတာကို တွေးလိုက်မိရင်း အိပ်ရာထဲကနေ ခုန်ထလိုက်မိတော့တယ်။

"ဟာ !. . . သေး. . ."

ဟုတ်တယ်။ အိမ်ကလေး သေးတွေပေါက်ချလိုက်တာ။ ဒိတ်ဒိတ် ကျဲရဲ့ ညဝတ်ဘောင်းဘီမှာ အကွက်လိုက်ကြီး စိုရွှဲသွားတယ်။ သူ့စောင် တွေရော မွေ့ရာတွေပါ သွားရှာလေပြီ။

"ဟာ. . . ဟာကွာ. . ."

သူက ရယ်ရအခက် ငိုရအခက်နဲ့ ခေါင်းကိုသာ တဗျင်းဗျင်း ကုတ်မိတော့တယ်။ ဒေါ်မေသီကိုသွားနှိုးရရင် ကောင်းမလား စဉ်းစားမိတော့လည်း အချိန်က မနက်နှစ်နာရီလောက်အချိန်ကြီးဆိုတော့ သွားနှိုးရမှာ အားနာစရာ။

ဒါနဲ့သူက ကိုယ့်ဘာသာပဲ အိမ်ကလေးခါးက ဘောင်းဘီကိုဆွဲချွတ်၊ သေးစိုသွားတဲ့ စောင်နဲ့အိပ်ရာခင်းကိုပါအောက်ကိုဆွဲချ လုပ်

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ တော်သေးတာပေါ့။ မွေ့ရာက ပလက်စတစ်အစွပ်နဲ့မို့၊ မို့ဆို မတွေးရဲစရာ။

ကိစ္စဝိစ္စတွေအားလုံးပြီးသွားတော့မှ သူက သက်ပြင်းကို ခန့်ချကာ ခုတင်ပေါ်ကို ခြေပစ်လက်ပစ်ပြန်လှဲချလိုက်မိတယ်။ သူက တစောင်းအနေအထားနဲ့ အိမ်ကလေးကိုကြည့်တော့ အိမ်က က အိပ်ပျော်နေရင်းနဲ့ ပြုံးလို့။ ဘာတွေများ အိပ်မက်ပြီး သဘော နေသလဲတော့ မသိ။

သူက စိတ်ညစ်ရတဲ့ ကြားကနေ အဲဒီပုံလေးကိုကြည့်ပြီး ချစ် ဖြစ်သွားရကာ အိမ်ကလေး နဖူးလေးကို အသာမွှေးကြူလိုက်မိတ ခွေးကောင်လေး. . . သေးရွဲတာတောင် မနိုးဘူး။



www.burmeseclassic.com

www.burmeseclassic.com



# VII

ဒီနေ့တော့ ဒိတ်ဒိတ်ကျဲရဲ့ အိမ်ခြံဝန်းထဲမှာပဲ ဗီစီဒီတစ်ပုဒ် ...ရိုက်ဖို့ရှိပါတယ်။ တကယ်တော့ ဒိတ်ဒိတ်ကျဲက အိမ်ကလေးကိစ္စရှိ ...နေတော့ လက်မခံချင်ဘူး။ ဒါပေမယ့် ဒိတ်ဒိတ်ကျဲရဲ့အိမ်က ဂျပန် ...ဟာခင်းစိမ်းတွေ ပန်းပင်အလှတွေနဲ့ အိမ်ဒီဇိုင်းကလည်း ပရိသတ်တွေ ...အတွက် အသစ်အဆန်းတစ်ခုဖြစ်နေမှာဆိုတော့ ဒါရိုက်တာက အရမ်း ...ကို စိတ်အားထက်သန်နေတာရယ်၊ အဆိုတော်နဲ့ကလည်း အတော်လေး ...ကို ရင်းနှီးနေတာဆိုတော့ မငြင်းသာဘူး။ ပြီးတော့ ဒီမှာလာပြီး အခုလို ...ဗီဒီရိုက်ဖို့ကိစ္စကလည်း အိမ်ကလေးကိစ္စပေါ်မလာခင်ကတည်းက ...ပြောဆိုလက်ခံထားတာလေ။ ဒီတော့ အားလုံးစီစဉ်ပြီးသားဖြစ်နေတာ ...ကို အခုမှ ထပြီး ငြင်းလိုက်လို့ ဘယ်ကောင်းပါတော့မလဲ။ ပြီးတော့ ...သတင်းထောက်နှစ်ယောက်ကလည်း ရှိသေးတယ်။ တော်ကြာ ဒီအ ...ကြောင်းကို သိသွားမှ ပိုပြီးသက်သာမကောင်းဖြစ်လာမှာ စိုးရတယ်။ ဒါကြောင့် ...သူတ သူ့မှာဘာမှဖုံးကွယ်ထားတာမရှိဘူးဆိုတဲ့ အဖြစ်မျိုးကိုပြဖို့ ...အတွက် အိမ်မှာ ဗီစီဒီလာရိုက်မယ့်ကိစ္စကို နဂိုစီစဉ်ထားတဲ့အတိုင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ဆုံးဖြစ်လိုက်တော့တာ။ ဒါပေမယ့် အိမ်ကလေးကိုတော့ ဒေါ်မေ
သီနဲ့အတူ ကိုလပြည့်တို့အိမ်ကို ခဏသွားပို့ထားဖို့ လုပ်ထားကြတယ်
ဒေါ်မေသီက လိုအပ်တဲ့ပစ္စည်းတွေကို ခြင်းကြီးတစ်လုံးနဲ့ စုထည့်
တယ်။ ကိုလပြည့်ရယ် ကိုတွမ်တီးရယ် ဒိတ်ဒိတ်ကျဲရယ် သုံးယော
တတော့ အိမ်ထဲမှာရှိတဲ့ အိမ်ကလေးနဲ့ပတ်သက်တဲ့ပစ္စည်း
မှန်သမျှကို လက်စလိုက်ဖျောက်နေကြတယ်။ တကယ်တော့ မနေ့
ကတည်းက အိမ်ကလေးရဲ့ ခြေရာလက်ရာမှန်သမျှကို ရှင်းလင်းထား
သားပါ။ ဒါပေမယ့် မေ့ကျန်နေတာမျိုးတွေဘာတွေ မဖြစ်ရလေအောင်
နောက်တစ်ခေါက်ထပ်စစ်နေကြတာ။ သတိဆိုတာက ပိုတယ်လို့မရှိ
လေ။

"အဆင်သင့်ဖြစ်ပြီလား . . . ဒေါ်လေး၊ သွားကြရအောင်
တော် ကြာနေရင် ရိုက်ကူးရေးအဖွဲ့တွေလာကြတော့မှာ"

ကိုလပြည့်စကားအဆုံး ဒေါ်မေသီက ပစ္စည်းတွေစုထည့်ထား
ခြင်းတောင်းကြီးကို ကောက်ယူဆွဲလိုက်ကာ တစ်ဖက်ကလည်း အိမ်
လေးကို ချီပွေ့လိုက်ရင်း . . .

"အေးအေး . . . ပြီးပြီ၊ ပြီးပြီ . . . သွားရအောင်"

လို့ဆိုတယ်။ ဒီလိုနဲ့ အပြင်ကိုထွက်ဖို့ အိမ်တံခါးဝဆီအရော
မှာတော့ . . .

"တီတီ . . . တီတီ . . . တီ"

ခြံရှေ့ဆီက ထွက်ပေါ်လာတဲ့ ကားဟွန်းတီးသံကြောင့်
ကိုလပြည့် ခေါင်းနပန်းကြီးသွားတော့တယ်။

"ဟင်! ရိုက်ကူးရေးအဖွဲ့တွေ . . . ဒေါ်လေး . . . အိမ်ထဲကိုအမြ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်၊ အမြန်ပြန်ဝင်. . . မြင်သွားဦးမယ်"

လို့ဆိုကာ ဒေါ်မေသီ့ကို ကိုလပြည့်က အိမ်ထဲဘက် အတင်း တွန်းပို့တယ်။ ပြီးတော့ ခြံတံခါးဝဆီကို ခြေလှမ်းမယ်ပြင်နေတဲ့ ဦးအောင်မောင်းကြီးကိုလည်း လက်ဟန်ခြေဟန်နဲ့ အသာလှမ်းခေါ် လိုက်ရကာ. . .

"အခြေအနေအားလုံးကို ဦးလေးသိတယ်နော်. . . ရှေ့ကအဖွဲ့ တွေကို ရနိုင်သလောက်အချိန်ဆွဲထားပေးဗျာ၊ ကျွန်တော်တို့ အထဲမှာ အားလုံးပြင်ဆင်ပြီးသွားရင် ကျွန်တော်ပြန်ထွက်လာခဲ့မယ်၊ အဲဒီအချိန် ကျမှ သော့ဖွင့်ပေး. . . ဟုတ်ပြီလား"

"အင်းအင်း. . . ဦးလေးနားလည်ပါတယ်. . ."

ဆိုပြီး ဦးအောင်မောင်းက ခြံတံခါးဆီကိုပြေးသွားသလို ကိုလပြည့် ကလည်း အထဲကပြဿနာကိုရှင်းဖို့ အိမ်ထဲပြန်ပြေးဝင်သွားတယ်။ ဦး အောင်မောင်း ခြံတံခါးဝကိုရောက်တယ်ဆိုရင်ပဲ အခုရိုက်မယ့်သီချင်းရဲ့ အဆိုတော် နယုန်မိုးညိုက. . .

"ကြာလိုက်တာ ဦးလေးကြီးရယ်၊ တံခါးကိုမြန်မြန်ဖွင့်စမ်းပါဗျာ."

လို့ဆိုတယ်။ ဒီတော့ ဦးအောင်မောင်းကလည်း အကယ်ဒမီရ မယ့် အိုက်တင်မျိုးနဲ့ ကိုယ့်ကိုကိုယ် ခန္ဓာကိုယ်အနှံ့ ပွတ်သပ်စမ်းရှာ လိုက်ပြီးမှ. . .

"သြော်. . . သော့ကို ခါးကြားမှာထိုးထားတယ်ထင်နေမိတာ၊ သက်စသတ်တော့ အခန်းထဲက စားပွဲပေါ်မှာကျန်နေခဲ့တာပဲ၊ ခဏလေး နော်၊ သွားယူလိုက်ဦးမယ်"

ဆိုကာ သူ့အခန်းဆီကိုပြန်သွားလိုက်ပြီး ခဏထိုင်နေလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ သော့တွဲကြီးတစ်ခုကို ကောက်ယူလိုက်ကာ ပြန်ထွက်သွားလိုက်ပြီး ခြံတံခါးမှာ ခတ်ထားတဲ့သော့ခလောက်ထဲကို တစ်ချောင်းပြီးတစ်ချောင်း ထိုးထည့် လုပ်နေလိုက်တယ်။ ဆယ့်ငါးချောင်းလောက်ပါတဲ့သော့တွဲကြီးသာ အချောင်းအကုန်စေ့သွားတယ်။ သော့ကတော့ မပွင့်လာဘူး။ ဘယ်ပွင့်ပါ့မလဲ. . . အဲဒီသော့တွဲကြီးကို ဟိုတစ်နေ့ကမှ ဦးအောင်မောင်း လမ်းကနေ ကောက်တွေ့လာတာလေ။

"ဒီသော့တွဲ မဟုတ်သေးဘူးကွယ့်၊ ခဏ. . . နော်"

ဆိုပြီး ဦးအောင်မောင်းက နယုန်မိုးညိုကို မချိသွားဖြဲရယ်ပြလိုက်ပြီး သူ့အခန်းဆီကို ပြန်လာလိုက်ပြန်တယ်။ ပြီးတော့ အခန်းထဲမှာတင် တအောင့်လောက်ထိုင်နေလိုက်ပြန်ပြီးမှ စောစောကသော့တွဲကြီးကိုပဲ ပြန်ယူလာလိုက်ကာ ခြံဝန်းတံခါးဆီကို ထွက်လာလိုက်ပြန်တယ်။ ပြီးတော့ စောစောကလိုပဲ သော့ခလောက်ထဲကို သော့တံတွေ တစ်ချောင်းပြီးတစ်ချောင်းထိုးထည့်ကာ ဖွင့်နေလိုက်ပြန်တော့တယ်။

"ဟား. . . အပေါက်ဝမှာတင် နယုန်တို့ဝါဆိုတော့မှာပဲ၊ ဦးလေးကလည်း ကိုယ်နေ့တိုင်းခတ်နေတဲ့ သော့ကိုတောင် မမှတ်မိဘူးလားဗျာ. . ."

နယုန်မိုးညိုရဲ့ခပ်လောလော အမေးစကားကြောင့် ဦးအောင်မောင်းက ရယ်ချင်စိတ်ကိုထိန်းထားလိုက်ရင်း. . .

"ဦးလေးလည်း မှတ်တော့မှတ်တာပဲကွယ့်၊ ဒါပေမယ့် အသက်ကြီးလာတော့ ခဏခဏသတိမေ့တတ်လာပြီလေ၊ ဒီသော့တွဲလည်း မဟုတ်သေးဘူးကွယ်. . . ခဏနော်. . . ဦးလေး နောက်ထပ်သော့တွဲ တစ်တွဲ ထပ်သွားယူလိုက်ဦးမယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အခန်းဆီ ပြန်လာခဲ့လိုက်ပြန်တယ်။ နောက်တစ်အောင့် လောက်ထိုင်နေလိုက်ပြန်ပြီးမှ ဒီသော့တွဲကြီးကိုပဲ ပြန်ကောက်ကိုင်လာခဲ့ လိုက်ပြန်ကာ ခြံတံခါးဝဆီကို ထွက်လာခဲ့လိုက်တယ်။ ဒီအချိန်မှာပဲ အိမ်ထဲကနေ ကိုလပြည့်ထွက်လာကာ. . .

"ဦးလေးရေ. . . တံခါးဖွင့်ပေးလိုက်လေဗျာ၊ ဘာလုပ်နေတာလဲ၊ ဒီတံခါးလေးဖွင့်တာကိုတောင် ကြာလိုက်တာဗျာ. . ."

လို့ လှမ်းပြောတယ်။ ဒီတော့မှ ဦးအောင်မောင်းက အကျႌ အိတ်ကပ်ထဲက သော့တွဲအမှန်ကို ထုတ်ယူလိုက်ကာ ဖွင့်ပေးလိုက်တယ်။ ဒီတော့မှပဲ ရိုက်ကူးရေးအဖွဲ့တွေလည်း ခြံဝန်းထဲကို ဝင်လာနိုင်ကြ တော့တယ်။

ဒိတ်ဒိတ်ကျဲက ဒါရိုက်တာ အရှုးမီးဝိုင်းကို ပြုံးပြုံခရီးဦးကြိုပြု လိုက်ရင်း. . .

"ဘယ်လိုဖြစ်ရတာလဲ ဦးမီးဝိုင်းရဲ့ ပြောတော့ ဆယ်နာရီလောက် မှ လာမှာဆို၊ အခု ရှစ်နာရီတောင် မထိုးသေးပါလားဗျာ."

"အစီအစဉ်ပြောင်းသွားတာ မင်းသားရေ့၊ အစကတော့ အခြား အလုပ်ကိစ္စလေးတစ်ခု လုပ်စရာရှိတာနဲ့ မင်းသားကိုပြောထားတဲ့အ တိုင်း ဆယ်နာရီပတ်ဝန်းကျင်လောက်မှ ရှူတင်စမလို့ပဲ၊ ဒါပေမယ့် အဲဒီအလုပ်ကိစ္စက ပျက်သွားတာနဲ့ အစီအစဉ်ပြောင်းပြီး ရှူတင်ကို စောစောပြောင်းတည်လိုက်တာ၊ ကိုယ်ကလည်း ဒီနေ့တစ်နေ့ပဲအား တာလေ၊ ဒီတော့ ဒီသီချင်းကို ဒီနေ့တစ်နေ့တည်းနဲ့ ပြီးအောင်ရိုက် မှတိုဖြစ်မှာ. . ."

ဒီအချိန်မှာပဲ သီချင်းမှာ ဒိတ်ဒိတ်ကျဲနဲ့တွဲပြီး သရုပ်ဆောင်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မင်းသမီး ခက်ခက်ချိုလည်းရောက်လာတော့ ရှူတင်စဖို့က လျှ
သွားတယ်။ ဒီလိုနဲ့ ရှူတင်စဖို့ ပြင်ကြဆင်ကြနဲ့ ရှိသမျှလူတွေ အကုန်
လုံး အလုပ်ရှုပ်သွားကြတယ်။ ရိုက်တာက အိမ်ထဲမှာအရင်စရိုက်တာ

ဒိတ်ဒိတ်ကျဲကတော့ သရုပ်သာဆောင်နေရတယ်. . . ရင်ထ
ထိတ်ထိတ်ရယ်။ အိမ်အပေါ်ထပ် အခန်းတစ်ခုထဲမှာရှိတဲ့ ဒေါ်မေသီ
အိမ်ကလေးဆီက ဘာသံမှ ထွက်မလာပါစေနဲ့လို့ပဲ ကျိတ်ပြီးဆုတောင်
နေရတော့တယ်။

ဒီလိုနဲ့ ဗီစီဒီရိုက်တာ ခရီးတစ်ဝက်ကျိုးသွားတဲ့အထိတော့
ဘာ ပြဿနာမှ မရှိဘဲ ချောချောမွေ့မွေ့ပါပဲ။ အဲဒါကြောင့် ဒိတ်ဒိတ်ကျဲ
လည်း အနည်းငယ်ရင်ချောင်မယ် ကြံကာရှိသေး၊ အနားကို ကိုလပြည့်
ရောက်လာတယ်။

"မင်းသား. . . သတိထားနော်၊ ဟိုနှစ်ယောက်ရောက်လာပြီ"

ကိုလပြည့်ရဲ့ ခပ်တိုးတိုးလာပြောတဲ့ ပြောစကားကြောင့် ဒိတ်ဒိတ်
ကျဲက ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့ စက်အဖွဲ့သားတွေ
ယောက်နဲ့ စကားလက်ဆုံကျနေတဲ့ ရွှေသက်ပြင်းကို တွေ့လိုက်ရတယ်
စကားလက်ဆုံကျနေတယ်သာ ပြောရတာပါ။ ရွှေသက်ပြင်းက ပါးစပ်
ကသာ စကားပြောနေပြီး မျက်လုံးတွေကတော့ အမှုဖော်ထုတ်မယ့်
စုံထောက်တစ်ယောက်လို ထောင့်စေ့လိုက်ကြည့်နေတာ။

ပြီးတော့ ဂျူနီယာကျော်ကြီး။ သူမကရော ဘာထူးလဲ။ မင်းသမီး
ခက်ခက်ချိုကို ဘာတွေမေးထားလဲတော့မသိ။ မင်းသမီးကသာ အ
မြုပ်ထွက်မတတ် စကားတွေပြောနေပြီး ဒင်းကတော့ ခက်ခက်ချိုဘက်
ကို အသံဖမ်းစက်လေးထိုးပေးထားကာ နားထောင်နေသလိုလိုနဲ့ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်သာ ညိတ်ပြနေတယ်။ မျက်လုံးတွေကတော့ အိမ်ထဲကို
ဝေ့ဝဲကြည့်နေတာ။

စာနယ်ဇင်းသမားတွေဆိုတော့ မောင်းထုတ်လို့ကလည်း မဖြစ်
ဘူးလေ။ ဒီတော့ ဒိတ်ဒိတ်ကျဲတို့က အဲဒီနှစ်ယောက်ကို မျက်စိအောက်
က ပျောက်မသွားရအောင် မနည်းစောင့်ကြည့်နေရတော့တယ်။

“ကဲကဲ. . . အိမ်ထဲမှာ ရိုက်ရမယ့် အခန်းတွေတော့ ပြီးသွားပြီ၊
ခြံထဲမှာကလည်း လိုချင်တဲ့ Lighting ရနေပြီဆိုတော့ ခြံထဲမှာဆင်းရိုက်
ကြမယ်ဟေ့၊ စက်အဖွဲ့တွေ ခြံထဲကို မြန်မြန်ရွှေ့မယ်. . .”

ဒီလိုနဲ့ ခြံထဲမှာ ဆက်ရိုက်ကြပြန်တယ်။ ဒိတ်ဒိတ်ကျဲတို့လည်း
အလုပ်ထဲမှာ ရှာန်ဝင်သွားကြတော့ ဂျူနီယာကျော်ကြီးနဲ့ ရွှေသက်ပြင်း
တို့နှစ်ယောက်ကို ခဏသတိလွတ်သွားတယ်။ ဒါကို ဂျူနီယာကျော်ကြီး
က ကောင်းကောင်းကြီး အခွင့်ရေးယူလိုက်နိုင်တယ်။ သူမက လူလစ်
တာဆိုတာနဲ့ အိမ်ထဲကို လှစ်ခနဲပြန်ဝင်သွားလိုက်ကာ ကလေးနဲ့ပတ်သက်
တဲ့ ပစ္စည်းတစ်ခုခုကို တွေ့လိုတွေ့ငြားဧည့်ခန်းထဲမှာ လျှောက်ပတ်
ကြည့်တယ်။ မသင်္ကာစရာ ဘာမှ မတွေ့။

ဒါပေမယ့် သူမ မကျေနပ်သေးဘူး။ ဒီအိမ်မှာ ကလေးတစ်
ယောက် သေချာပေါက်ကိုရှိနေတယ်ဆိုတာကို သိနေပါလျက်နဲ့ လက်ဆုပ်
လက်ကိုင်မပြနိုင်တာ သူမကို အတော်လေးကို ခံရခက်စေတယ်။ ဒင်း
တို့တလည်း အတော်လေးကို ပိရိအောင် ဖုံးထားနိုင်ကြတာကိုး။ သူမက
လည်း အဲဒီလိုဖြစ်လေလေ ပိုပြီးတော့ ဖော်ထုတ်ချင်လေလေပင်။

ဒါနဲ့ သူမက အပြင်ဘက်ကအသံတွေကိုလည်း နားစွင့်၊ လူရိပ်လူ
ခြေကိုလည်း ကြည့်ကာ ထမင်းစားခန်းထဲဝင်လာခဲ့လိုက်ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲမှာကလည်း ဘာမှ မသက်ာစရာမရှိ။ ဒါနဲ့သူမ
ထမင်းစားခန်းနဲ့ တစ်ဆက်တည်းရှိနေတဲ့ မီးဖိုချောင်ထဲကို ဝင်လာလို
မြန်တယ်။ ဒီအခိုက် မီးဖိုချောင်ရဲ့ မှန်ပြတင်းတံခါးကနေတဆင့် သူမ
ရွှေသက်ပြင်းကို မြင်သွားတယ်။ ရွှေသက်ပြင်းကလည်း လူအလစ်
ချောင်းပြီး အိမ်ထဲကို အနောက်ဘက်တံခါးကနေ လှည့်ဝင်ဖို့လာတာ
ဒါကို ရိပ်စားလိုက်မိတဲ့ ဂျူနီယာကျော်ကြီးက အားရပါးရပြုံးလိုက်
ရွှေသက်ပြင်းအထဲကို ဝင်လို့မရအောင် နောက်ဖေးတံခါးဆီကို ရွှေသ
ပြင်းအရင်ရောက်အောင်သွားပြီး အထဲကနေ ချက်ချထားလိုက်တော့
တယ်။ ဒါကိုသိလိုက်တဲ့ ရွှေသက်ပြင်းကတော့ အပြင်မှာ ခုန်ဆွခုန်ဆွ
မခံချိမခံသာဖြစ်သွားပြီး ပါးစပ်ကလည်းပွစိပွစိနဲ့ စုံနေအောင် ဆဲဆ
တိုင်းထွာနေတော့တယ်။

ဂျူနီယာကျော်ကြီးကတော့ ကိုယ့်လုပ်ရပ်အတွက်ကိုယ်
ဘောတကျဖြစ်သွားရရင်း လက်သီးလက်မောင်းတစ်ချက်ဆန့်တန်း
"ရက်(စ်)"လို့တစ်ချက်အော်ပြီး မာန်သွင်းလိုက်တယ်။ နောက်တော့
သူမက အိမ်ထဲမှာ ဆက်ရှာဖို့အတွက် အိမ်ပေါ်ထပ်ကိုတက်တဲ့ လှေ
ကားဆီကို လျှောက်သွားလိုက်တယ်။ ဒါပေမယ့် သူမလှေကားပေါ်တ
မယ့်အလုပ်မှာပဲ သူမအကြည့်က လှေကားနဲ့တစ်ဖက်နံရံကြားမှာ
နေတဲ့ ကလေးဘောင်းဘီလေးတစ်ထည်ဆီကိုရောက်သွားတယ်။ ထ
ဟင်း. . . ဒင်းတို့တွေ ဘယ်လောက်လက်စဖျောက်ထားဖျောက်
ဒီလိုရုတ်တရက်မမြင်နိုင်တဲ့ နေရာမျိုးမှာကျနေတဲ့ ပစ္စည်းမျိုးကို
ဒင်းတို့ သတိမထားမိလိုက်ကြဟန်ပါပဲ။

ဒါနဲ့ သူမက အဲဒီဘောင်းဘီလေးကိုကောက်ယူလိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မယ်အလုပ်မှာပဲ အနားကိုရုတ်တရက်ရောက်လာတဲ့ ဒိတ်ဒိတ်ကျဲ့ကြောင့် သူမက ကလေးဘောင်းဘီလေးကိုကိုင်ထားတဲ့လက်ကို ခန္ဓာကိုယ်နောက်ဘက်ပို့ထားလိုက်ရတယ်။

"မင်း. . . ဒီအိမ်ထဲကို ဘာဝင်လုပ်နေတာလဲ"

ဒိတ်ဒိတ်ကျဲရဲ့ ခပ်ဆတ်ဆတ်အမေးကြောင့် ဂျူနီယာကျော်ကြီးက အဖြေတစ်ခုကို အသည်းအသန် စဉ်းစားလိုက်ရင်း. . .

"ဟို. . . ကျွန်မ. . . ကျွန်မ အိမ်သာတက်ချင်လို့ပါ"

လို့ဖြေလိုက်တယ်။ ဒါပေမယ့် ဒိတ်ဒိတ်ကျဲက ဒါမျိုးတွေရိုးနေပါပြီဆိုတဲ့ ပုံမျိုးနဲ့ ခေါင်းကိုရမ်းလိုက်ရင်း. . .

"တောမှာပဲ သွားပြော၊ ငါ့ကိုတော့ လာမလုပ်နဲ့၊ မရဘူး၊ ပြမင်း. . . မင်းနောက်ဘက်လက်ထဲက ပစ္စည်းကို"

ဆိုတော့ သူမက နောက်ဘက်ကိုခြေတစ်လှမ်းဆုတ်လိုက်ရင်းကနေ. . .

"ဘာ. . . ဘာပစ္စည်းကိုပြောတာလဲ"

ဆိုပြီး နောက်လှည့်ကာ နောက်ဖေးတံခါးပေါက်ကနေ ထွက်ပြေးမယ်အကြံနဲ့ နောက်လှည့်ပြေးဖို့ပြင်လိုက်တယ်။ ဒါပေမယ့် ဒိတ်ဒိတ်ကျဲက နောက်ကနေ သူမခါးကိုဆွဲယူသိုင်းဖက်ထားလိုက်ကာ. . .

"ဒီလိုလုပ်လို့ ဘယ်ရမလဲကွ၊ မင်းလက်ထဲက ပစ္စည်းကိုပေးမင်း. . . မြန်မြန်ပေး"

လို့ဆိုတယ်။ ဂျူနီယာကျော်ကြီးက လက်ထဲမှာကိုင်ထားတဲ့ဘောင်းဘီလေးကို သူမရဲ့ ဘေးလွယ်အိတ်အကြီးကြီးထဲ ဖွတ်ထိုးထည့်လိုက်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာပစ္စည်းလဲ၊ ဘာပစ္စည်းမှ မရှိဘူး၊ ရှင့် . . . ကျွန်မကိုလွှ
နော်၊ အခုလွှတ် . . . ကျွန်မအော်လိုက်ရမလား"

"အော်လေ . . . အော်ပေါ့၊ ငါကလည်း မင်းကိုသူခိုးလို့ ပြန်
စွဲမှာပေါ့ကွ၊ လွယ်လွယ်လေးပဲဟာ . . ."

"ရှင့် . . . ရှင်လွှတ်နော် . . ."

"လွှတ်စေချင်ရင် မင်းဖွက်ထားတဲ့ ပစ္စည်းကိုပေးလေ၊ ငါတ
လွှတ်ပေးလိုက်မယ်"

"ကောင်းပြီလေ၊ ရှင်လိုချင်တဲ့ပစ္စည်းကို ကျွန်မပေးမယ်၊ ရှ
လွှတ်တော့ . . ."

"နိုးနိုး . . . ဒီလိုပါးစပ်က ပြောတာနဲ့ လွှတ်ပေးလို့ဘယ်ရ
မလဲကွ၊ ငါ့လက်ထဲကို အဲဒီပစ္စည်း အရင်ထည့် . . . ဒါမှ ငါလွှတ်
နိုင်မယ်"

ဒါနဲ့သူမက သူမရဲ့ဘေးလွယ်အိတ်ထဲမှာ စောစောကထ
လိုက်တဲ့ ကလေးဘောင်းဘီလေးကို ထုတ်ယူလိုက်ပြီးတော့ . . .

"ရော့ရှင့် . . . ဒီမှာ ရှင်လိုချင်နေတဲ့ဟာ"

လို့ ဒိတ်ဒိတ်ကျဲကို သူမပခုံးပေါ်ကနေကျော်ပြီး နောက်
ပေးလိုက်တော့ ဒိတ်ဒိတ်ကျဲက သူမကို နောက်ကနေသိုင်းဖက်ထား
လက်တွေကို ဖြေလျှော့လိုက်ကာ ဘောင်းဘီကိုယူဖို့ ပြင်လိုက်တ
ဒီအချိန်မှာပဲ သူမက ဒိတ်ဒိတ်ကျဲရဲ့ ခြေဖမိုးပေါ်ကို တစ်ချက်ဆေ
နင်းချလိုက်တယ်။

"အား . . ."

နောက်တော့ ဂျူနီယာကျော်ကြီးက ထမင်းစားခန်းထဲကို

www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်သွားကာ အဲဒီကနေတဆင့် မီးဖိုချောင်ဆီ ဆက်ပြေးပြီး နောက်ဖေးပေါက်ကနေ တဆင့် အပြင်ကိုထွက်သွားတယ်။ ဒိတ်ဒိတ်ကျဲကလည်း နောက်ကနေ ထော့ကျိုးထော့ကျိုးနဲ့ လိုက်တာပါပဲ။ ဒါပေမယ့် မမီလိုက်ဘူး။

အိမ်အပြင်ပြန်ရောက်တော့ ဂျူနီယာကျော်ကြီးက သူမရဲ့ ရပ်ထားတဲ့ကားဆီကိုပဲ တန်းနေအောင်သွားပြီး မောင်းထွက်သွားတယ်။ ဒိတ်ဒိတ်ကျဲကလည်း မတားရဲတော့ဘူး။ အပြင်မှာသွားလုပ်ရင် ရှတ်ရှတ်သဲသဲနဲ့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်သွားမှာလေ။ ဒီတော့ စိတ်မသက်မသာနဲ့ပဲ အသာကြည့်နေလိုက်ရတော့တယ်။

ဒီအချိန်မှာပဲ ဒိတ်ဒိတ်ကျဲအနားကို ကိုလပြည့်ရောက်တာတယ်။

"ပြဿနာတော့တက်ပြီထင်တယ် ကိုလပြည့်၊ ဟိုဂျာနယ်လစ်မလေး အိမ်ထဲကိုဝင်မွှေပြီး ကလေးနဲ့ပတ်သက်တဲ့ ပစ္စည်းတစ်ခုခုရသွားတယ်ထင်တယ်၊ ပြန်လုတာမရလိုက်ဘူး"

"ဟင်. . . ဟုတ်လား. . . မင်းသား၊ ဘာပစ္စည်းရသွားတာလဲ"

"ဘောင်းဘီတစ်ထည်ထင်တာပဲ၊ လှေကားကြားမှာကျနေပြီး လက်စနှဖျောက်ကြတုန်းက မမြင်ဘဲကျန်ခဲ့တာဖြစ်မယ်"

"ပြဿနာပဲ. . ."

ကိုလပြည့်က စိတ်ရှုပ်သလိုရေရွတ်တယ်။ ဒိတ်ဒိတ်ကျဲကလည်း စိတ်ပျက်လက်ပျက်ဟန်နဲ့ သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်လိုက်တယ်။

ဒီအချိန်မှာပဲ ဒါရိုက်တာဆီက အသံထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . မင်းသားရေ၊ နောက်တစ် scene လောက်ဆက်ရိုက် လိုက်ရအောင်. . . "

ဒိတ်ဒိတ်ကျဲက သရုပ်သာဆောင်နေရတယ်။ စောစောကလို အလုပ်ထဲမှာ စိတ်မပါတော့ဘူး။ သူ့စိတ်က ဂျူနီယာကျော်ကြီးနောက် ပါသွားတဲ့ ကလေးဘောင်ဘီလေးတစ်ထည်ဆီမှာပဲ ရောက်နေတော့ တာ။ သူမဆီမှာ အဲဒီဘောင်းဘီလေးပါသွားတာဟာ တကယ့်ကို ပြဿနာကြီးပဲ မဟုတ်လား။

ဒါပေမယ့် အဲဒီပြဿနာထက်ကြီးတဲ့ ပြဿနာကြီးတစ်ခုရှိ နေသေးတယ်ဆိုတာကိုတော့ ဒိတ်ဒိတ်ကျဲရော၊ ကိုလပြည့်ပါ မသိ လိုက်ကြရှာဘူး။ အဲဒီပြဿနာက ဘာလဲဆိုတော့ စောစောက အိမ်ထဲမှာ ဂျူနီယာကျော်ကြီးကို ဒိတ်ဒိတ်ကျဲက နောက်ဘက်ကနေ သိုင်းဖက်ထား တဲ့ဖြစ်ရပ်ကို မှန်ပြတင်းပေါက်ကနေတဆင့် ရွှေသက်ပြင်းက အမိ အ ရ ဓာတ်ပုံမှတ်တမ်း တင်ထားလိုက်နိုင်တယ်ဆိုတာကိုပါပဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



မီးပွိုင့်မှာ မီးနီမိလို့ စိတ်ပျက်လက်ပျက်နဲ့ တောက်တစ်ချက်တိုလျော့တိလျော့ရဲခေါက်ကာ ကားဘရိတ်ကိုနင်းလိုက်စဉ်မှာပဲ ဒေါ်ခင်ခင်တုတ်ရဲ့ နားထဲကို အသံတွေက အလုံးအရင်းနဲ့ဝင်ရောက်လာတော့တယ်။

"သတင်းထူးပါတယ်. . . သတင်းထူး. . သတင်းထူး၊ အဆိုတော်ရုပ်ရှင်မင်းသား ဒိတ်ဒိတ်ကျဲ ရည်းစားရသွားပြီးဆိုတဲ့သတင်းဆိုပြီးကြပြီလား၊ မသိကြသေးရင် ဝယ်ဖတ်၊ အတင်းအဖျင်းဂျာနယ်. . . အတင်းအဖျင်းဂျာနယ်နော်၊ တစ်စောင်မှ ခြောက်ရာတည်းရယ်၊ သတင်းထူး သတင်းထူး. . ."

အဲဒီလိုအော်သံတွေအဆုံးမှာပဲ ရပ်ထားတဲ့ကားတွေဆီကနေသက်တွေထွက်လာကာ. . .

"ဒီကိုတစ်စောင်ပေးပါဦး. . ."

"ရော့ရော့. . . ဒီမှာပိုက်ဆံ၊ ဒီကိုတစ်စောင်ပေး"

"ဒီကိုလည်း ပေးဦးဗျို့. . ."

"မောင်လေးရေ. . . အစ်မကိုလည်း တစ်စောင်"

စသည်ဖြင့် အော်ဟစ်ခေါ်ယူကာ ဝယ်ကုန်ကြတော့တယ်။ ဒေါ်ခင်ခင်တုတ်မှာလည်း ဒိတ်ဒိတ်ကျဲရည်းစားရသွားတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



သတင်းကြောင့် အတော်လေးစိတ်ဝင်စားသွားရတယ်။ ပြီးတော့ မျက်လုံးထဲမှာလည်း ဂျူနီယာကျော်ကြီးရဲ့ မျက်ခွက်ကြီးကို ပြေးမြင်လိုက်မိတယ်။ ဒင်းကို ဒိတ်ဒိတ်ကျဲရဲ့သတင်း လိုက်ခိုင်းထားတာ ဘာမှအကြောင်းမထူးသေး။ ပြီးတော့ အခုလို ဒိတ်ဒိတ်ကျဲရည်းစားရသွားပြီဆိုတဲ့သတင်းကို ဒင်းက မသိဘူးတဲ့လား။ ဒီလောက်ကြီးတဲ့သတင်းကြီးကို ဒင်း မသိလိုက်ဘူးတဲ့လား။ ဟား. . .။

ဒေါ်ခင်ခင်တုတ်က မကျေမနပ်ရေရွတ်ကာ ဒိတ်ဒိတ်ကျဲရဲ့ ရည်းစားဆိုတာကိုလည်း စိတ်ဝင်စားသေးတာမို့ သူများတွေလိုပဲ ကားအပြင်ကို လက်ကလေးထွက်ကာ. . .

"မောင်လေးရေ. . . ဒီကိုလည်း တစ်စောင်ပေ"

လို့ လုပ်ရတော့တယ်။ ဂျာနယ်တိုက်မှာ အယ်ဒီတာချုပ်လုပ်နေပြီး သူများဂျာနယ်ဝယ်ဖတ်ရတာ ဘယ်လောက်အောက်ပါသလဲ။ ဝယ်ရင်းကနေ ကိုယ့်အသိတွေများမြင်သွားမလားလို့ ပတ်ဝန်းကျင်ကို သူခိုးကြည့်ကြည့်ရသေးတယ်။ တော်ပါသေးရဲ့. . . အသိတစ်ယောက်မှ ရှိမနေလို့. . .။

ဒီလိုနဲ့ ဂျာနယ်လည်း လက်ထဲကိုရောက်လာရော ဒေါ်ခင်ခင်တုတ်က မျက်နှာဖုံးမှာတင်ထားတဲ့ ဒိတ်ဒိတ်ကျဲရဲ့ ရည်းစားဆိုတာကို ဘယ်လိုပုံမျိုးပါလိမ့်ဆိုပြီး ကြည့်လိုက်မိစဉ်မှာတော့. . .။

"ဟင်. . . ဒါ. . . ဒါ. . ."

အံ့သြလွန်းလို့ ကျောက်ရုပ်ကြီးလို တစ်ကိုယ်လုံးတောင့်တင်းသွားတော့တယ်။ ကြက်သေ သေတယ်ဆိုတာ ဒါမျိုးကိုပြောတာလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဂျူနီယာကျော်ကြီးက တံခါးကိုဆွဲဖွင့်ကာ ဂျာနယ်တိုက်ထဲကို ဝင်လိုက်စဉ်မှာပဲ သူမ မလာခင်ကတည်းက ရုံးစုရုံးစုဖြစ်နေဟန်ရှိတဲ့ လူတွေ အကုန်လုံးရဲ့ အကြည့်က သူမဆီကို စုပြုံကျလာတော့တယ်။ သူမက ဘာများထူးလို့ပါလိမ့်ဆိုတဲ့ အတွေးနဲ့ မျက်မှောင်ကုတ်ကာ အဲဒီလူအုပ်ဆီကို လျှောက်သွားလိုက်ကာ. . .

"လူတွေ အကုန်စုပြီး ဘာတွေများလုပ်နေတာလဲ၊ တော်ကြာ ညောပိုင်းကြီးမြင်သွားလို့ အော်နေဦးမယ်နော်၊ ဂျူနီ့ကိုလည်း ပြောကြပါဦး၊ ဘာသတင်းများထူးလို့လဲ"

ဆိုတော့ အားလုံးက ဂျူနီယာကျော်ကြီးကို တခြားကမ္ဘာက ရောက်လာသူတစ်ယောက်ကို ကြည့်သလိုပုံမျိုးနဲ့ ကြည့်လာကြပြီး ဒီလို နေရာမှာ အာသွက်သွက်ရှိတဲ့ အပျိုကြီးဒေါ်ပပဝင်းက. . .

"ဘာအခုမှ အတိတ်မေ့ချင်ယောင်ဆောင်နေတာလဲ၊ နင်"

ဒေါ်ပပဝင်းရဲ့ စကားတောင်မဆုံးလိုက်သေး အယ်ချုပ်ဒေါ် ခင်ခင်တုတ်ရဲ့ အခန်းတံခါးက ဝုန်းခနဲပွင့်သွားကာ ဂျာနယ်တစ်စောင် ကို ကိုင်ထားတဲ့ ဒေါ်ခင်ခင်တုတ်က မပြေးရုံတမယ် ခြေလှမ်းတွေနဲ့ ထွက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

"အောင်မလေးလေး. . . မယ်မင်းကြီးမ၊ ညည်းလုပ်ရက်လိုက်တာအေ. . .၊ ဒီလောက်ကြီးမားတဲ့ သတင်းကြီးကို ညည်းကကိုယ့်တိုက်ကိုကျတော့ အရင်ဦးဆုံးထည့်ရအောင်မပြောဘဲ လျှို့ဝှက်ထားတယ်၊ အခုတော့ ကိုယ်စားမယ့်ထမင်းလုတ်ကို သူများကဦးအောင်ယူစားသွားပြီ၊ ညည်းရက်စက်တယ်အေ၊ ရက်စက်ချက်က လွန်လွန်းတယ်၊ ငါရင်နာလိုက်တာ၊ စဉ်းစားမိတိုင်းခေါင်းတွေတောင်ကိုက်တယ်. . . တကယ်"

ဒေါ်ခင်ခင်တုတ်ရဲ့ ရင်ဘတ်စည်တီးပြောလာတဲ့ စကားတွေကို ဂျူနီယာကျော်ကြီးက ဘာတစ်ခုမှ နားမလည်ဘူး။ ဒီတော့ သူမက မျက်တောင်လေးကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ဒေါ်ခင်ခင်တုတ်ကို တစ်လှည့် သူမရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို တစ်လှည့်ကြည့်ကာ. . .

"ဘာ. . . ဘာတွေပြောနေကြတာလဲ၊ ဂျူနီကရော ဘာတွေကို လျှို့ဝှက်ထားလို့ ဘယ်သူတွေက ဘာတွေကိုလုစားသွားရတာလဲဟင်"

ဂျူနီယာကျော်ကြီးစကားအဆုံး ဒေါ်ခင်ခင်တုတ်က သူမရင်ဘတ်ကိုသူမ လက်တစ်ဖက်နဲ့ဖိထားရင်းကနေ. . .

"မိကျော်ကြီး. . . ငါ့စိတ်တွေ အခုလေးတင်မှ နည်းနည်းတည်ငြိမ်သွားတာနော်၊ နောက်တစ်ခါထပ်ပြီး မဆွနဲ့တော့"

"ဟင်. . . ဂျူနီက ဘာလုပ်နေလို့လဲ. . ."

ဂျူနီယာကျော်ကြီးရဲ့ အူကြောင်ကြောင်ပုံစံကြောင့် ဒေါ်ပပဝင်းလည်း မနေနိုင်တော့ဘူး။

"ကျော်ကြီး. . . နင်. . . ရှုးချင်ယောင်ဆောင်မနေနဲ့နော်"

"အေးလေ. . . လူတိုင်းသိနေပြီဟာကို ဖုံးချင်နေသေးတယ်"

"မမကျော်ကြီးတို့များ မိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျော်ကြီး . . . ဒီကိစ္စက ဒီလိုနဲ့ပြီးသွားလို့တော့ မရဘူးနော်၊ ငါတို့ကို တစ်ဝိုင်းလိုက်ကျွေးရမယ်"

"ဟုတ်တယ် . . . ဟုတ်တယ်"

"ထောက်ခံတယ်ဗျို့ . . ."

တစ်ယောက်တစ်ပေါက်နဲ့ ဆူညံပွက်လောရိုက်သွားတယ်။ ဒီတော့ ဂျူနီယာကျော်ကြီးက အားလုံးကိုလက်ကာပြလိုက်ရင်း . . .

"နေကြပါဦး . . . နေကြပါဦး . . . ခဏနေကြပါဦး"

လို့ ကုန်းအော်ရတော့တယ်။ အသံတွေ တိတ်သွားတော့မှ သူမက အားလုံးကို ဝေ့ကြည့်လိုက်ပြန်ရင်း . . .

"ဘာတွေပြောနေကြတာလဲ၊ ဂျူနီနားလည်အောင်လည်း ရှင်းပြကြစမ်းပါဦး၊ ဂျူနီဘာတစ်ခုမှကို နားမလည်ဘူး"

ဂျူနီယာကျော်ကြီး စကားအဆုံး ဒေါ်ခင်ခင်တုတ်က အခုထိ "ဘူး"ခံနေသေးတယ်ဆိုတဲ့ ပုံမျိုးနဲ့ လက်ထဲမှာကိုင်ထားတဲ့ အတင်းအဖျင်းဂျာနယ်ကို ဂျူနီယာကျော်ကြီးဆီထိုးပေးလိုက်ကာ . . .

"ကဲ . . . ဒီလောက်တောင် ဝန်မခံချင်တာ၊ ရော့ . . . ရော့ . . . အဲဒီမှာ ဖတ်ကြည့်၊ အထဲကိုတောင်လှန်ရှာစရာမလိုဘူး၊ မျက်နှာဖုံးမှာတင် ပြူးလို့"

ဂျူနီယာကျော်ကြီးက ဇဝေဇဝါနဲ့ ဒေါ်ခင်ခင်တုတ်ထိုးပေးလာတဲ့ ဂျာနယ်ကိုယူလိုက်ရင်း ပါးစပ်ကလည်း . . .

"ဘာသတင်းမို့လို့ . . . ဟင်!"

ဂျူနီယာကျော်ကြီးခမျာ စကားကိုတောင်ဆုံးအောင်မပြောလိုက်နိုင်ဘဲ လမ်းတစ်ဝက်မှာတင် ပါးစပ်ကြီးအဟောင်းသားနဲ့ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးပြုံးပြီး မင်သက်သွားတော့တယ်။

ဂျာနယ်မျက်နှာဖုံးမှာ သူမပုံကြီးက ပြုံးလို့။ တစ်ယောက်တည်း တောင်မဟုတ်။ ဒိတ်ဒိတ်ကျဲနဲ့ နှစ်ယောက်တွဲပုံကြီး။ ဒိတ်ဒိတ်ကျဲက သူမကို နောက်ကနေ သိုင်းဖက်လို့။ စာတန်းကြီးကလည်း ထိုးထားလိုက် သေးတာက ပြုံးနေတာပဲ။

"ချစ်သူတွေ့သွားတဲ့ ဒိတ်ဒိတ်ကျဲ"

တဲ့လေ။ ဂျာနယ်ကိုကိုင်ထားတဲ့ သူမလက်တွေက တဆတ် ဆတ်တုန်ယင်လာကာ. . .

"ဒါ. . . ဒါ. . . ဒါက. . ."

ဆိုပြီး စကားတွေက လည်ချောင်းဝမှာတင် တစ်ဆို့နေကာ ရှေ့မဆက်နိုင်ဖြစ်နေတော့တယ်။

"ကဲ. . . ဒေါ်ကျော်ကြီး. . . ညည်းဘာငြင်းချင်သေးလဲ၊ ပြော စမ်းပါဦး၊ ငြင်းဦးမှာလား"

ဒေါ်ခင်ခင်တုတ်က ကျိတ်မနိုင်ခဲမရအသံမျိုးနဲ့မေးတော့ ဂျူ နီယာကျော်ကြီးကလည်း အီလည်လည်မျက်နှာကြီးနဲ့. . .

"ဒါ. . . ဒါက. . ."

ဆိုပြီး ဖြေရှင်းချင်ပေမယ့် ဘယ်ကနေစပြီး ဘယ်လိုရှင်းလိုက် ရမှန်းမသိဖြစ်နေတယ်။ ဒေါ်ခင်ခင်တုတ်ကိုယ်တိုင်ကလည်း ဂျူနီယာ ကျော်ကြီးစကားကို မစောင့်ပါဘူး။ သူမရဲ့ ရင်တွင်းခံစားချက်တွေကိုပဲ နတ်သံနှောပြီး ရင်ဘတ်စည်တီးကာ ဒလဟောဖွင့်ထုတ်လာတော့တယ်။

"အမလေး. . . ပြောရတော့မယ်. . . ပြောရတော့မယ်ရှင့် မပြောတော့ဘူးလို့ တွေးထားပေမယ့် မခံစားနိုင်တော့လို့ ပြောရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်တော့၊ ငါ့မှာတော့ ဒိတ်ဒိတ်ကျဲရဲ့တိတ်တိတ်ပုန်းကလေး ရှိတယ်ဆိုလို့ ဒင်းကိုလိုက်ခိုင်းလိုက်ရတာ၊ ကိုယ်စီးတဲ့ကားကိုတောင် သူ့လက်ထဲ ဝကွက်အပ်ပြီး သတင်းလေးရပါစေတော့ရယ်ဆိုပြီး မျှော်လင့်ချက်ကြီးနဲ့ ထောက်ပံ့ပေးလိုက်ရတာ၊ အခုတော့ သူက ဒိတ်ဒိတ်ကျဲနဲ့ နှစ်ပါးသွားကနေသတဲ့၊ သူတို့ကိုယ်သူတို့များ တိုင်တန်းနစ်ကားထဲက လီယိုနာဒိုနဲ့ ကိတ်ဝင်းစလက်များအောက်မေ့နေသလားမသိဘူး၊ တစ်ယောက်ကလည်း လက်နှစ်ဖက်ကိုဆန့်တန်းလို့၊ နောက်ကတစ်ယောက်ကလည်း နောက်ဘက်ကနေ သိမ်းကြုံးပြီးဖက်ထားလိုက်တာ၊ အမလေး လေး. . . ရင်နာစရာမကောင်းဘူးလား၊ ဟောဒီက ခင်ခင့်ရင်ကို ဒင်းတို့ နှစ်ပါးသွားကတာထက် ပိုပြီးနာကျင်စေတာက ဒီလိုနှစ်ပါးသွား ကမယ်ဆိုရင်လည်း ကနေတဲ့အကြောင်းကို တို့ဖွလိုက်မယ်ဂျာနယ်ကိုပဲ အသာလက်တို့ပြီးပြောပါလားလို့၊ အခုတော့ အဲဒီလိုမဟုတ်ဘဲ သူများသတင်းထောက်ရှေ့မှာ သွားကတာကို ပိုပြီးတော့ရင်နာတာ. . . ဟီး ဟီး. . . ရှုတ်. . . ”

ဒေါ်ခင်ခင်တုတ် အသံကအကျယ်ကြီး။ ကျန်လူတွေမှာတော့ ဒေါ်ခင်ခင်တုတ်ကိုပဲ တစ်ရှူးဘောက်ပြေးယူပေးရတော့မလိုလို၊ ဂျူနီယာကျော်ကြီးကိုပဲ ဒိတ်ဒိတ်ကျဲနဲ့ ဘယ်လိုငြိသွားတာလဲဆိုတာကို ဝမ်းသာအားရ မေးရတော့မလိုလိုနဲ့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်ကုန်တယ်။

ဒီအချိန်မှာပဲ ဂျူနီယာကျော်ကြီးက ဂျာနယ်ကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း အပြင်ကိုပြေးထွက်သွားတယ်။

“ဟဲ. . . ကျော်ကြီး. . . ဘယ်သွားမလို့လဲ. . . ကျော်ကြီး. . . ”



www.burmeseclassic.com

www.burmeseclassic.com

# ရာရေမင်းကို

ဒေါ်ပပဝင်းက လှမ်းအော်ပေမယ့် ဂျူနီယာကျော်ကြီးက ...
မကြည့်ဘူး။ ဒီတော့ ဒေါ်ခင်ခင်တုတ်အသံက ထွက်လာပြန်တ...

"အမလေး . . . ကြည့်ကြစမ်းပါဦး၊ ကြည့်လိုက်ကြစမ်းပါဦး ...
ခုလည်း နှစ်ပါးသွား သွားကတာပဲဖြစ်မှာပါ၊ သေချာပါတယ် . . ...
နာလိုက်တာ . . . ရင်နာလိုက်တာ . . ."

ဂျူနီယာကျော်ကြီးက မြေညီထပ်ရောက်တဲ့အထိ လှေ...
ထစ်တွေကို မနားတမ်းပြေးဆင်းပစ်လိုက်တယ်။ အစတော့သူမက ...
ဒိတ်ကျဲရဲ့ရှူတင်ရှိရာကို သွားဖို့ အယ်ချုပ်ဒေါ်ခင်ခင်တုတ်ရဲ့ကား...
လာယူတာပါ။ အခုတော့ ကားလည်း မယူရဲတော့ဘူး။ ဘတ်(စ်)...
နဲ့ပဲ ဒိတ်ဒိတ်ကျဲဆီကိုသွားဖို့ လုပ်ရတော့မယ်။ ဒီတစ်ခါက သ...
လိုက်ဖို့ မဟုတ်ဘူး။ စာရင်းရှင်းဖို့ . . .။

ဒါပေမယ့် ဘတ်(စ်)ကားဂိတ်ရောက်တဲ့အထိ ပြဿနာ...
မပြီးသေး။ ဘတ်(စ်)ကားဂိတ်မှာ စောင့်နေတဲ့လူတွေက သူမကို...
မြင်ရော . . .

"ဟယ် . . . ဟိုမှာဟိုမှာ . . ."

"ဟဲ့ဟဲ့ . . . ဒိတ်ဒိတ်ကျဲချစ်သူဆိုတာ သူမဟုတ်လား"

"ဟယ် . . . ဟုတ်တယ်တော့"

စသဖြင့်ပွက်လောရိုက်သွားကြပြန်ရာ သူမ ဘတ်(စ်)ကား...
တဲ့အထိ မှတ်တိုင်မှာ ရပ်စောင့်မနေရဲတော့ဘူး။ နီးရာ တက္ကစီ...
စီးကိုပဲ ဖမ်းတားကာ တက်စီးလိုက်ရတော့တယ်။ ဒါတောင် ...
ဒရိုင်ဘာက သူမကိုနောက်ကြည့်မှန်ထဲကနေ ဇဝေဇဝါဟန်နဲ့ ...
ကြည့်နေလို့ သူမမှာ အပေါ်က အင်္ကျီတစ်ထပ်ကို ချွတ်ကာ ခေါင်း...



www.burmeseclassic.com

www.burmeseclassic.com



လားမတွေလို ခေါင်းမှာ မျက်လုံးလေးပဲဖော်ပြီး ခြုံထားလိုက်တော့တယ်။ ဒုက္ခများပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို



www.burmeseclassic.com

၁၈

www.burmeseclassic.com



ဒိတ်ဒိတ်ကျဲနဲ့ ကိုလပြည့်က အတင်းအဖျင်းဂျာနယ်ကိုကြည့်တာ စိတ်ရှုပ်နေကြချိန်မှာပဲ ခြံရှေ့က ဘဲ(လ်)တီးသံကိုကြားလိုက်ရတယ်။ သူခေါ်ဘဲ(လ်)ကိုတီးတာက ရိုးရိုးတီးတာမဟုတ်။ ဒေါသတကြီးနဲ့ အဆက်မပြတ်ကိုတီးနေတဲ့ပုံပါ။ ဒါကိုကြားတော့ ကိုလပြည့်က ဒိတ်ဒိတ်ကျဲကို မေးတစ်ချက်ဆတ်ပြလိုက်ရင်း. . .

"ဟိုတစ်ယောက်လာပြီနဲ့တူတယ်. . . မင်းသား"

ထင်တဲ့အတိုင်းပါပင်။ သိပ်မကြာလိုက်တဲ့ အချိန်အတွင်းမှာပဲ ရှုးရှုးရှဲရှဲဒီဇိုင်းနဲ့ ဂျူနီယာကျော်ကြီးတစ်ယောက် ဧည့်ခန်းထဲကို ရောက်ချလာတော့တယ်။

ဂျူနီယာကျော်ကြီးက လုံးချေထားတဲ့ ဂျာနယ်ကိုပြကာ. . .

"ဒီမှာ. . . ဒီကိစ္စကိုဘယ်လိုရှင်းကြမှာလဲ. . . ဘယ်လိုလုပ်ကြမှာလဲ"

ရောက်ရောက်ချင်း အော်ကြီးဟစ်ကျယ်နဲ့ မေးလာတဲ့ သူမတားကို ဒိတ်ဒိတ်ကျဲရော၊ ကိုလပြည့်ရောက ဘာမှပြန်မဖြေဖြစ်ကြတဲ့ သူမကိုပဲ အသာကြည့်နေလိုက်ကြတယ်။ သူတို့ကိုယ်တိုင်မောင်ဘယ်ကစပြီး ရှင်းလိုက်ရမှန်းမသိလို့ ရှိသမျှဖုန်းတွေ အကုန်ပိတ်ပြီး

www.burmeseclassic.com

# ရာဇဝင်ကို

ရှူတင်ပါဖျက်ကာ ညည့်ခန်းထဲမှာ ထိုင်နေကြရတာလေ။

သူတို့က အဲဒီလိုမတုန်မလှုပ်လုပ်နေတော့ ဂျူနီယာကျော်ကြီး ကပိုပြီး ရှုံးရှုံးရှဲရှဲဖြစ်သွားတယ်။

"ရှင်တို့ နားမပါဘူးလား၊ ဒီအတိုင်းပဲ ထိုင်နေကြတော့မှာလား တစ်ခုခုလုပ်ကြဦးလေ"

ဒီတော့မှ ကိုလပြည့်က. . .

"ဒီကိစ္စအတွက် ကိုယ်တို့လည်း ခေါင်းစားနေကြတာပဲ၊ ထိုင်ပါ ဦး၊ အေးအေးဆေးဆေးပြောတာပေါ့"

"မထိုင်နိုင်ပါဘူး၊ ဘာကိစ္စထိုင်ရမှာလဲ၊ ကျွန်မလာတာ ထိုင်ဖို့ လာတာမဟုတ်ဘူး၊ ဒီသတင်းမဟုတ်ကြောင်းကို ရှင်တို့ရှင်းပြရမှာပေါ့ ထိုင်နေလို့ပြီးမှာလား၊ ကျွန်မမှာ ဒီမျက်နှာကြီးနဲ့ ဘယ်မှတောင်မသွား ရဲတော့ဘူး၊ အလုပ်လည်း ပြုတ်တော့မယ်. . ."

"ကိုယ်တို့လည်း မေးလာသမျှကိုတော့ မဟုတ်ကြောင်းပြော နေတာပဲ၊ ဒါပေမယ့် ဓာတ်ပုံကြီးနဲ့ ဂျာနယ်မှာပါလာတာဆိုတော့ ဘယ် သူမှ မယုံကြဘူး"

"မယုံရင် ယုံအောင်ပြောရမှာပေါ့၊ ပြီးတော့ ဒီသတင်းကိုရေး တာက ဟိုလူ. . . ရွှေသက်ပြင်းဆိုတဲ့ မှင်စာကောင်ကြီး၊ အဲဒီလူကိုလည်း တရားစွဲရမယ်၊ မဟုတ်တဲ့သတင်းကို လုပ်ကြံပြီးရေးတဲ့အတွက်"

သူမစကားကြောင့် ကိုလပြည့်ရော ဒိတ်ဒိတ်ကျဲပါ လှုပ်လှုပ် ရှားရှားဖြစ်သွားကြတယ်။

"ဟား. . . တရားစွဲလို့တော့ မဖြစ်ဘူး၊ လုံးဝမဖြစ်ဘူးနော်"

တစ်ချိန်လုံးငြိမ်နေတဲ့ ဒိတ်ဒိတ်ကျဲရဲ့ ပျာပျာသလဲပြောစကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဂျူနီယာကျော်ကြီးက မျက်မှောင်ကုပ်လိုက်ရင်း. . .

"ဘာလို့မဖြစ်ရမှာလဲ၊ မဟုတ်တာရေးထားတာပဲ၊ ရှင်မစွဲချင်လည်းနေ. . . ကျွန်မကတော့ စွဲမှာပဲ"

"မင်းလည်းမစွဲရဘူး. . ."

"ဘာလို့လဲ၊ ဘာလို့တရားမစွဲရမှာလဲ"

"အဲဒါက ငါ့အကြောင်းနဲ့ငါပါ၊ မင်းသိစရာမလိုပါဘူး"

"ပြီးတာပဲလေ၊ ရှင်ကလည်း ရှင့်အကြောင်းနဲ့ရှင်၊ ကျွန်မကလည်း ကျွန်မအကြောင်းနဲ့ကျွန်မ တရားစွဲမယ်. . . ဒါပဲ"

ပြောချင်တာပြောပြီး သူမက အပြင်ကိုပြန်ထွက်သွားတော့တယ်။ ဒီတော့မှ ကိုလပြည့်က ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း. . .

"ဟုတ်တယ်နော်. . . မင်းသားပြောတာမှန်တယ်၊ တရားစွဲလို့တော့မရဘူး၊ တရားစွဲလို့ ရုံးတော်မှာရှင်းကြလင်းကြဆိုရင် အိမ်ကလေးအစွပါပါလာတော့မှာ"

လို့ဆိုတယ်။ ဒိတ်ဒိတ်ကျဲကလည်း ဆိုဖာကိုစိတ်ပျက်လက်ပျက်မှီချလိုက်ရင်း. . .

"ဟုတ်တယ်. . . ကျွန်တော်လည်း အဲဒါကိုပဲတွေးနေတာ. . ."

လို့ဆိုကာ ဂျာနယ်မျက်နှာဖုံးကပုံကို ကိုလပြည့်ဘက်လှည့်ပြလိုက်ရင်း. . .

"ဒီပုံက သူနဲ့ကျွန်တော် အိမ်ကလေးရဲ့ဘောင်းဘီကိုလုရင်း အရိုက်ခံလိုက်ရတဲ့ပုံ၊ ကျွန်တော်တို့နှစ်ယောက်က ရည်းစားမဟုတ်ပါဘူးဆိုပြီး ရွှေသက်ပြင်းကိုတရားစွဲရင် ရုံးတော်မှာ ဒီပုံကိုစွက်လာမှာပဲ၊ အဲဒီကျရင် သူမကလည်း ဒီပုံဟာ ကလေးဘောင်းဘီတစ်ထည်



www.burmeseclassic.com

www.burmeseclassic.com



ကိုလုနေတဲ့ပုံပါလို့ ဖြောင့်ချက်ပေးမှာပဲ၊ အဲဒီလိုသာဆိုရင် သေပြီး ဖုံးထားသမျှ မီးခိုးကြွက်လျှောက်အကုန်ပေါ်တော့မှာ"

ကိုလပြည့်က သက်ပြင်းချတယ်။ ပြီးမှ တစ်ခုခုကိုစဉ်းစား တန်နဲ့. . .

"မင်းသားကရော အိမ်ကလေးကိစ္စကို ဒီအတိုင်းပဲ တစ်သက် လုံးဖုံးထားမလို့လား၊ ဘယ်လိုလုပ်မယ်စိတ်ကူးထားလို့လဲ"

"တစ်သက်လုံးတော့ ဘယ်ရပါ့မလဲဗျာ၊ တစ်ချိန်ချိန်မှာတော့ ထုတ်ပြောရမှာပေါ့၊ ဒါပေမယ့် အခုလောလောဆယ်မှာတော့ ထုတ် မပြချင်သေးဘူး၊ ကျွန်တော့်နာမည်လေးက အခုမှ အရှိန်ကောင်း ကောင်းနဲ့ တက်လာတာ၊ ဒီလိုအချိန်မှာသာ ကျွန်တော့်မှာကလေးတစ် ယောက်ရှိနေတာကို ထုတ်ပြလိုက်ရင် ပရိသတ်ဘက်ကဘယ်လိုတုံ့ ပြန်လာမယ်ဆိုတာ မသိဘူးလေ၊ အဲဒီတုံ့ပြန်မှုတွေကို ကျွန်တော် ရင်မဆိုင်ချင်သေးဘူး၊ အဲဒါကြောင့် အိမ်ကလေးရဲ့ကိစ္စကို အချိန်အ တိုင်းတာတစ်ခုအထိတော့ ရအောင်ဖုံးထားရဦးမှာပဲ"

ဒီအချိန်မှာပဲ စောစောက အပြင်ပြန်ထွက်သွားတဲ့ ဂျူနီယာ ကျော်ကြီးက မျက်ကလူးဆန်ပြာပုံစံနဲ့ ပြန်ရောက်လာတယ်။

"အပြင်မှာ. . . အပြင်မှာ သတင်းထောက်တွေ အများကြီးပဲ ကျွန်မပြန်မထွက်ရဲဘူး၊ ဘယ်လိုလုပ်ရမလဲ. . . လုပ်ပါဦး"

သူမပုံစံက လန့်ဖျန့်လာပုံမျိုးနဲ့ ချွေးတွေလည်းရွှဲလို့။ ဒီ ဒိတ်ကျဲနဲ့ ကိုလပြည့်တို့နှစ်ယောက်က စိတ်ရှုပ်ရတဲ့ကြားကပဲ သူမပုံ ကိုကြည့်ပြီး ပြုံးမိကြတယ်။

"ရှင်တို့ ဘာပြုံးနေတာလဲ၊ ကျွန်မပြောတဲ့အခုမှာ ဘာများ



www.burmeseclassic.com

www.burmeseclassic.com


သဘောကျစရာပါလို့လဲ. . . ဟမ်"

ဆတ်ဆတ်ထိမခံဖြစ်နေတဲ့ သူမပုံစံကိုကြည့်ရင်း ဒိတ်ဒိတ်ကျဲ စိတ်ထဲမှာ စနောက်ချင်စိတ်ပေါက်လာတယ်။ ဒါနဲ့သူက သူမကိုဖြုံးစိုက်ကြည့်လိုက်ရင်း. . .

"မပြန်ရဲရင်လည်း ဒီမှာပဲနေလိုက်လေကွာ၊ ဘာခက်တာမှတ်လို့. . . ."

သူ့စကားကြောင့် သူမပုံစံက ပိုပြီးတော့ ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်သွားတော့ကာ. . .

"ရှင်. . . ရှင်. . . ဘာစကားပြောတာလဲ"

"ဘာပြောလို့လဲ. . . အကြံပေးတာလေကွာ"

"ရှင်. . . ရှင်နော်"

အဲဒီအချိန်မှာပဲ ခြံရှေ့ကနေ လူခေါ်ဘဲ(လ်)တီးသံတွေရော၊ အော်ဟစ်ခေါ်သံတွေရော ပွက်လောရိုက်ပြီးထွက်လာတော့တယ်။

"မင်းသား. . . မင်းသား. . . တံခါးဖွင့်ပါဗျို့၊ မင်းသား. . ."

"မင်းသား. . ."

"တံခါးဖွင့်ပါဗျို့၊ မင်းသားချစ်သူအကြောင်းကို နည်းနည်းလောက်ဗျူးချင်လို့ပါ၊ မင်းသား. . ."

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

အသံတွေက နည်းနည်းနှောနှောမဟုတ်။ စာပေလွတ်လပ်ခွင့်ရလာတဲ့အတွက်ကြောင့် ဂျာနယ်တွေ ဂျာနယ်တွေဆိုတာ နာမည်အမျိုးမျိုးနဲ့ မရေမတွက်နိုင်လောက်အောင် ပေါပေါများများထွက်လာသလို သတင်းထောက်တွေဆိုတာကလည်း ရန်ကုန်မြို့ထဲမှာ ခြေချင်းကိုလိမ်


www.burmeseclassic.com

www.burmeseclassic.com



နေတော့တာ။ သတင်းထူးတစ်ခုလောက် ထွက်ပြီဆိုတာနဲ့ အချိန်ရှိ ကိုပုရွက်ဆိတ်တွေ အုံခဲရောက်လာသလို သတင်းထောက်တွေလည်း အလုံးအရင်းနဲ့ ရောက်လာတတ်တာထုံးစံပါပဲ။

"ရှင်တို့. . . ရှင်တို့. . . မကြားကြဘူးလား၊ အပြင်မှာ အ တွေ ဒီလောက်တောင်ဆူညံနေတာကို ရှင်တို့ဒီအတိုင်းပဲထိုင်နေတော့ မှာလား. . ."

"ဟောဗျာ. . . ငါတို့ကထိုင်မနေလို့ မင်းလိုမတ်တပ်ရပ်နေ ရမှာလား၊ မင်းလည်း မကျေနပ်ရင် ငါတို့လိုထိုင်ပေါ့၊ ခုံတွေအများကြီး ပဲဥစ္စာ. . ."

သူမက ဒိတ်ဒိတ်ကဲ့ကို မျက်စောင်းထိုးလိုက်တယ်။ ပြီးတော့ မှ ဆိုဖာတစ်ခုမှာ ဆောင့်ကြီးအောင့်ကြီးနဲ့ ဝင်ထိုင်လိုက်တယ်။ ကိုယ ပြည့်က နာရီကိုတစ်ချက်ကြည့်လိုက်ရင်း. . .

"ထမင်းစားဖို့ အချိန်တောင်ရောက်နေပြီမင်းသား၊ ထမင်းစား ရအောင်လေ၊ ဒီကညီမရော ထမင်းစားရအောင်လေ၊ ပြီးမှ ပြဿနာ ကိုဖြေရှင်းဖို့ နည်းလမ်းရှာကြတာပေါ့"

ဂျူနီယာကျော်ကြီးက ခေါင်းရမ်းတယ်။

"ရတယ်. . . ကျွန်မ မစားဘူး၊ စားချင်စိတ်လည်းမရှိဘူး၊ မို လည်းကျမှာ မဟုတ်ဘူး"

"မင်း. . . ဆာနေမှာပေါ့၊ လာပါ. . . လိုက်စားလိုက်"

ဒိတ်ဒိတ်ကဲ့ရဲ့ အပြောကြောင့် သူမက ဂျိ(ချိ)ကြည့်ကြည့်လိုက် ပြန်ကာ. . .

"မစားပါဘူးလို့ ပြောနေတာ မကြားဘူးလား၊ စားဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဒိတ်ဒိတ်ကျဲလည်း ဆက်မပြောတော့ဘူး။ ပခုံးတစ်ချက်ကိုပဲ ဟန်ပါပါတွန့်ပြပြီး ထမင်းစားခန်းထဲကို ကိုလပြည့်နဲ့နှစ်ယောက် ဝင်သွားတော့တယ်။

ဂျူနီယာကျော်ကြီးက ဧည့်ခန်းထဲမှာ တစ်ယောက်တည်းကျန်ခဲ့တော့မှ တံထွေးတစ်ချက်ကို ဂလုခနဲမြည်အောင် မျိုချလိုက်မိတယ်။ အတယ်တော့ သူမ ဗိုက်တအားဆာနေပြီ။ ဒါပေမယ့် ဒီမှာတော့ မအချင်ပါဘူး။ မနက်ကလည်း ဘာမှမစားလာခဲ့တော့ ဗိုက်ကတော်တော်ဆန္ဒပြနေတာမှန်ပေမယ့် ဒီအတိုင်းပဲအောင့်ထားလိုက်တယ်။

တစ်ယောက်တည်းရှိနေတော့မှ ကလေးကိစ္စက သူမခေါင်းထဲကို ဝင်လာပြန်တယ်။ ဒိတ်ဒိတ်ကျဲဆိုတဲ့ ဒင်းမှာ ကလေးတစ်ယောက်ရှိနေတယ်ဆိုတာကတော့ သေချာသလောက်ဖြစ်နေပြီ။ ဒါပေမယ့် ဒင်းက ကလေးကို ဘယ်နေရာမှာများ ဖွက်ထားသလဲမသိဘူး။

သူမက ဆိုဖာပေါ်ကနေမြင်နိုင်သမျှ အိမ်အတွင်းပိုင်းကို စေ့စေ့ကြည့်ကာနေတုန်းမှာပဲ ထမင်းစားခန်းထဲကနေ ဒိတ်ဒိတ်ကျဲနဲ့ ကိုလပြည့်ပြန်ထွက်လာတယ်။ ဒါပေမယ့် ဒိတ်ဒိတ်ကျဲတစ်ယောက်သာ သူမရှေ့က ဆိုဖာမှာပြန်လာဝင်ထိုင်ပြီး ကိုလပြည့်ကတော့ အပေါ်ထပ်ကိုတက်သွားတယ်။

ဒီအခိုက်မှာပဲ အသံတစ်သံက တိတ်ဆိတ်နေတဲ့ ဧည့်ခန်းထဲမှာ ပီပီပြင်ပြင်ကြီးကို ထွက်လာတော့တာပါ။ ထွက်လာတဲ့နေရာက ဂျူနီယာကျော်ကြီးရဲ့ ဗိုက်ထဲက။

"ဂွီ. . . ."

သူမဆီက ဗိုက်ဆာလို့ထွက်လာတဲ့ အသံက တိုက်ပြုတ်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



တောင်မဟုတ်။ သံရှည်ကြီးဆွဲပြီးတော့ကို ထွက်လာတာ။ ရှက်စိတ်ကြောင့် သူမမျက်နှာရဲတွတ်သွားပြီး နေရာကနေ ထထွက်ပြေးချင်စိတ်တောင်ပေါက်သွားတယ်။ ဒါပေမယ့် အပြင်မှာကလည်း သတင်းထောက်တွေက ထမင်းထုပ်နဲ့တောင်စောင့်နေကြသလားမသိ။

ဒိတ်ဒိတ်ကျဲကတော့ ရယ်ချင်စိတ်ကိုမနည်းထိန်းထားလိုက်ပြီး ထိုင်ရာကနေ ခပ်မြန်မြန်ထထွက်လာလိုက်ကာ အပေါ်ထက်ရောက်... သူမအကွယ်ကျမှ ဝါးလုံးကွဲ တဟားဟားအော်ရယ်မိတော့တယ်။ ဘ... လိုမိန်းကလေးမှန်းကိုမသိ။

ပြီးမှ သူက အိမ်ကလေးနဲ့ ဒေါ်မေသီတို့ရှိနေတဲ့ အခန်း... ကိုသွားလိုက်ကာ ဒေါ်မေသီကိုအကျိုးအကြောင်းပြောပြပြီး အောက်... မရွှေချောကို ထမင်းခေါ်ကျွေးခိုင်းရတော့တယ်။ တော်ကြာ အဆာလွ... ပြီး မူးမေ့သွားမှ တစ်မှုမပြီးသေးဘူး၊ နောက်တစ်မှုရှင်းနေရဦးမယ်...

ဒေါ်မေသီက ဂျူနီယာကျော်ကြီးကို ထမင်းစားဖို့လာခေ... တော့ ဂျူနီယာကျော်ကြီး တအံ့တသြဖြစ်သွားတယ်။ ဒီအိမ်မှာ မိန်း... သားတစ်ယောက်မှ မရှိဘူးလို့ သူမသိထားတာလေ။ အခုတော့ မိန်း... ကြီးတစ်ယောက်ရှိနေပါရောလား။ ဟား. . . သူမမသိသေးတာတွေ... အိမ်မှာ တော်တော်များများရှိသေးတာပဲ။

ထမင်းစားဖို့ကို သူမက အစကတော့ ငြင်းနေလိုက်သေး... တယ်။ ဒါပေမယ့် ခေါ်ပါမကလည်း ခေါ်လာ၊ ဗိုက်ကလည်း ကြာလေ... ကြာလေပိုပိုပြီးတော့ ဆာလာတဲ့အဆုံးမှာတော့ မျက်နှာပူပူနဲ့ပဲ ထိုင်... စားရတော့တယ်။ ဒေါ်မေသီကပါ သူမနဲ့ အတူဝင်စားတယ်။

"အဒေါ်က ကိုလပြည့်ရဲ့ အဒေါ်လေ၊ သမီးက ရန်ကုန်က...

www.burmeseclassic.com

www.burmeseclassic.com



သား. . ."

ဒေါ်မေသီရဲ့ အမေးကို သူမက ခေါင်းရမ်းလိုက်ရင်း. . .

"မဟုတ်ဘူးရှင့်၊ ကျွန်မက တော်င်ကြီးကပါ၊ ဒီမှာ အလုပ်လာ လုပ်တာ"

"မိဘတွေကရော"

ခဏခဏ ကိုယ်ကချည်း ဖျူးခဲ့ရသမျှ ဒီတစ်ခါတော့ ကိုယ် အဖျူးခံရပြီလို့ တွေးလိုက်မိတယ်။ ဒါပေမယ့် လူကြီးတစ်ယောက်က မေးလာတာဆိုတော့လည်း ပြန်ဖြေရတော့တာပေါ့။

"ကျွန်မအဖေက ကျွန်မရှစ်တန်းကျောင်းသူဘဝကတည်းက ဆုံးသွားတာပါ၊ အမေနဲ့ပဲ ကျွန်မအရွယ်ရောက်ခဲ့ရတာ၊ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျွန်မအမေလည်း နှလုံးရောဂါနဲ့ဆုံးသွား တယ်၊ အမေ့မှာက နောက်အိမ်ထောင်နဲ့လေ၊ အမေမရှိတော့ဘူးဆို တော့. . ."

သူမက စကားကိုမဆက်ဘဲ ဖြတ်ထားလိုက်တော့ ဒေါ်မေသီ ကပဲ အဆုံးသတ်ပေးလိုက်တယ်။

"ပထွေးနဲ့ အဆင်မပြေဘဲ ရန်ကုန်ရောက်လာတယ်ပေါ့. . ."

"ပထွေးကတော့ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲကလို မဟုတ်ပါ ဘူး၊ ကျွန်မအပေါ် အဖေတစ်ယောက်လိုကောင်းရှာပါတယ်၊ ဒါပေမယ့် သွေးမတော်သားမစပ်တော့ အတူနေဖို့ မသင့်တော်ဘူးလေ. . .၊ပတ် ဝန်းကျင်မှာ အမြင်မတော်ဘူးပေါ့၊ အဲဒါကြောင့်ပါ"

"ဒါဆို အခုဘယ်မှာနေလဲ သမီးက"

"ကျွန်မ သူငယ်ချင်းတစ်ယောက်နဲ့ တိုက်ခန်းတစ်ခန်းကို စပ်



www.burmeseclassic.com

www.burmeseclassic.com



တူငှားပြီးနေနေပါတယ်. . .”

“ဩော်. . .”

ဒေါ်မေသီက တွေးတွေးဆဆနဲ့ ခေါင်းညိတ်တယ်။ နောက် ထမင်းစားပြီးတော့ သူမက ဧည့်ခန်းထဲမှာ ပြန်ထိုင်နေလိုက်သလို ဒေါ် မေသီကလည်း သူမအတွက် အအေးတစ်ခွက်လာချပေးကာ အပေါ် ထပ်ကို ပြန်တက်သွားတယ်။ အပြင်မှာက သတင်းထောက်တွေ ရှိနေ ကြတုန်းပဲ။ သူမက အကြံတစ်ခုရကာ ရွှေသက်ပြင်းကို လူကိုယ်တိုင် မတွေ့နိုင်ရင်တောင် ဖုန်းနဲ့လှမ်းကောဖို့ ဆုံးဖြတ်လိုက်ကာ ဖုန်းခေါ် လိုက်တယ်။ ဒါပေမယ့် ဖုန်းက ပိတ်ထားတယ်တဲ့။ တောက် ! ။

ခဏကြာတော့ ဒိတ်ဒိတ်ကျဲနဲ့ ကိုလပြည့်တို့နှစ်ယောက် ဧည့်ခန်းထဲကို ပြန်ဆင်းလာကြတယ်။ ပြီးတော့ အဲဒီနောက်ကနေ လိုက် ပါလာတာက ဒေါ်မေသီနဲ့ ကလေးလေးတစ်ယောက်။ ကလေးကိုမြင် တော့ ဂျူနီယာကျော်ကြီးရဲ့ နှလုံးခုန်သံတွေ မြန်ဆန်လာတယ်။ သူ့ အကြည့်က ကလေးကိုတစ်လှည့် ဒိတ်ဒိတ်ကျဲကိုတစ်လှည့်။ သေချာ တယ်။ ဒါဟာ ဒင်းရဲ့ကလေးပါ။ ရုပ်တွေကိုက တစ်ရုပ်တည်းတွေ

အကုန်လုံးက ခုံအသီးသီးမှာ ဝင်ထိုင်လိုက်ကြပြီးမှ ဒိတ်ဒိတ် ကျဲက. . .

“ကိုယ်တို့တွေ နည်းနည်းလောက်ညှိရအောင်”

ဒိတ်ဒိတ်ကျဲစကားကြောင့် ဂျူနီယာကျော်ကြီးက ကလေးဆီက အကြည့်ကိုခွာလိုက်ရင်း. . .

“ဟင်. . . ဘာ. . . ဘာကိုညှိမှာလဲ. . .”

ဒိတ်ဒိတ်ကျဲက အိမ်ကလေးကို မေးဆတ်ပြလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သားကိစ္စလေ. . . မင်းသိနေပြီ မဟုတ်လား"

"ဟုတ်တယ်. . . ကျွန်မသိနေတာကြာပြီ၊ ပြီးတော့ ဟိုမှင်စာ အသက်ပြင်းလည်း သိတယ်"

သူမစကားအဆုံး ကိုလပြည့်က ခေါင်းရမ်းကာ ဝင်ပြောတယ်။

"သူမသိသေးပါဘူး၊ သက်ာမကင်းဖြစ်လို့ လိုက်နေတာလောက်ပဲ ရှိသေးတယ်၊ သူ့မှာ ဘာတစ်ခုမှ သဲလွန်စမရှိသေးဘူး၊ မင်းတစ်ယောက်ပဲ သိတာပါ. . ."

သူမက နှုတ်ခမ်းထောင့်စွန်းတစ်ဖက်ကို ကော့တက်သွားအောင်ပြုံးလိုက်ရင်း လျော့တိလျော့ရဲဖြစ်နေတဲ့ ခန္ဓာကိုယ်ကိုလည်း ခပ်မတ်မတ်ပြင်ထိုင်လိုက်ကာ အထက်စီးက ရောက်သွားတဲ့ဟန်မျိုးနဲ့ မျက်နှာကို ပင့်ချီထားလိုက်ကာ. . .

"အဲဒီတော့. . ."

"အဲဒီတော့ ဒီကိစ္စကို အချိန်အတိုင်းတာတစ်ခုအထိ ဖုံးကွယ်ထားပေးဖို့ပြောချင်တာပါ. . ."

ဒိတ်ဒိတ်ကျဲစကားအဆုံး သူမက ကလေးကိုတစ်ချက်ကြည့်လိုက်ရင်း. . .

"အကြောင်းအရင်းက. . ."

"အကြောင်းအရင်းကို ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပဲ၊ ဒါပေမယ့် ကိုယ်အနူးအညွတ်တောင်းပန်ပါတယ်၊ ဒီသတင်းကို အချိန်အတိုင်းအတာတစ်ခုအထိ ဖုံးကွယ်ထားပေးပါ၊ အချိန်တန်လို့ ပရိသတ်ကိုဖွင့်ပြတော့မယ်ဆိုတဲ့ အခါကျရင် မင်းတို့ဂျာနယ်တိုက်ကနေပဲ ဖွင့်ချပေးပါ့မယ်၊ အဲဒါကို ကိုယ်ကတိပေးတယ်၊ ဘယ်လိုလဲ. . .၊ ဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com



မှာ အခုလောလောဆယ်ပါလာမှာနဲ့ နောင်တစ်ချိန်မှ ပါမှာနဲ့ ဒါ
ပဲ ကွာသွားတာပါ။ အခုထည့်မယ်ဆိုရင်တောင် မင်းသိထားတဲ့ သ
က ကိုယ့်မှာ တိတ်တိတ်ပုန်းရထားတဲ့ ကလေးတစ်ယောက်ရှိတယ်
တာလောက်ပဲရှိတာမလား။ ကိုယ်ပြောတာကို မင်းဘက်က လက်ခံ
မယ်ဆိုရင် ဒီကလေးကို ကိုယ်ဘယ်လိုရခဲ့တယ်ဆိုတာကအစ၊
လမ်းအစအဆုံးကို စပါယ်ရှယ်အင်တာဗျူးအနေနဲ့ မင်းတို့ ဂျာန
တိုက်တစ်ခုတည်းကိုပဲ ကိုယ်ပေးပါ့မယ်. . . Please ကွာ. . .”

ဂျူနီယာကျော်ကြီးက အားလုံးကို တစ်ချက်ဝေ့ကြည့်လို
တယ်။ ပြီးတော့ ကလေးကိုကြည့်လိုက်ပြန်တယ်။ ကလေးလေးက
ဖြူဖွေးဖွေး ချစ်စရာလေး။ သူမကိုတောင် ရယ်ပြနေသေးတယ်။
ခေါင်းတစ်ခုလုံးနစ်ဝင်သွားအောင် မွှေးကြူပစ်ချင်စရာလေး။

ဒါပေမယ့် သူမက မျက်နှာကိုမော့ချီထားလိုက်ပြန်ကာ. . .

“ကျွန်မ စဉ်းစားဦးမယ်. . .၊ ဒါနဲ့ ရှင်နဲ့ကျွန်မကိစ္စကို
ရှင်ဘယ်လိုရှင်းပေးမှာလဲ. . .”

“အဲဒီကိစ္စကိုလည်း အကောင်းဆုံးဖြစ်အောင် ကိုယ်ရှင်း
ပါ့မယ်၊ ဒီနေ့ည ကိုယ်တို့တိုင်ပင်လိုက်ဦးမယ်၊ မနက်ဖြန်တော့ ကို
ပြောနိုင်မှာပါ. . .”

“ကောင်းပြီလေ. . . ဒါဆိုကျွန်မ ပြန်တော့မယ်. . .”

သူမက ပြန်မလို့ ထမယ်လုပ်တော့. . .

“ခဏနေလိုက်ပါဦး၊ အပြင်မှာ ဂျာနယ်လစ်တွေ တစ်ယော
နှစ်ယောက်စ ကျန်နေသေးတယ်၊ ဒီနေ့ ဘယ်ဂျာနယ်လစ်နဲ့
ထိပ်တိုက် မတိုးအောင် နေလိုက်တာ အကောင်းဆုံးလို့ ကိုယ်ထင်တယ်

www.burmeseclassic.com



ပြီးရင် မင်းကို ကိုတွမ်တီးလိုက်ပို့ပေးပါလိမ့်မယ်. . . ”

လို့ဆိုတာကြောင့် ဂျူနီယာကျော်ကြီးက အသာပြုံးပြန်ထိုင်နေလိုက်တယ်။ ပြီးတော့ သူမအကြည့်က ကလေးဆီရောက်သွားပြန်တယ်။ ကလေးကလည်း သူမကိုကြည့်ကာ ရယ်လို့။

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို




www.burmeseclassic.com

www.burmeseclassic.com



# VIII

ဒေါ်ပပဝင်းက သူမတို့ ရုံးခန်းရှေ့မှာ ရုံးစုရုံးစုလုပ်နေတဲ့ သူအုပ်ကြီးကို တံခါးပေါက်ကြားကနေ အသာချောင်းကြည့်လိုက်ပြီး နောက် တံခါးကိုပြန်ပိတ်လိုက်ကာ သက်ပြင်းမောကိုချတယ်။

"ဒီလိုအချိန်မှာသာ မကျော်ကြီးရောက်လာလို့ကတော့ ဟို အဆွဲဒီကဆွဲနဲ့ တစ်စစီဖြစ်သွားမှာပဲနော်. . . မမပပ"

ဖွဲ့ဖွဲ့ရဲ့စကားကြောင့် ဒေါ်ပပဝင်းက ခေါင်းကိုညိတ်လိုက်ရင်း . . .

"သေချာတာပေါ့၊ အဲဒါကြောင့် ကျော်ကြီးကိုဖုန်းဆက်ပြီး သတိ ပေးမလို့ဟာ၊ ဒင်းက ဖုန်းကိုပိတ်ထားတယ်လေ၊ ဒါပေမယ့် သူအလုပ် လာချင်မှလည်း လာတော့မှာပါ၊ ဟို. . . စည်ပိုင်းကြီးကလည်း ဒင်းကို တော်တော်လေး အခဲမကျေဖြစ်နေတာဆိုတော့ အလုပ်တောင် ထွက်မလားမသိဘူး. . ."

"ဘာပဲဖြစ်ဖြစ်. . . ဖွဲ့ဖွဲ့ကတော့ မကျော်ကြီးကို အားကျတယ်၊ သူနေရာမှာ ဖွဲ့ဖွဲ့သာဆိုဘယ်လောက်ကောင်းလိုက်မလဲနော်၊ ဟီးဟီး. . .

www.burmeseclassic.com

www.burmeseclassic.com



မင်းသားဒိတ်ဒိတ်ကျဲနဲ့သာ မင်္ဂလာဆောင်ပြီးသွားလို့ကတော့ ဘာအ လုပ်မှကို လုပ်စရာမလိုတော့ဘူး၊ ဒီလိုဂျာနယ်တိုက်များ ထည့်တွက်စ စရာကိုမလိုတော့ဘူး. . . ”

ဖွဲ့ဖွဲ့စကားကြောင့် ဒေါ်ပပဝင်းက မျက်စောင်းတစ်ချက်ထိုး လိုက်ရင်း. . .

“စိတ်ညစ်ရတဲ့အထဲ ညည်းကတစ်မျိုး”

ဒီအချိန်မှာပဲ ရုံးခန်းတံခါးက ဝုန်းခနဲပွင့်သွားကာ အထဲကို ဆံပင်နီကြောင်ကြောင် လိမ်ကောက်ကောက်နဲ့ ကောင်မလေးတစ် ယောက်ဝင်လာတယ်။ ကောင်မလေးဆိုးလာတဲ့ နှုတ်ခမ်းနီတွေကလည်း နှုတ်ခမ်းကို မားရှလာသလားအောက်မေ့ရလောက်အောင် ရဲတွတ်လို့။ ဝတ်လာတဲ့စကတ်က ဒူးကျော်ကျော်လေးကိုမှ စီးလာတဲ့ ဒေါက်မြင့် ဖိနပ်အမြင့်ကလည်း ခြောက်လက်မလောက်ရှိတယ်။ မျက်နှာတစ်ခုလုံး ကိုဖုံးအုပ်လုမတတ်ဖြစ်နေတဲ့ မျက်မှန်အမည်းကြီးကိုလည်း တပ်လာ သေးတယ်။

ဒေါ်ပပဝင်းနဲ့ ဖွဲ့ဖွဲ့တို့က ရုတ်တရက်ဆိုတော့ ဝင်လာတဲ့တစ် ယောက်ကို အခြားဂျာနယ်တိုက်တစ်ခုခုက ဆတ်ကော့လတ်ကော့ ဂျာ နယ်လစ်မလေးတစ်ယောက်လို့ပဲထင်လိုက်မိတာပါ။ ဒါနဲ့ သူမတို့နှစ် က အဲဒီဝင်လာတဲ့ကောင်မလေးရှေ့မှာ လက်တွေဆန့်တန်းပြီး ပိတ် ရပ်လိုက်ကြရင်း. . .

“ဟား. . . ရှင်တို့ကို အပြင်မှာပဲ စောင့်နေပါလို့ပြောထား တယ်လေ၊ ဘာလို့အထဲကို ဝင်လာတာလဲ၊ ဂျူနီယာကျော်ကြီးကလည်း ဒီနေ့လာချင်မှလာမှာပါဆိုနေ၊ တော်တော်ခက်တာပဲ၊ ကျွန်မတို့မှာ အ

www.burmeseclassic.com

www.burmeseclassic.com



ချင်ကို ကောင်းကောင်းမလုပ်ရတော့ဘူး. . . ရှင်တို့နဲ့"

ဒေါ်ပပဝင်းရဲ့ ပွစိပွစိပြောစကားအဆုံး ဝင်လာတဲ့ကောင်လေးက ဂျာနယ်တိုက်ထဲကို ဝေ့ဝဲကြည့်လိုက်ပြီးနောက် သူ့မခေါင်းမှာ စပ်ထားတဲ့ ဆံပင်နီကြောင်ကြောင် အတုကြီးကို ဆွဲချွတ်၊ မျက်မှန်အ ည်းကြီးကိုလည်း နဖူးပေါ်ပင့်တင်လိုက်ပြီး သူ့မမျက်နှာကိုသူ့မ လက် ညိုးနဲ့ထိုးပြကာ. . .

"သေချာကြည့်စမ်းပါဦး. . . မမပပရယ်. . . ဘယ်သူလဲဆို ဘာကို"

ဒီတော့မှ ဒေါ်ခင်ခင်တုတ်ရော ဖွဲ့ဖွဲ့ပါ မျက်လုံးမျက်ဆန်တွေ မြူးသွားကြပြီး. . .

"ဟယ်. . . ကျော်ကြီး"

"ဟင်. . . မကျော်ကြီး"

အာမေဋိတ်သံတွေက တစ်ပြိုင်နက်။ အဲဒါနဲ့တစ်ဆက်တည်း ထိုလိုပဲ အယ်ချုပ်ဒေါ်ခင်ခင်တုတ်ရဲ့ ရုံးခန်းတံခါးကလည်း ပွင့်လာကာ ထုံးစံအတိုင်း ဒေါ်ခင်ခင်တုတ်ရဲ့ ခေါင်းကြီးကထွက်လာပြီး. . .

"မမဂျူနီယာကျော်ကြီးရှင့်. . . ဒီကိုခဏလောက်လာခဲ့ပေး ထို့ရမလားမသိဘူး"

ဒေါ်ခင်ခင်တုတ်ရဲ့ အသံက ခနဲ့တဲ့တဲ့။ ဂျူနီယာကျော်ကြီး မှာတော့ မျက်ခုံးတလှုပ်လှုပ်နဲ့ပဲ ဒေါ်ခင်ခင်တုတ်ရဲ့ အခန်းထဲကိုသွား လိုက်ရတယ်။

ဒေါ်ခင်ခင်တုတ်ရဲ့ရှေ့ကခုံမှာ ဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ. . .

"ဩော်. . ဩော်. . . ဩော်. . . နာမည်တွေအရှုမ်းကြီးနေ



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ ရုပ်ဖျက်ပြီးတောင် အပြင်ထွက်နေရတဲ့အဆင့်မျိုးဖြစ်သွား ပြီပေါ့လေ၊ ငါက ညည်းကို အလုပ်မဆင်းတော့ဘူးထင်နေတာ"

လို့ဆိုတော့ ဂျူနီယာကျော်ကြီးရဲ့ မျက်လုံးနှစ်လုံးက ရှေ့ ထွက်ကျလုမတတ် ပြူးကျယ်ဝိုင်းစက်သွားရကာ. . .

"ဟို. . . ဟို. . . မမ. . . ဂျူနီ့ကို အလုပ်ထုတ်လိုက်ပြီလား ဟင်. . . ဂျူနီ့ကို အလုပ်ထုတ်တော့မလို့လား၊ မလုပ်ပါနဲ့မမရယ်. . . ဂျူနီ့ကိုအလုပ်မထုတ်ပါနဲ့နော်၊ ဂျူနီတောင်းပန်ပါတယ်၊ ဟို. . . ဂျူ ရှိခိုးပြီးတောင်းပန်ဆိုရင်လည်း ရှိခိုးပြီးတောင်းပန်ပါ့မယ်၊ ဂျူနီ့ကိုတော့ အလုပ်မထုတ်လိုက်ပါနဲ့နော်. . ."

ဂျူနီယာကျော်ကြီးက ပြောလည်းပြော လူကလည်း ကြမ်းပြင် ပေါ်ကိုထိုင်ချလိုက်ကာ လက်အုပ်ချီပြီး ကန်တော့ဖို့ပြင်တယ်။ ဒီတော့ မှ မျက်လုံးပြူးသွားရသူက ဒေါ်ခင်ခင်တုတ်ဖြစ်သွားပြီး. . .

"ဟဲ့ဟဲ့. . . ဩော်. . . ဟဲ့. . . မလုပ်နဲ့၊ မလိုဘူး မလိုဘူး ထထ. . . ပြန်ထ. . ."

ဒေါ်ခင်ခင်တုတ်က ပြောလည်းပြော ဂျူနီယာကျော်ကြီးကို လည်း ဆွဲထူကာ သူ့နေရာသူ ပြန်ထိုင်စေပြီးမှ သူကလည်း သူမနေရာ သူမ ပြန်ဝင်ထိုင်လိုက်ပြီး သူမအကျီကို နည်းနည်းပြန်ပြင်ဆွဲဆန့်လိုက် ကာ ခါးကိုမတ်မတ်ထားထိုင်လိုက်ရင်း. . .

"ငါ့အသက်အရွယ်က အကန်တော့ခံရလောက်အောင် မအို စာသေးပါဘူးအေ၊ အပိုတွေ မလုပ်စမ်းပါနဲ့"

"ဟို. . . မမက ဂျူနီ့ကို"

"တော်ပြီတော်ပြီ. . . အစကတော့ ညည်းကိုငါက တကယ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထုတ်ပစ်တော့မလို့ပဲ၊ ဒါပေမယ့် ညည်းကိုအလုပ်အတူတွဲလုပ်ခဲ့တဲ့ သံယောဇဉ်ကလည်း ရှိနေသေးတော့ မပြုတ်သားရက်ပါဘူး၊ အဲဒီတော့ ညည်းကိုငါက အခွင့်အရေးတစ်ခုပေးမယ်၊ အဲဒါကို ညည်းဘက်က လက်ခံရင် ညည်းကိုနဂိုအတိုင်းပဲ အလုပ်ဆက်ခန့်ထားပေးမယ်. . . ဘယ်လိုသဘောရလဲ"

"ဟို. . . ဂျူနီက ဘာလုပ်ရမှာလဲဟင်"

"လွယ်လွယ်လေးပါ၊ နင်နဲ့နင့်ရည်းစားရဲ့ နှစ်ယောက်တွဲ ပေါ်ယ်ရှယ်အင်တာဗျူးကို ဘယ်ဂျာနယ်မှာမှ မထည့်ရသေးခင် ငါတို့ဂျာနယ်မှာ အရင်ဦးဆုံးထည့်ချင်တယ်၊ အဲဒါကို နင့်ဘက်က လက်ခံပေးရင် အလုပ်ဆက်ခန့်မယ်၊ ဘယ်လိုလဲ. . ."

"ဂျူနီ့ချစ်သူ !. . . ဟုတ်လား၊ ဂျူနီ့မှာ ချစ်သူမှ မရှိတာ"

"ဟော. . . ကြည့်၊ ပြောင်လိမ်ချင်နေသေးတယ်၊ ဒီလောက်ဟိုးလေးတကြော်ဖြစ်နေတာတောင် လိမ်တာကို လက်မလျှော့သေးဘူး၊ ခံ ငြင်းနေတုန်းပဲ အခုထိ"

"တကယ်ပြောတာပါ မမရယ်. . . ဒိတ်ဒိတ်ကျဲနဲ့ ဂျူနီက"

"တော်ပြီ. . . တော်ပြီ၊ ငါနင်နဲ့ ထပ်ပြီးငြင်းနေဖို့ အချိန်မရှိတော့ဘူး၊ ရွှေအမြုတေစာပေဆုပေးပွဲရှိလို့ ကုန်သည်ကြီးများဟိုတယ်ကိုသွားရဦးမယ်၊ နင်စဉ်းစားပေါ့၊ အင်တာဗျူးလုပ်မလား၊ အလုပ်ကိုနှုတ်မလားဆိုတာ"

ပြောပြီး ဒေါ်ခင်ခင်တုတ်က သူမရဲ့ပိုက်ဆံအိတ်ကြီးကို ချိုင်းကြားမှာ ကောက်ယူညှပ်လိုက်ကာ ကားသော့ကိုဆွဲပြီးထွက်သွားတယ်။ သူမမှာတော့ နေရာကနေ မထမိသေးဘဲ ခေါင်းကို ဗျင်းဗျင်း



www.burmeseclassic.com

www.burmeseclassic.com



ကုတ်ကာ စိတ်တွေညစ်ညူးနေမိတော့တယ်။

ဘယ်လိုလုပ်ရပါ့မလဲ။ အခုဟာက အပျက်အပျက်နဲ့ နှာခေါင်း သွေးထွက်ကိန်းဆိုက်တော့မယ့် အဖြစ်။ ရွှေသက်ပြင်းဆိုတဲ့လူတော့ လား။ စိတ်ရှိလက်ရှိသာ လုပ်ပစ်လိုက်ခွင့်ရလို့ကတော့. . . ဟွန်း။

ပွစိပွစိရေရွတ်ပြီး အယ်ချုပ်အခန်းထဲက ထွက်လာတော့ ခေါ် ပပဝင်းနဲ့ ဖွဲ့ဖွဲ့က အနားကိုရောက်လာပြန်တယ်။

"ဘာတဲ့လဲဟင်. . . ဘာခေါ် ပြောတာလဲ၊ နင့်ကို အလုပ်ထုတ် လိုက်တာလား၊ ဟုတ်လား. . ."

စိတ်ညစ်ညစ်နဲ့ပဲ သူတို့နှစ်ယောက်ကို ဂျူနီယာကျော်ကြီးအ ပြုံးပြဖြစ်တယ်။ ဖွဲ့ဖွဲ့က သူမကို အားကျတဲ့မျက်လုံးတွေကြည့်လာရင်း က. . .

"မကျော်ကြီးတို့ကတော့ နေ့ချင်းညချင်းကို နာမည်ကြီးသွား တာပဲနော်၊ ဖွဲ့ဖွဲ့ အားကျလိုက်တာ. . . ဟီးဟီး"

ဩော်. . . ဒုက္ခ. . . ဒုက္ခ။ နာမည်ကြီးထမင်းဝတ်ဆိုတာ ဒီ မျိုးကိုပြောတာများလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဖျက်ပြီးတော့ရောက်လာတဲ့ ဂျူနီယာကျော်ကြီးရဲ့ ပုံစံကို ကြည့်ပြီး ဒိတ်ဒိတ်ကျဲက စိတ်မထိန်းနိုင်တော့ဘဲ ခွီးခနဲရယ်တယ်။ကို လပြည့်ကလည်း ပြုံးလို့။

"ရှင် ရယ်မနေနဲ့၊ ပြဿနာကိုဘယ်လိုရှင်းမှာလဲပြောဦး၊ ကျွန်မမှာ အတော်လေးကိုဒုက္ခရောက်နေပြီ၊ အလုပ်ကလည်း ပြုတ်တော့မယ်. . ."

ဒီတော့မှ ဒိတ်ဒိတ်ကျဲက မျက်နှာပိုးကိုသတ်လိုက်ကာ. . .

"ကိုယ်တို့. . . ချစ်သူလုပ်ရအောင်"

"ဘယ်လို!"

ဂျူနီယာကျော်ကြီးရဲ့ အလန့်တကြားအော်လိုက်သံက အကျယ်ကြီးရယ်။ ကိုလပြည့်နဲ့ ဒိတ်ဒိတ်ကျဲတောင် လန့်တုန်သွားတယ်။

"ရှင်. . . ဘာပြောလိုက်တယ်"

"ကိုယ်ပြောတာက ကိုယ်နဲ့မင်း. . . ခဏလောက်ချစ်သူတွေ အဖြစ် ဟန်ဆောင်ရအောင်လို့ပြောတာပါ"

"ဘယ်ဖြစ်မလဲ၊ သိက္ခာကျစရာရှိရင် မိန်းကလေးဖြစ်တဲ့ကျွန်မပဲ သိက္ခာကျမှာပေါ့၊ ဒီနည်းတော့ မဖြစ်ဘူး၊ ကျွန်မလက်မခံနိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



တခြားနည်းလမ်းပဲ စဉ်းစား"

"ကိုယ်တို့တွေ အမျိုးမျိုးစဉ်းစားကြည့်ပြီးပြီ၊ ဒီနည်းလမ်းအပြင် တခြားနည်းလမ်း မရှိဘူး၊ ကိုယ်တို့သတင်းက ဂျာနယ်မှာ ဓါတ်ပုံနဲ့တ ကွ ပါလာတာဖြစ်တဲ့အတွက် မဟုတ်ပါဘူးလို့ပြောရင်လည်း ဘယ်သူ မှ ယုံမှာမဟုတ်ဘူး၊ ကလေးကိစ္စကလည်း ပြောလို့မဖြစ်သေးဘူး၊ ဒီ တော့ သတင်းထွက်နေတဲ့အတိုင်းလေးပဲ ခဏလောက်အလိုက်သင့် ဟန်ဆောင်နေလိုက်တာက အကောင်းဆုံးနည်းလမ်းပဲ. . ."

"အဲဒါက ရှင့်ကိစ္စပဲ၊ ကျွန်မကိစ္စမှ မဟုတ်တာ. . ."

ဒိတ်ဒိတ်ကျဲက ခေါင်းညိတ်တယ်။

"ဟုတ်ပါတယ်၊ အစီအစဉ်တွေအားလုံးက ကိုယ့်ဘက်ကိုယ် ယက်ပြီး ကိုယ့်အတွက်အဆင်ပြေအောင် လုပ်ထားသလိုဖြစ်နေတာကို ကိုယ်ဝန်ခံပါတယ်၊ အဲဒီအတွက် ဒီအစီအစဉ်ကို မင်းဘက်က လက်ခံ မယ်ဆိုရင် မင်းကြိုက်တာ တောင်းဆိုပါ၊ ကိုယ်လုပ်ပေးမယ်"

"ရှင်. . . ကျွန်မကို ဘယ်လိုလူစားမှတ်နေလဲ၊ ကျွန်မမချမ်းသာ ဘူး၊ ဒါပေမယ့် ငွေမလိုဘူး"

"ကိုယ်ပြောတာလည်း ငွေတစ်ခုတည်းကို မဆိုလိုပါဘူး၊ မင်း ဘက်က ကြိုက်တာကို တောင်းဆိုလို့ရပါတယ်"

ဂျူနီယာကျော်ကြီး ခဏငြိမ်သွားတယ်။ ပြီးတော့ ဒိတ်ဒိတ် ကျဲကိုတစ်လှည့် မနီးမဝေးက ကြမ်းပြင်ပေါ်မှာဆော့နေတဲ့ အိမ်တ လေးကို တစ်လှည့်ကြည့်တယ်။ ပြီးမှ. . .

"ကျွန်မက ရှင့်အစီအစဉ်ကို လက်ခံလိုက်ပြီဆိုပါတို့၊ ဘယ် လောက်ကြာကြာ ဟန်ဆောင်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ အခြေအနေပေါ် မူတည်လို့ပေါ့၊ အားလုံးအတွက် အဆင်ပြေမယ့် အချိန်တစ်ခုရောက်တဲ့အထိပေါ့၊ အဲဒီအားလုံးဆိုတဲ့ အထဲမှာ မင်းလည်းပါတယ်"

ဂျူနီယာကျော်ကြီးက စဉ်းစားပြန်တယ်။ သူမအတွက် အလုပ်မပြုတ်ရေးကလည်း ရှိသေးတယ်။ သိက္ခာဆယ်စရာကလည်း ရှိသေးတယ်လေ။ ဒိတ်ဒိတ်ကျဲပြောသလိုပဲ သူမနဲ့ဒိတ်ဒိတ်ကျဲဟာ ဘာမှမဟုတ်ပါဘူးဆိုတာကို ဘယ်သူမှ ယုံမှာမဟုတ်။ လိုက်ရှင်းနေရင်လည်း ရှင်းလို့ကို ပြီးမှာမဟုတ်။ အဲဒီလိုချစ်သူရည်းစားတွေ မဟုတ်ဘူးလို့ ရှင်းလိုက်ရင်တောင် မလိုတဲ့လူတွေက ချစ်သူရည်းစားမဟုတ်ရင် ဘာလဲ... ဆိုပြီး သူမကိုပဲ သို့လောသို့လော တွေးလာကြဦးမှာ။ သူမအတွက် အဆိုးထဲကနေ အကောင်းကိုရအောင် ဆွဲထုတ်ယူမှ ဖြစ်မှာပါ။

သူမက အဲဒီလိုတွေးလိုက်မိတော့ ဆုံးဖြတ်ချက်တစ်ခုကို သတိပြုတ်ချလိုက်ကာ...

"ကောင်းပြီလေ၊ ရှင်ပြောသလိုပဲ လုပ်ကြတာပေါ့၊ ဒါပေမယ့် ကျွန်မ ငွေမတောင်းဆိုပါဘူး၊ အခြားကိစ္စသုံးခုကို တောင်းဆိုမယ်၊ ဘယ်လိုလဲ"

သူမစကားအဆုံး ဒိတ်ဒိတ်ကျဲနဲ့ ကိုလှပြည့်တို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြတယ်။ ပြီးမှ ဒိတ်ဒိတ်ကျဲက ပခုံးနှစ်ဖက်ကိုဟန်ပါပါတွန့် လက်နှစ်ဖက်ကိုပါဖြန့်ပြလိုက်ရင်း...

"ဖြစ်ပါတယ်၊ ကိုယ့်အတွက်က ဘာမှ ပြဿနာမရှိဘူး၊ မင်းအဆင်ပြေတယ်... ကျေနပ်တယ်ဆိုရင် ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com

## ရာခေင်ကို

ဂျူနီယာကျော်ကြီးက ခေါင်းညိတ်တယ်။

"ကောင်းပြီလေ. . . ဒါဆိုရင် ကျွန်မ ပထမဆုံးတောင်း တစ်ခုကို စပြီးတောင်းဆိုလို့ရပြီလား. . ."

"ဟာ. . . မင်းက ချက်ချင်းကိုတောင်းဆိုတော့မှာလား"

"ဟုတ်တယ်လေ. . . ဘာလို့လဲ၊ မရဘူးလား"

"မဟုတ်ပါဘူး၊ ချက်ချင်းကြီးဆိုတော့. . . အင်း. . . ထာ ကဲ ပြော၊ ကိုယ်ဘာလုပ်ပေးရမှာလဲ"

ဒိတ်ဒိတ်ကျဲရဲ့စကားအဆုံး ဂျူနီယာကျော်ကြီးက ကိုလ ကို တစ်ချက်ကြည့်တယ်။ "ပြီးတော့မှ သူမအကြည့်က ဒိတ်ဒိတ်ကျဲ ပြန်ရောက်သွားကာ. . .

"လောလောဆယ်. . . ကျွန်မအလုပ်မပြုတ်ဖို့က အရေး ဆုံးပဲ၊ အဲဒီအတွက် ရှင်. . . ကျွန်မတို့ ဖွလိုက်မယ်ဂျာနယ်မှာ ကျွ နဲ့အတူတူ အင်တာဗျူးတစ်ခု ဖြေပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com

## အချစ် အချစ်ရှိရာအရပ်သို့ ... မျက်နှာမူ၍ စပ်သောကဗျာ

မာတတ်ပုံကင်မရာမီးရောင် တဖျတ်ဖျတ်အောက်မှာ နှစ်ယောက်သားဘေးချင်းကပ်ထိုင်နေရတဲ့အတွက် ဂျူနီယာကျော်ကြီး စိတ်တွေသူအားကို ကျဉ်းကျပ်နေတယ်။ ပြီးတော့ စိတ်ထဲမှာလည်း လှိုက်ပြီးမောနေတယ်။ ဒိတ်ဒိတ်ကျဲကရော ဘာထူးလဲ။ သူမနဲ့ အတူပူးကပ်ထိုင်နေတာကို စိတ်ထဲမှာ တစ်မျိုးကြီး။ မင်းသမီးပေါင်းများစွာနဲ့ ခဏခဏတတ်ပွန်းတတီး အတူတွဲသရုပ်ဆောင်နေခဲ့တာတောင် အခုလိုမျိုး မခံစားခဲ့ရ။ အခုမှ စိတ်တွေက သက်သောင့်သက်သာပေါ့ပေါ့ပါးပါးဖြစ်နေဘဲ တစ်ခုခုနဲ့သွားငြိနေသလို ခံစားနေရတာ ဘာကြောင့်မှန်းမသိ။ ရုပ်ရှင်ဗီဒီယိုရိုက်တာမဟုတ်ဘဲ တကယ့်အပြင်လောကမှာ သရုပ်ဆောင်နေရတာကြောင့်ပဲလားတော့မသိ။

"မင်းသားတို့နှစ်ယောက် ပထမဦးဆုံး စတွေ့ခဲ့တဲ့ အဖြစ်အပျက်လေးကို ပြောပြပေးပါလား"

စိတ်ဝင်စားလှချည်ရဲ့ဆိုပြီး အပျိုကြီးဒေါ်ပပဝင်းက အင်တာဗျူးကို သူလုပ်ပါရစေခွင့်တောင်းထားတာ။ အယ်ချုပ်ဒေါ်ခင်ခင်တက်အပါအဝင် ဂျာနယ်တိုက်ကလူတွေ တော်တော်များများကလည်းကိုယ့်တိုက်ကလူနဲ့ မင်းသားဒိတ်ဒိတ်ကျဲနဲ့ကို အင်တာဗျူးမှာဆိုတော့

www.burmeseclassic.com



စိတ်ဝင်စားပြီး ဒိတ်ဒိတ်ကျဲရဲ့ အိမ်ကိုလိုက်လာကြတယ်။

ဒေါ်ပပဝင်းရဲ့ အမေးကို ဒိတ်ဒိတ်ကျဲကပဲ ဟန်ဆောင်အပြုံးလေးတစ်ခုနဲ့အတူ လုပ်ကြံပြီးဖြေတယ်။

"ဩော်. . . သူနဲ့စတွေ့တာက ရိုက်ကွင်းတစ်ခုမှာပါ၊ သူက ကျွန်တော့်ကို အင်တာဗျူးလုပ်ဖို့ လာကမ်းလှမ်းတာလေ"

"အဲဒီတော့ မောင်လေးရဲ့ ဂျူနီ့ကိုတွေ့တွေ့ချင်း ခံစားချက်လေးကို ပြောပြပေးပါဦး"

"ဩော်. . . သူ့ကိုကျွန်တော်က မြင်မြင်ချင်းကို ချစ်မိသွားတာများ၊ တကယ်အံ့ဩဖို့ကောင်းတဲ့ အဖြစ်အပျက်ပါ။ သူ့ကိုမြင်လိုက်တဲ့ခဏမှာ ကျွန်တော့်စိတ်ထဲမှာပေါ့နော်. . . တစ်ကမ္ဘာလုံးမှာရှိတဲ့ ပန်းတွေအကုန်လုံးပွင့်သွားသလို ခံစားလိုက်ရပါတယ်. . . အဟင်း. . ."

ဒိတ်ဒိတ်ကျဲရဲ့ အဖြေကြောင့် ဂျူနီယာကျော်ကြီးက မသိမသာ မျက်နှာကိုမဲ့လိုက်ရင်း စိတ်ထဲကနေ. . .

"အလကား. . . အဲဒီတုန်းကဖြင့် ဒင်းက လှည့်တောင်မကြည့်ဘဲနဲ့များ"

လို့ပြောလိုက်တယ်။ ဒီအချိန်မှာပဲ ဒေါ်ပပဝင်းရဲ့ ဦးတည်ချက်က ဂျူနီယာကျော်ကြီးဘက်လှည့်လာရင်း. . .

"ညီမလေး ဂျူနီကရော မင်းသားကိုစတွေ့တွေ့ချင်း ဘယ်လို ခံစားရလဲ ပြောပြပါဦး"

"လည်လိမ်ပြီး သတ်ပစ်လိုက်ချင်တာလေ"

လို့ ဖြေလိုက်ချင်ပေမယ့် တကယ့်တကယ်မှာတော့. . .

"အဟင်း. . . ဂျူနီကတော့ သူ့ကို တီဗီထဲက မာတ်ပုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာ ရင်းနှီးနေပြီးသားပါ။ ဒါပေမယ့် အပြင်မှာတွေ့တော့မှ ရင်ခုန်သွား တာပေါ့. . .”

သူမရဲ့အဖြေကြောင့် ကိုလပြည့်က ရယ်ချင်စိတ်ကို မနည်း ထိန်းထားလိုက်ရတယ်။ ဂျူနီယာကျော်ကြီးနဲ့ ဒိတ်ဒိတ်ကျဲတို့ရဲ့ ပထမ ဦးဆုံး တွေ့ဆုံကြစဉ်က အဖြစ်အပျက်ကိုလည်း မျက်လုံးထဲမှာ မြင် ယောင်မိသွားတာကိုး။

“ဖွင့်ပြောတော့ရော ဘယ်လိုဖွင့်ပြောခဲ့တာလဲ မင်းသားက”

“အင်း. . . ဖုန်းထဲကနေပဲ ဖွင့်ပြောဖြစ်ခဲ့တာပါ”

“ဂျူနီကရော မင်းသားဖွင့်ပြောပြီး ဘယ်လောက်အကြာမှာ အဖြေပြန်ပေးခဲ့တာလဲ”

ဒေါ်ပပဝင်းစကားအဆုံး ဂျူနီယာကျော်ကြီးက ကိုလပြည့်ကို တစ်ချက်ကြည့်တယ်။ ဒီတော့ ကိုလပြည့်က ဇာတ်တိုက်ထားတဲ့ အတိုင်း ပြောဖို့ မသိမသာခေါင်းတစ်ချက်ဆတ်ပြတယ်။ ဒါနဲ့သူမကလည်း ရှက် ဘတ်တက်အမူအရာလေးတစ်ခုကို ကောက်ဖမ်း(မင်းသား၊ မင်းသမီး ခေါင်းများစွာကို အင်တာဗျူးလာတဲ့သူပဲဟာ၊ ဒီလိုအမူအရာတွေ ထောက်ကတော့ ပျင်းတာပေါ့) လိုက်ရင်း. . .

“အဟင်း. . . သိပ်မကြာဘူး၊ တစ်လလောက်ပဲကြာမယ်ထင် တယ်၊ သူ့ကို အဖြေပြန်ပေးခဲ့တာ၊ ကိုယ်ကလည်း သူ့ကိုရင်ခုန်နေပြီး သားဆိုတော့လေ၊ အချိန်တွေ သိပ်မဆွဲခဲ့ပါဘူး. . .”

ဒီလိုနဲ့ အင်တာဗျူးကို နာရီဝက်လောက်ကြာအောင် မေးကြ ဖြေကြပြီးတော့ နှစ်ယောက်တွဲ အလှဓာတ်ပုံတွေ ရိုက်ကြတယ်။ ဒိတ်ဒိတ် ကျဲရဲ့ ခြံဝန်းထဲမှာက ပန်းပင်တွေ အတော်လေးစုံအောင် စိုက်ပျိုးထား



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ခါတ်ပုံရိုက်ရတာ အတော်လေးကို အဆင်ပြေပါတယ်။

"မင်းသား. . . တောင့်တောင့်ကြီးမနေနဲ့လေဗျာ၊ ကိုယ့်ချစ်သူရဲ့ ပခုံးလေးကို ဖက်ထားမှပေါ့၊ ဒါမှ ကြင်နာတဲ့သရုပ်လေးပေါ်သွားမှာ. . ."

ခါတ်ပုံဆရာရဲ့ စကားကြောင့် ဒိတ်ဒိတ်ကျဲက နှင်းဆီပန်းလေးကိုကိုင်ကာ ခေါင်းငုံ့အိုက်တင်လုပ်နေတဲ့ ဂျူနီယာကျော်ကြီးရဲ့ပခုံးကို အသာအယာလေးဖက်လိုက်တယ်။ နှစ်ယောက်စလုံး ကိုယ်စီကိုယ့်ရင်ထဲတွေမှာ ရှိန်းမြသွားကြတယ်။

"ဟုတ်တယ်. . . ဟုတ်တယ် မင်းသား၊ မင်းသားရဲ့ အိုက်တင်ကကွက်တိပဲ၊ ဒါပေမယ့် မဂျူနီက ခေါင်းကြီးပဲငုံ့မထားနဲ့လေ၊ လက်ထဲကနှင်းဆီပန်းကို ငုံ့ကြည့်မနေဘဲနဲ့ မင်းသားရဲ့မျက်နှာလေးကို မော့ကြည့်နေလိုက်၊ အဲ. . . ဟုတ်ပြီ. . . ဟုတ်ပြီ. . . အဲဒီအိုက်တင်ကောင်းတယ်၊ ခဏငြိမ်နေနော်. . . ရိုက်တော့မယ်. . ."

ကင်မရာမီးက လင်းခနဲ။

"အိုခေ. . . မိုက်တယ်၊ နောက်တစ်ပုံရိုက်ရအောင်၊ ဒီတစ်ခါတော့ ဟိုနားက ဒန်းစင်လေးပေါ်မှာ ရိုက်ရအောင်လေ၊ နောက်ဘက်ကပန်းခြုံနဲ့ဆို နောက်ခံကလည်း တော်တော်လေးလှသွားမှာ. . ."

ဒီလိုနဲ့ ဒန်းစင်နားကို ရွှေ့ကြပြန်ကာ နောက်ထပ် ထပ်ရိုက်ကြပြန်တယ်။ ဒေါ်ပပဝင်းအပါအဝင် ဂျာနယ်တိုက်ကနေ လိုက်ပါလာတဲ့ ကောင်မလေးတွေကတော့ ဒိတ်ဒိတ်ကျဲနဲ့ ဂျူနီယာကျော်ကြီးတို့အတွဲကိုကြည့်ပြီး ပါးစပ်အဟောင်းသားတွေနဲ့ အားတွေကျလို့။

"မင်းသားနဲ့ မကျော်ကြီးက တော်တော်လိုက်ဖက်ယ်နော် မမပ



www.burmeseclassic.com

www.burmeseclassic.com



အားမကျဘူးလား၊ ဖွဲ့ဖွဲ့သာ မကျော်ကြီးနေရာမှာဆို ရင်တွေခုန်တာနဲ့ တင်ကို နေရာမှာတင် သေသွားလောက်တယ်”

ဖွဲ့ဖွဲ့စကားကြောင့် ဒေါ်ပပဝင်းက ကိုယ့်ကိုကိုယ် ကြွေနြေ့ပြန် ဆယ်လိုက်ရင်း. . . .

“ဖွဲ့ဖွဲ့နော်. . . ညည်းတော်တော်နန့်နေတယ်၊ ကြွေနြေ့ရရနေစမ်း ပါ၊ ဒါကိုယ့်ဂျာနယ်တိုက်ထဲမှာ မဟုတ်ဘူး. . . ”

အသာပိတ်ဟောက်လိုက်တော့ ဖွဲ့ဖွဲ့လည်း ဇက်ပုသွားကာ ဒေါ် ပပဝင်းအနားက ခွာပြီး တခြားကောင်မလေးတွေအနားသွားလို့ တွတ် တီတွတ်စီနဲ့ ဘာတွေ တွတ်ထိုးနေသလဲတော့ မပြောတတ်ချေ။

အယ်ဒီတာချုပ်ဒေါ်ခင်ခင်တုတ်တစ်ယောက်ကလည်း မလှမ်း မကမ်းက ထိုင်ခုံတစ်လုံးပေါ်မှာထိုင်ကာ ခါတ်ပုံရိုက်တာကိုကြည့်ရင်း ချူနီယာကျော်ကြီးရဲ့နေရာမှာ သူမကိုယ်သူမ အစားထိုးမြင်ယောင်ကြည့် ပြီး နှုတ်ခမ်းတွေက ပြုံးလို့။



www.burmeseclassic.com

www.burmeseclassic.com





လမ်းလျှောက်ရင်း
ခလုတ်တိုက်လဲဖူးကြမှာပါ...
ဒါပေမယ့်...
အချစ်နဲ့တော့ ခလုတ်တိုက်မလဲမိစေနဲ့...
ဘယ်တော့မှ ပြန်မထနိုင်တော့ဘူးမှတ်။

www.burmeseclassic.com

www.burmeseclassic.com



# IX

ဂျာနယ်မျက်နှာဖုံးကပုံကို ကြည့်နေတုန်းမှာပဲ အနားကို ကို သပြည့်ရောက်လာတယ်။

"အပြင်မှာတော့ မင်းသားနဲ့ ဂျူနီယာကျော်ကြီးရဲ့သတင်းက တော်တော်လေးကို ဟော့ဖြစ်နေတာပဲ၊ ရှူတင်တွေကို တောင်းပန်ပြီး နားထားလို့တော်သေးတယ်၊ နို့မို့ဆို တော်တော်လေး ယောက်ယက်ခတ်နေမှာ မြင်ယောင်သေးတယ်"

ဒိတ်ဒိတ်ကျဲက ထောက်ခံသလို ခေါင်းညိတ်လိုက်ရင်း. . .

"ဟုတ်တယ်၊ ဖေ့စ်ဘွတ်ပေါ်မှာလည်း ဒီသတင်းကိုပဲ ပြောဆိုနေကြတာဗျာ၊ ဖွလိုက်မယ်ဂျာနယ်ကလည်း ဂျာနယ်တင်ထုတ်တာ မဟုတ်ဘူး၊ သူတို့ရဲ့ ဖေ့ဘွတ်ပေ့ဂ်ကနေပါ ကျွန်တော်တို့ဓာတ်ပုံတွေကို တင်ပေးလိုက်တော့ ပွဲကပိုဆူသွားတာပေါ့. . ."

"တစ်ခုလိုချင်ရင်တော့ တစ်ခုကိုစွန့်လွှတ်ရမှာပေါ့ မင်းသားရာ၊ အိမ်ကလေးကိုစွသာအခုလို ဟော့သွားရင် မလွယ်ဘူး"

"ကျွန်တော်ကတော့ အဆင်ပြေပါတယ်၊ ဟိုတစ်ယောက်သာ



www.burmeseclassic.com

www.burmeseclassic.com



နေရထိုင်ရခက်နေမှာ. . .”

ဒိတ်ဒိတ်ကျဲစကားကြောင့် ကိုလပြည့်က ဂျူနီယာကျော်ကြီး[illegible] မြင်ယောင်ကြည့်ကာ ပြုံးတယ်။ ပြီးတော့ စားပွဲပေါ်မှာတင်ထားတဲ့ ဂျာနယ်ကို ကောက်ယူကြည့်လိုက်ရင်း. . .

“ဂျူနီယာကျော်ကြီးက လှတာတော့ တော်တော်လှတာ[illegible] မင်းသား၊ မင်းသားနဲ့လည်း လိုက်တယ်လို့မထင်ဘူးလား. . .”

ကိုလပြည့်ရဲ့ စပ်ဖြီးဖြီးမျက်နှာနဲ့ ပြောစကားကြောင့် ဒိတ်ဒိ[illegible] ကျဲက ပြုံးလိုက်ရင်း. . .

“ကိုလပြည့်ကလည်း၊ အချွန်နဲ့မနေပြန်ပါပြီ. . .”

“ဟာ. . . တကယ်ပြောတာမင်းသားရဲ့၊ ကြည့်ပါလား၊ မင်[illegible] သားတို့နှစ်ယောက်တွဲပုံကို နေနဲ့လ ရွှေနဲ့မြဆိုတာ ဒါမျိုးကို ပြောတာ[illegible] ပေါ့. . .”

“တော်. . . တော်ပါ ကိုလပြည့်ရာ. . .”

ပြောပြီး ဒိတ်ဒိတ်ကျဲက အနားကိုရောက်လာတဲ့ အိမ်ကလေ[illegible] ကို ရင်ခွင်ပေါ်ဆွဲယူပွေ့တင်လိုက်ပြီးတော့ တစ်ချက်မွှေးကြူလိုက်တယ်[illegible] ပြီးတော့မှ ဂျာနယ်မျက်နှာဖုံးကို မသိမသာကြည့်လိုက်မိပြန်ကာ ကို[illegible] လပြည့်ပြောသလိုပဲ ဒီကောင်မလေးက လှတာတော့တော်တော်လေ[illegible] ကိုလှတာပါလို့ တွေးလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

# အချစ် အချစ်ရှိရာအရပ်သို့ ...
## မျက်နှာမူ၍ စပ်သောကဗျာ

ဂျူနီယာကျော်ကြီးက ဂျာနယ်မျက်နှာဖုံးက ပုံကိုကြည့်ပြီး တစ်ယောက်တည်း အတွေးတွေပွားနေတုန်းမှာပဲ အနားကို ဒေါ်ပပဝင်းရောက်လာတယ်။ ဒေါ်ပပဝင်းက ဂျူနီယာကျော်ကြီးလက်ထဲက ဂျာနယ်ကို ဖျတ်ခနဲလှယူလိုက်ရင်း. . .

"အမလေး. . . ကြည့်နေလိုက်တာ၊ မျက်ခွက်ကြီးလည်း ဂျာနယ်ထဲဝင်သွားပါဦးမယ်၊ ကြည့်မဝဖြစ်နေတယ်ပေါ့"

ဂျူနီယာကျော်ကြီးက အောင့်သက်သက်ပုံနဲ့ပဲ ပြုံးပြလိုက်မိတယ်။ ကိုယ့်အကြောင်းကိုယ်ပဲ သိတယ်မဟုတ်လား။

"နင်တော့ ကံကောင်းတာပဲ၊ ဒီလိုမင်းသားမျိုးကို ချိတ်ထားနိုင်တယ်ဆိုတာ တော်တန်ရုံကုသိုလ်ထူးတာမဟုတ်ဘူးနော်၊ ဒိတ်ဒိတ်ကျဲတိုဆိုရင် အသေရရအရှင်ရရ ယူမယ့်မိန်းကလေးတွေက အများသားတဲ့၊ ငါတောင် နင့်အတွက် တော်တော်ဝမ်းသာတယ်. . ."

ဒေါ်ပပဝင်းစကားကြောင့် ဂျူနီယာကျော်ကြီးက ဒေါ်ခင်ခင်တုတ်ရဲ့ ရုံးခန်းဘက်ဆီကို မျက်စပစ်ပြလိုက်ရင်း. . .

" မမပပထက် ပိုပြီးပျော်တဲ့သူ တစ်ယောက်ရှိသေးတယ်လေ၊ ဟိုထဲမှာ. . ."



www.burmeseclassic.com

www.burmeseclassic.com

# ရာခေါင်ကို

ဆိုတော့ ဒေါ်ပပဝင်းက လက်တွေကိုပိုက် ခြေချိတ်ထိုင်က မျက်နှာကို တမင်တကာ မဲ့ရွဲ့ပစ်လိုက်ရင်း. . .

"သေချာတာပေါ့. . . စောစောက ငါသူ့ရှုံးခန်းထဲကို ဝင်သွား တာ၊ ပျားရည်အိုးထဲ ခေါင်းစိုက်ကျပြီး ပြန်မော့လာတဲ့ မျက်နှာကြီးလ နေတာပဲ. . . ပြုံးချိုလို့. . . "

ပြောရင်လည်း ပြောလောက်စရာပါပဲ။ ဒေါ်ခင်ခင်တုတ် တစ် ယောက်က ခုအပတ်ထုတ် ဂျာနယ်ကြောင့် တဟုန်ထိုးတိုးတက်သွား တဲ့ ဂျာနယ်စောင်ရေအတက်အကျပြ ဂရပ်ကြီးကို ကြည့်လို့ကို မဝ ဖြစ်နေပုံနဲ့ စားပွဲပေါ်မှာ လက်နှစ်ဖက်နဲ့မေးထောက်ကာ ကြည့်နေတော့ တာ။ မျက်နှာကြီးကလည်း ပြုံးဖြီးလို့. . . ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသက်ပြင်းကတော့ ဖွလိုက်မယ်ဂျာနယ်မျက်နှာဖုံးကို ကြည့်ပြီး မိန့်မိန့်ကြီးပြုံးတယ်။ ဒီလိုဖြစ်လာမယ်ဆိုတာ သူသိသားပဲဟာ။ ဒိတ်ဒိတ်ကျဲမှာ ရှိနေတဲ့ လျှို့ဝှက်ချက်တစ်ခုကို ဖုံးကွယ်ဖို့က ဂျူနီယာကျော်ကြီးနဲ့ ချစ်သူတွေဆိုတာကို မငြင်းဘဲ အသာမျှောနေလိုက်တာကသာ အကောင်းဆုံးနည်းလမ်းပဲလေ။ သူ့လုပ်ရပ်အတွက် ဒိတ်ဒိတ်ကျဲတို့က ဘယ်တော့မှ တရားမစွဲဘူးဆိုတာကို ရွှေသက်ပြင်းက ကြိုတွက်မိထားပြီးသား။ ရုံးတော်မှာ ရှင်းကြလင်းကြမယ်ဆိုရင် သူနားစွန်နားဖျားကြားခဲ့တဲ့ ဒိတ်ဒိတ်ကျဲရဲ့ ကလေးတိစ္ဆာဆိုတာကြီးက ဘူးပေါ်သလိုပေါ်လာတော့မှာ။ ဒီတော့ ဒိတ်ဒိတ်ကျဲတို့ ဒီနည်းလမ်းကိုပဲ ရွေးမယ်ဆိုတာ သိတဲ့အတွက် ရွှေသက်ပြင်းက ဘာကိုမှ မကြောက်ဘဲ ဒိတ်ဒိတ်ကျဲနဲ့ ဂျူနီယာကျော်ကြီးဟာ ချစ်သူတွေပါလို့ ဖွပစ်လိုက်တာ။ အခုတော့ သူတွက်ထားတဲ့အတိုင်း ကွက်တိပဲ။ ပြီးတော့ ဒါဟာ ဒိတ်ဒိတ်ကျဲမှာ လူသိမခံဝံ့တဲ့ လျှို့ဝှက်ချက်တစ်ခု ရှိနေတယ်ဆိုတာကို ပိုပြီးတော့ သေချာသွားစေတယ်ဆိုရင်လည်း မမှား။

ဒီတော့ ရွှေသက်ပြင်းက နောက်ထပ်ပစ်မှတ်တစ်ခုကို ထပ်ပြောင်းလိုက်တယ်။ အဲဒါဟာ ဘာလဲဆိုတော့ သူသံသယရှိနေပြီး အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

သံသယဟာလည်း မှန်ပါတယ်ဆိုတာကိုသိနေလျက်နဲ့ လက်ဆုပ်လက်ကိုင်မပြနိုင်သေးတဲ့ ဒိတ်ဒိတ်ကျဲရဲ့ ကလေးကိစ္စကို လက်ဆုပ်လက်ကိုင်ပြနိုင်အောင် ကြိုးစားဖို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုးလွှာအမြင့်ကနေ တောက်လျှောက်ဆင်းလာခဲ့ရတဲ့ ဂျူနီ ယာကျော်ကြီးဟာ မြေညီထပ်ရောက်လို့ တိုက်ထဲကအထွက်မှာတော့ အဆင်သင့်စောင့်ကြိုနေတဲ့ လူတစ်ယောက်ကြောင့် အမောဆို့သွားရ တော့တယ်။

"ဟင်! ဦးကောင်း. . ."

ဟုတ်ပါတယ်။ သူမကို စောင့်ကြိုနေတာက တောင်ကြီးမှာကျန် နေခဲ့တဲ့ သူမရဲ့ပထွေး ဦးကောင်းမြင့်ပါ။ ဦးကောင်းမြင့်ပုံစံက အရက် ကင်းနေတာသိသာလှစွာ ပိန်လိမ်ညစ်ထေးစုတ်ပြတ်လို့။ ဆံပင်တွေက လည်း ကာလကြာရှည်စွာ မဖြီးမသင် ဆီမထည့်ပဲထားထားသလို နီ ကြောင်ဖွာလန်ကြဲနေတာပဲ။

သူမရဲ့ တအံ့တသြရေရွတ်သံအဆုံးမှာပဲ ဦးကောင်းမြင့်က လည်း သူမကို မြင်သွားကာ အရောင်တောက်သွားတဲ့ မျက်လုံးတွေ နဲ့. . .

"ဂျူနီ. . ."

ဆိုပြီး အပြေးအလွှားကပ်လာတော့ သူမက ထိတ်လန့်တကြား နဲ့ နောက်ကို ခြေနှစ်လှမ်းခန့် ဆုတ်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ရှာလိုက်ရတာ ဂျူနီရယ်၊ ဦးကောင်း. . . ဦးကောင်းကို ကယ်ပါဦးသမီးရယ်. . . ဦးကောင်းကို ကယ်ပါဦး. . ."

သူမ နောက်ထပ်ခြေနှစ်လှမ်း ထပ်ဆုတ်လိုက်မိတယ်။ ပြီးတော့ သူမ နှုတ်ကလည်း သူမသိချင်တာကိုပဲ မေးလိုက်တယ်။

"ဦးကောင်း. . . ရန်ကုန်ကို ဘာလာလုပ်တာလဲ"

"ဘာလာလုပ်ရမှာလဲ၊ ဂျူနီ့ဆီကိုလာတာလေ၊ ဦးကောင်းကို ကယ်ပါဦးသမီးရယ်၊ ဦးကောင်းကိုကယ်ပါဦး၊ ဦးကောင်း ငွေအရမ်းလို နေတယ်၊ တောင်ကြီးက ဝိုင်းနဲ့အိမ်လည်း အခုဆိုရင် အပေါင်ဆုံးတော့ မယ်၊ ပြီးတော့ အကြွေး. . . အကြွေးတွေကလည်း လည်ပင်းရောက်နေ ပြီ၊ အဲဒါသမီးကယ်မှ ဖြစ်မယ်. . . ဦးကောင်း. . . ဦးကောင်းကို"

ဂျူနီယာကျော်ကြီးက နောက်ထပ်ခြေနှစ်လှမ်း ဆုတ်လိုက်မိ ပြန်တယ်။

"အဲဒါကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ ရှင်လောင်းကစားလုပ်၊ မိန်းမ ပွေလို့ ဖြစ်တာပဲနေမှာပေါ့၊ ရှင့်ကြောင့် ကျွန်မအမေလည်း လုံးပါးပါး ပြီး အသက်ဆုံးရှုံးခဲ့ရပြီးပြီ၊ အခုကျွန်မမိဘတွေပိုင်တဲ့ အိမ်နဲ့ဝိုင်းလည်း ပြုတ်တော့မယ်၊ ရှင့်ရန်ကြောင့် ကျွန်မလည်း ရန်ကုန်ကိုပြေးခဲ့ရပြီးပြီ အခုကျွန်မနောက်ကိုလိုက်လာပြီး ဘာဒုက္ခပေးဦးမလို့လဲ"

သူမနှုတ်က "ဦးကောင်း"ဆိုတဲ့ နာမ်ပျောက်ပြီး "ရှင်"ဆိုတဲ့ နာမ်စားတစ်ခုပြောင်းထွက်လာတယ်။ ဒီလိုပြောလောက်အောင်ကိုလည်း ဒင်းကြီးယုတ်မာပက်စက်ခဲ့တာတွေကလည်း နည်းတာမှ မဟုတ်တာ

"ဘာဒုက္ခမှ မပေးပါဘူးသမီးရယ်၊ ဦးကောင်းမိုက်ခဲ့တာတွေ အတွက်လည်း ဦးကောင်းတောင်းပန်ပါတယ်၊ ဒါပေမယ့် ဦးကောင်း



www.burmeseclassic.com

www.burmeseclassic.com



အခု ငွေသိပ်လိုနေတယ်၊ ဦးကောင်း. . . အလကားတောင်းတာမဟုတ်ပါဘူးသမီးရယ်၊ ဦးကောင်းအဆင်ပြေတဲ့အခါကျရင် ပြန်ပေးမှာပါ၊ အခုလောလောဆယ်တော့ ဦးကောင်းကို ငွေ သိန်းနှစ်ရာလောက် ခဏ လှည့်ထားပေးပါလားဂျူနီရယ်၊ ဦးကောင်း. . . ဦးကောင်းပြန်ပေးမှာပါ"

ဦးကောင်းမြင့်စကားကြောင့် ဂျူနီယာကျော်ကြီးရဲ့ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားရတယ်။

"ရှင် ရူးနေလား၊ ကျွန်မမှာ ငွေသိန်းနှစ်ရာ မပြောနဲ့ နှစ်သောင်းတောင်မရှိဘူး၊ ရှိရင်လည်း ရှင့်ကို တစ်ပြားမှ မပေးနိုင်ဘူး၊ တကယ်လည်း မရှိဘူး"

သူမစကားအဆုံး ဦးကောင်းမြင့်ရဲ့ မျက်နှာက ချက်ချင်းဆိုသလို တစ်မျိုးပြောင်းသွားတယ်။

"နင်လိမ်တာ၊ နင့်မှာရှိမှန်းငါသိတယ်၊ ကောင်းမြင့်ဆိုတဲ့ကောင်ကို ဒီလိုလွယ်လွယ်နဲ့ လာလိမ်လို့ရမယ်များထင်နေလား၊ နင်နဲ့ ဒိတ်ဒိတ်တျဲဆိုတဲ့ မင်းသားနဲ့ အကြောင်းတွေကို ဂျာနယ်မှာ ငါဖတ်ပြီးသား၊ အဲဒီအကောင် ဒီလောက်ချမ်းသာတာ၊ နင့်အတွက် ငွေသိန်းနှစ်ရာဆိုတာ ပါးပါးလေးပါ မိဂျူနီရာ၊ အသာတကြည်တောင်းနေတုန်းကို ထုတ်ပေးလိုက်စမ်းပါ"

"ရှင်အရူး. . ရူးတာမှ ဆေးကုလို့မရအောင်ကို ရူးနေပြီ၊ သူချမ်းသာတာ ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ အေး. . . ဆိုင်တော့ရော ရှင်နဲ့ဘာဆိုင်လို့ ကျွန်မက ရှင်တောင်းတဲ့ငွေကို ပေးရမှာလဲ၊ ရှင့်ကိုပေးမယ့်အစား. . . လမ်းဘေးက သူတောင်းစားရဲ့ခွက်ထဲကို ထည့်ပေးလိုက်တာကမှ ကုသိုလ်ရဦးမယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"မိဂျူနီ. . . နင်ပေးမလား၊ မပေးဘူးလား၊ တစ်ခွန်းပဲပြောဟာ ကြာတယ်၊ ငါနင်နဲ့ စကားများများပြောဖို့ အချိန်မရှိဘူး. . ."

"မပေးဘူး၊ သေတောင်မပေးဘူး. . ."

သူမစကားအဆုံး ဦးကောင်းမြင့်က မထူးဇာတ်ခင်းဖို့ ဆုံးဖြတ် လိုက်ဟန်နဲ့ သူမရဲ့ဘယ်ဘက်လက်ကို ဖျတ်ခနဲဆွဲယူကာ. .

"မပေးရင် လုတယ်ဟာ. . ."

ဆိုပြီး သူမရဲ့ လက်သူကြွယ်မှာ ဝတ်ထားတဲ့ စိန်လက်စွပ်ထ လေးကို ချွတ်ဖို့လုပ်တယ်။ ဒီစိန်လက်စွပ်လေးက သူမမိဘတွေရဲ့ အိမ် ထောင်ဦး ပစ္စည်းလေး။ မိဘ်နှစ်ပါးစလုံးဆီက အမှတ်တရဆိုလို့ သူ မ ဒါလေးတစ်ခုတည်းကိုသာယူပြီး ကျန်တဲ့အတွင်းပစ္စည်းတွေ အားလုံး ကို ဘာတစ်ခုမှ မယူဘဲ ဒင်းလက်ထဲမှာပဲ ထားခဲ့ကာ အိမ်ကထွက်လာ ခဲ့တာ။ ကာလပေါက်ဈေးနဲ့ဆို သိန်းနှစ်ဆယ်လောက်သာတန်ပေမယ့် သူမအတွက် သိန်းနှစ်ထောင်ရရင်တောင် မရောင်းနိုင်တဲ့ အမှတ်တရ ပစ္စည်းလေးပါ။ ဒီလက်စွပ်ကလေးကိုတော့ ဘယ်နည်းနဲ့မှ သူမ အထိ မခံနိုင်။

"ရှင်. . . ရှင်. . . မယုတ်မာနဲ့နော်၊ လွှတ်. . . အခုလွှတ်"

သူမက အားကုန်အော်ကာ ရုန်းတယ်။ ဒါပေမယ့် ယောကျ်ား အားနဲ့ မိန်းမအားဆိုတော့ မယှဉ်နိုင်။

"နင်ကမှ အသာတကြည်မပေးတာပဲ၊ ဟား. . . ဟား. . . ဒါ တော့ လုရတာပေါ့. . . ကောင်းမြင့်ကို ဒီလိုလုပ်လို့ ဘယ်တုန်းကမှ ဖူးလို့လဲ. . ."

"ရှင်လွှတ်နော်. . . ဒီလက်စွပ်က ကျွန်မအတွက် ဘယ်လော



www.burmeseclassic.com

www.burmeseclassic.com



တောင် အရေးကြီးတယ်ထင်လဲ၊ လွတ်. . ."

သူမက အတင်းရုန်းပေမယ့် မရ။ ရုန်းရင်းကန်ရင်း တွန်းထိုးနေရင်းကနေပဲ သူမလက်စွပ်လေးက ဦးကောင်းမြင့်လက်ထဲကို ကျွတ်ပါသွားတယ်။ ဒီအခိုက်မှာပဲ သူမတို့အနားကို လူတစ်ယောက်က ရိပ်ခနဲ ရောက်လာပြီး ဦးကောင်းမြင့်မျက်နှာကို ခပ်ပြင်းပြင်းတစ်ချက် ထိုးချလိုက်တော့ ဦးကောင်းမြင့် နောက်ဘက်ကို ပက်လက်လန်လဲကျသွားတယ်။ သူမက တအံ့တသြနဲ့ ရောက်လာသူကိုကြည့်လိုက်တော့. .

"ဟင်. . . မင်းသား. . ."

ဒါပေမယ့် ဒိတ်ဒိတ်ကျဲက ဘာမှမပြောဘူး။ လဲကျနေတဲ့ ဦးကောင်းမြင့်လက်ထဲက သူမလက်စွပ်ကို ပြန်လုယူလိုက်ကာ ရပ်ကြောင်နေတဲ့ သူမလက်ကို ဖျတ်ခနဲဆွဲပြီး လမ်းဘေးတစ်နေရာမှာ ရပ်ထားတဲ့ သူ့ကားဆီကို တဟုန်ထိုးပြေးတယ်။ နှစ်ယောက်သားကားပေါ်ရောက် မောင်းထွက်လာပြီးမှ သူက သူမဘက်ကို လုယူလာတဲ့ လက်စွပ်တလေး ပြန်ကမ်းပေးလိုက်တယ်။

"ကျေးဇူးတင်ပါတယ်၊ ဒီလက်စွပ်ကလေးက ကျွန်မမိဘတွေရဲ့ အိမ်ထောင်ဦးပစ္စည်းလေးဆိုတော့ ဒါလေးသာ ပါသွားရင် ကျွန်မရူးမှာ၊ ဒီပထွေးကလည်း အခုထိကို ဒုက္ခလိုက်ပေးနေတုန်းပဲ. . ."

"ဒေါ်မေသီကို မင်းပြောတော့ မင်းပထွေးက မင်းအပေါ်ကို ကောင်းပါတယ်ဆို. . . အခုဘယ်လိုဖြစ်ရတာလဲ"

"အဲဒီတုန်းက ကျွန်မလိမ်ပြောတာပါ၊ ကျွန်မက လူတစ်မျိုးကိုယ့်အပူကို သူများရှေ့ထုတ်မပြတတ်ဘူး. . ."

ဒိတ်ဒိတ်ကျဲက နားလည်သလိုနဲ့ ခေါင်းကိုတစ်ချက်ညိတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူမက တစ်ခုခုကိုသတိရသွားဟန်နဲ့. . .

"ဒါနဲ့ ရှင်က ဘယ်လိုလုပ်ပြီးတော့ ရောက်လာတာလဲ"

သူမစကားအဆုံး သူက ဘာမှမဖြစ်သလိုဟန်နဲ့ ကားကို ယာတစ်ချက်ပြောင်းထိုးလိုက်ကာ. . .

"မင်းဆီကိုပဲလာတာ၊ မင်းကို အလုပ်လိုက်ပို့မလို့လေ၊ မင်း အလုပ်ကို ဘတ်(စ်)ကားနဲ့ သွားတာမို့လား၊ ခုတလော ဂျာနယ်တွေ မှာ မင်းနဲ့ကိုယ့်ပုံတွေပါထားတာဆိုတော့ မင်းဘတ်(စ်)ကားစီးရ အဆင်မပြေလောက်တာတွေးမိလို့ အလုပ်ကိုလိုက်ပို့မလို့ထွက်လာတာ အဲဒီရောက်တော့. . ."

သူက စကားကို ဆက်မပြောတော့ဘဲ ရပ်ပစ်လိုက်တယ်။ ဒါ ပေမယ့် ဆက်ထွက်လာမယ့် စကားတွေကို သူမ သဘောပေါက်ထား ပြီးသားပါလေ။

"မင်း. . . အလုပ်ကိုသွားမှာမလား. . ."

သူမက ခေါင်းပဲညိတ်ပြလိုက်ကာ သူ့မျက်နှာကို ဘေးတိုက် အနေအထားကနေ ကြည့်နေမိတယ်။ အံ့ဩစရာကောင်းလော အောင်ပဲ သူ့အပေါ်မှာရှိနေတဲ့ အရင်က သူမရဲ့ မကြည်လင်မှုတွေ ချက်ချင်းကြီးကိုပဲ လွင့်စင်သွားတယ်။

ပြီးတော့ ဘာမှန်းမသိတဲ့ ခံစားချက်တစ်ခုကလည်း ခြေ ကြမ်းလိုက်တာ. . .။

ဒီလိုနဲ့ အလုပ်ကိုရောက်တော့လည်း အားလုံးကိုမေ့သွား ဟိုပြောလိုက် ဒီလွှားလိုက်နဲ့ပဲ တစ်နေ့တာက ခဏလေးနဲ့ ကုန်သွား တယ်။ ဒါပေမယ့် ညနေရောက်တဲ့ အခါမှာတော့ သူမအတွက် အံ့



www.burmeseclassic.com

www.burmeseclassic.com



သမှုက ပြန်လည်စတင်ဖြစ်တယ်။ အောက်မှာ ဒိတ်ဒိတ်ကျဲရဲ့ကားက အဆင်သင့်စောင့်လို့။

"တက်. . ."

သူမက အစတော့ ငြင်းဦးမလို့ပါပဲ။ ဒါပေမယ့် အလုပ်သိမ်းချိန်ဆိုတော့ လူတွေကလည်း ပတ်ဝန်းကျင်မှာ အတော်လေးရှုပ်နေရာ ငြင်းနေရင် သူ့အတွက် အဆင်မပြေဘဲဖြစ်နေမှာကို တွေးလိုက်မိပြီး အသာတကြည်ပဲ သူမက သူ့ကားပေါ်ကိုတက်လိုက်တယ်။ သူကလည်း သူမ ကားပေါ်ရောက်ပြီဆိုတာနဲ့ ကားကို တန်းမောင်းထွက်တယ်။

"ဘာလို့လာကြိုတာလဲ၊ အားနာစရာ. . . ကျွန်မဘာသာပြန်သည်း ဖြစ်တဲ့ဟာကို"

"မင်း. . . ဘတ်(စ်)ကားစီးမလို့လား"

"ကျွန်မ ဒီလိုပဲ ရုပ်ဖျက်ပြီးတော့ စီးနေကျပါ၊ ဒါမှ မဟုတ်လည်း တက္ကစီစီးမှာပေါ့"

"ညနေဘက်ကြီး မိန်းကလေးတစ်ယောက်တည်း တက္ကစီစီးလို့ မသင့်တော်တာ"

သူပြောတာလည်း ဟုတ်နေတာမို့ သူမက ဆက်ပြီးစောဒက တက်မနေတော့ဘဲ အသာငြိမ်နေလိုက်တယ်။

"ဒါနဲ့ ရှင် ရုံတင်မသွားဘူးလား. . . ဒီနေ့"

"ဒီနေ့ အစောကြီးပြီးတယ်၊ အဲဒါကြောင့်ပါ. . ."

အဲဒီလို စကားတပြောပြောနဲ့ပဲ သူမနေတဲ့ တိုက်ခန်းအနားကို အရောက်မှာတော့ သူမစိတ်တွေ အတော်လေးကို ညစ်သွားရတယ်။ ဦးကောင်းမြင့်က ရှိနေတုန်း။ မနက်ကတည်းက မပြန်တာလား၊

www.burmeseclassic.com



ဒါမှမဟုတ် ရှုံးဆင်းလောက်မယ့် အချိန်ကိုပဲ ဖမ်းပြီးလာစောင့်နေတာ
လားတော့ မသိ။

"မင်းပထွေးက ရှိနေသေးတယ်ကွ. . ."

"ကျွတ်. . . ဒီဒုက္ခနဲ့က ဘယ်တော့များမှ ဝေးမှာပါလိမ့်၊ စိတ်
ညစ်တာပဲ. . ."

"ညစ်မနေနဲ့၊ ဒီနေ့ညတော့ ကိုယ့်အိမ်မှာပဲ ဒေါ်မေသိန်း
လိုက်အိပ်လိုက်၊ ဒါအကောင်းဆုံးနည်းလမ်းပဲ. . ."

သူမ ဘာမှ မပြောလိုက်ရသေးခင်မှာပဲ သူက ကားကို မောင်း
ထွက်တယ်။ တကယ်ကျတော့လည်း သူမကိုယ်တိုင်ကိုက ဘာမှကို ပြော
ချင်စိတ် လုပ်ချင်စိတ်မရှိတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံးလှေကားထစ်တစ်ခုပေါ်မှာထိုင်ရင်း ဂျူနီယာကျော်ကြီး ပြန်အလာကို စောင့်နေတဲ့ ဦးကောင်းမြင့်ရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ကိုလပြည့်နဲ့ ကိုတွမ်တီးတို့က ဘာမပြောညာမပြောနဲ့ ဝင်ထိုင်လိုက်ကြတော့ ဦးကောင်းမြင့်က ဘာလဲကွဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်တယ်။ ဒါပေမယ့် ကိုလပြည့်တို့က ခပ်တည်တည်ပဲ။ ဘာမှမဖြစ်တဲ့ပုံစံမျိုးနဲ့. . .

"ခင်ဗျားနာမည်က ဦးကောင်းမြင့်နော်. . ."

ကိုလပြည့်စကားအဆုံး ဦးကောင်းမြင့်မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားတယ်။ ဒါပေမယ့် ဘာမှပြန်မပြောလိုက်ရသေးခင်မှာပဲ ကိုလပြည့်က စကားကိုထပ်ပြောလိုက်တယ်။

"ကျုပ်က ဂျူနီယာကျော်ကြီးရဲ့ မိတ်ဆွေပါ၊ ကျုပ်ရဲ့ရာထူးကိုလည်း မှတ်ထားဦးပေါ့၊ ဒုရဲအုပ်ပါ၊ မကြာခင်အချိန်အတွင်းမှာတော့ ရာထူးတိုးဖို့ ရှိတယ်ဗျာ၊ အဲဒီကျရင်လည်း ခင်ဗျားကို ထပ်အသိပေးပါ့မယ်. . ."

ကိုလပြည့်စကားအဆုံး ဦးကောင်းမြင့်က အလန့်တကြားဟန်နဲ့ ထထွက်ပြေးဖို့ပြင်တယ်။ ဒါပေမယ့် ကိုတွမ်တီးက ဦးကောင်းမြင့်ကို နောက်ဘက်ကနေ အင်္ကျီဂုတ်ကို အသာစုဆွဲထားလိုက်တော့ မလှုပ်



www.burmeseclassic.com

www.burmeseclassic.com



သာတော့ဘူး။ အသားတွေလည်း တဆတ်ဆတ်တုန်လာတယ်။ ပြီးတော့မှ ကိုလပြည့်က စကားကိုဆက်ပြောတယ်။

"ခင်ဗျား . . . လောင်းကစားတွေလုပ်နေတာ ကျုပ်သိတယ်နော်၊ ခင်ဗျားနောက်မှာ ကျုပ်ရဲ့လူတစ်ယောက်အမြဲတမ်းရှိနေပြီသား ခင်ဗျားကို အချိန်မရွေး ဖမ်းချုပ်ပစ်လိုက်လို့ရတယ်၊ ဒါပေမယ့် ဂျူနီယာကျော်ကြီးရဲ့ မျက်နှာကြောင့် ခင်ဗျားကို ဒီအတိုင်းပဲကြည့်နေတာ ဒါကိုခင်ဗျားက အလိုက်ကန်းဆိုးမသိဘဲ သူ့ကိုဒုက္ခပေးနေတယ်ဆိုတော့ ဟုတ်လား . . ."

"မ . . . မဟုတ်" . . .

"ခင်ဗျား . . . ဘာမှမပြောနဲ့၊ ကျုပ်ပြောတာကိုပဲ နားထောင် နောက်ဆုံးအနေနဲ့ ကျုပ်သတိပေးလိုက်မယ်၊ နောက်တစ်ခါ ကျုပ်မိတ်ဆွေ ဂျူနီယာကျော်ကြီးကို နှောက်ယှက်ရင်တော့ ကျုပ်က ဒီအတိုင်း ကြည့်မနေတော့ဘူးနော်၊ ရှင်းရှင်းပဲပြောမယ်ဗျာ၊ ဂျူနီယာကျော်ကြီး နဲ့ တစ်မြို့တည်းတောင် ခင်ဗျားမနေပါနဲ့၊ ကျုပ်စိတ်ဆိုးလာရင် ခင်ဗျား မလွယ်ဘူးနော်၊ အဲဒီတော့ ကိုယ့်မြို့ကိုယ်ပြန်၊ ဟုတ်ပြီလား . . ."

"ဟုတ် . . . ဟုတ်ကဲ့ . . ."

"သွားတော့ . . ."

ကိုလပြည့်ရဲ့စကားအဆုံး ဦးကောင်းမြင့်က ကြောက်အားလန့်အား နဲ့ ဖဝါးနဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးတော့တာပဲ။ နောက်ကိုလည်း တစ်ချက်မှ လှည့်ကြည့်မသွားရဲ။ ကိုလပြည့်နဲ့ ကိုတွမ်တီးတို့ ကတော့ ဦးကောင်းမြင့်ပြေးသွားပုံကိုကြည့်ပြီး ခွက်ထိုးခွက်လန်တဲ့ ဟားဟား အော်ရယ်ရင်း ကျန်ခဲ့တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အချစ် အချစ်ရှိရာအရပ်သို့ ...
## မျက်နှာမူ၍ စပ်သောကဗျာ

သူ ညစာစားပြီး ထမင်းစားခန်းထဲက ထွက်လာတော့ ဧည့်ခန်းထဲမှာ အပေးအယူတည့်နေတဲ့ အိမ်ကလေးနဲ့ ဂျူနီယာကျော်ကြီးကိုတွေ့လိုက်ရတယ်။ အိမ်ကလေးက သူမရင်ခွင်ထဲမှာအိပ်နေပြီး သူမက အိမ်ကလေးကို ဘာတွေပြောနေသလဲတော့မသိ။ သူ့အထင်ပြောရရင်တော့ ပုံပြင်ပြောပြနေတာ ဖြစ်လိမ့်မယ်ထင်တယ်။ ဘယ်လိုကနေဘယ်လိုများ နှစ်ယောက်သား တွဲမိသွားတာလဲဆိုတာ မပြောတတ်။

သူက အဲဒီမြင်ကွင်းလေးကို ကြည်နူးစိတ်နဲ့ အတော်ကြာအောင်ကြည့်နေမိပြီးမှ အနားကို ပြုံးစစနဲ့ ကိုလပြည့်ရောက်လာတာကြောင့် အကြည့်ကိုဖြတ်ကာ အပေါ်ထပ်တက်လာခဲ့လိုက်တော့တယ်။

နောက်တော့ အခန်းထဲမှာ မနက်ဖြန်ရိုက်မယ့်အခန်းတွေအတွက် ဇာတ်ညွှန်းကို ပြန်ဖတ်နေလိုက်ရင်းနဲ့ မျက်လုံးတွေ ညောင်းလာတော့ သူကမျက်လုံးတွေကို ခဏမှေးမှိတ်ထားရင်းကနေ မှေးခနဲအိပ်ပျော်သွားတယ်။

ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသလဲတော့မသိ။ အခန်းထဲကို ဝင်လာတဲ့ ခြေထဲဆီက ဂစ်တာသံကြောင့် အိပ်ရာကနေဖျတ်ခနဲ သူပြန်နိုးလာခဲ့တယ်။ သူက မျက်မှောင်ကြုတ်ကာ ခဏစဉ်း

www.burmeseclassic.com



စားလိုက်မိတာက ကိုလပြည့်လည်း ဂစ်တာတီးလေ့မရှိပါဘူးပေါ့။ ဝ
တွမ်တီးဆိုလည်း လေတောင်ဖြောင့်အောင် ချွန်တတ်တာမဟုတ်။

ဒါနဲ့သူက ဇဝေဇဝါနဲ့ ဝရံတာဘက်ကို ထွက်ကြည့်လိုက်တော့
ခြံထဲက ဒန်းစင်ပေါ်မှာ ထိုင်ကာ ဂစ်တာတီးနေတဲ့ သူမကို တွေ့လိုက်
ရတယ်။ သူ့မျက်လုံးတွေက အပေါ်ကို အလိုလိုမြင့်တက်သွားရတယ်
မိန်းကလေးဖြစ်တဲ့သူမက ဒါတွေလည်း ဖြစ်တာပဲတဲ့လား။

သူက သူမသီချင်းများဆိုမလားလို့ အသာစောင့်ကြည့်နေ
မယ်. သူမက သီချင်းတော့မဆို။ ဒါပေမယ့် သူမတီးနေတဲ့ သံစဉ်
မှုရင်းသီချင်းကိုတော့ သူကောင်းကောင်းသိပါတယ်။ သူသိပ်ကြိုက်
သီချင်း. . .။ လေးဖြူရဲ့ "ခရီးအဆုံးထိ"။ လက်စလက်နက ပေါ့
သေးတော့ မဟုတ်။

သူက အတော်ကြာအောင်ရပ်ကြည့်နေမိပြီးမှ သူမရှိရာ ခြံ
ဆီကို ဆင်းလာခဲ့လိုက်တယ်။ လျှောက်လာနေတဲ့သူ့ကိုမြင်တော့ သူ
က ဂစ်တာတီးနေတာကို ရပ်ပစ်လိုက်တယ်။

"ရှင့်ဂစ်တာကို ကျွန်မ ခဏယူတီးတာ ပြဿနာတော့ မရှိ
ဘူးနော်၊ ရတယ်မဟုတ်လား. . ."

"No Problem ပါ. . .၊ မင်းက ဒါတွေလည်း ဖြစ်တာပဲလား"

"ဝါသနာပါလို့သင်ထားတာပါ၊ ကျွန်မက ဒီလိုပဲ စိတ်ညစ်
ရာတစ်ခုခုရှိရင် ဂစ်တာတီးပြီး ဖျောက်ပစ်တတ်တဲ့အကျင့်ရှိတယ်
ကျွန်မမှာလည်း Hollow ဂစ်တာလေးတစ်လက်ရှိတယ်၊ စိတ်ကျုပ်
ရှုပ်လာပြီဆိုရင် ခေါက်တော့တာပဲ. . ."

သူက ပြုံးလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ခေါက်ရုံပဲခေါက်တာလား. . . သီချင်းရော မဆိုဘူးလား"

သူ့စကားကြောင့် သူမက အသံထွက်အောင် ခေါင်းမော့ရယ်လိုက်တော့ သူ့မှာ ရုတ်တရက်ငေးသွားရတယ်။

"ကျွန်မက အသံမကောင်းဘူးမင်းသားရဲ့၊ ကိုယ့်အသံကိုယ်ကြားပြီး ပိုစိတ်ညစ်မှာစိုးလို့ သီချင်းတော့ မဆိုပါဘူး၊ တီးရုံခေါက်ရုံလောက်ပဲ. . . အဟင်း. . . ဟင်း. . ."

သူမစကားကြောင့် သူပါ ပြုံးသွားရတယ်။ ပြီးတော့သူက သူမကို မျက်စတစ်ချက်ပစ်ပြလိုက်ရင်း. . .

"ကိုယ်ဆိုပြမယ်ဆိုရင်ရော မင်းနားထောင်ချင်လား. . ."

"အိုးမိုင်ဂေါ့! တကယ်ပြောတာလား၊ ဒါဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့. . ."

ဒါနဲ့သူက သူမဘေးမှာ ခပ်ခွာခွာထိုင်လိုက်ရင်း သူမဆီကစ်တာကို လက်ပြောင်းယူလိုက်တယ်။

"ဘယ်သီချင်းနားထောင်ချင်လဲ. . ."

"ခရီးအဆုံးထိပဲ ဆိုပြပါလား၊ ဒီသီချင်းက ကျွန်မစိတ်ညစ်တိုင်း ခဏခဏတီးဖြစ်တဲ့သီချင်း၊ အဟင်းဟင်း. . . ကြော်ငြာဝင်တာတော့ မဟုတ်ဘူးနော်၊ သီချင်းစာသားထဲကလို အသက်သွင်းစရာ အနမ်းတွေ မရှိပေမယ့် ဒီသီချင်းကိုကြားလိုက်ရတိုင်း ခွန်အားတွေ ပြန်ပြန်ပြည့်လာသလို ခံစားရတယ်. . ."

ဒီလိုနဲ့ သူက လေးဖြူရဲ့ ခရီးအဆုံးထိကို သူမတစ်ဦးတည်းအတွက် ဆိုပေးလိုက်မိတယ်။

"မင်းရဲ့အနမ်းတစ်ရှိုက်နဲ့×××ငါ့ရဲ့ အနမ်းတစ်ရှိုက်နဲ့×××

www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

ခံစားချက်တူညီ×××ရှိခဲ့တဲ့နောက်×××မင်းရဲ့အတွေးများနဲ့××××ငါ့ရဲ့ အတွေးများနဲ့×××အနာဂါတ်သစ်တူညီ×××ထားခဲ့တဲ့နောက်×××"

သူက သီချင်းကို ပညာသားပါပါမဆိုပဲ ပေါ့ပေါ့ပါးပါးနဲ့ အ သာအယာလေးပဲ ညည်းပြလိုက်တယ်။ သူမကတော့ ကြယ်တွေစုံတဲ့ ကောင်းကင်ကြီးကို မော့ကြည့်ကာ ဘာတွေတွေးနေသလဲမသိ။

"အဆိုးများ ကြုံကြိုက်တုန်းမှာ×××ဒုက္ခဆိုတာ ခဏပါ××× အနမ်းများကို အသက်သွင်းကာ×××ခရီးများ အဆုံးထိလျှောက်××× လက်တွေ့ဟာ ရင်ဘတ်မှာ×××လမ်းဆုံးဟာ ခဏလေးပါ×××အနမ်း များကို အသက်သွင်းကာ×××ခရီးများ အဆုံးထိလျှောက်×××"

သီချင်းဆုံးတော့ သူမက သူ့ကိုပြုံးပြတယ်။ ပြီးတော့ ခပ် တိုးတိုးပြောတာက "ကျေးဇူး. . ." တဲ့။ သူ့ရင်ထဲမှာ ခံစားချက်တစ် ခုက ခွာသံပေးလာသလိုလို. . .။

ဒါဟာ. . . လရောင်ရဲ့ ဖြားယောင်းမှုကြောင့်လေပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေသီက တခေါ်ခေါ် အိပ်ပျော်နေသလောက် အိပ်ရာအပြောင်းအလဲကြောင့် အိပ်မပျော်နိုင်သေးတဲ့ ဂျူနီယာကျော်ကြီးက ဟိုလူးဒီလှိမ့်နဲ့ ဟိုအကြောင်းစဉ်းစား၊ ဒီအကြောင်း စဉ်းစား လုပ်နေရင်းကနေ အာခေါင်ခြောက်ကာ ရေဆာလာတာနဲ့ အိပ်ရာပေါ်ကဆင်းပြီး ရေသောက်ဖို့အတွက် ရေခဲသေတ္တာရှိတဲ့ ထမင်းစားခန်းဘက်ကို ထွက်လာခဲ့လိုက်တယ်။ ဒါပေမယ့် ထမင်းစားခန်းထဲကိုဝင်မယ်လုပ်ကာရှိသေးတယ်၊ ထမင်းစားခန်းထဲက ခြေသံသဲ့သဲ့ကြောင့် သူမခြေလှမ်းတွေဟာ တုန့်ခနဲရပ်သွားတယ်။

ဒိတ်ဒိတ်ကျဲလား၊ ဒါမှမဟုတ် ကိုလပြည့်နဲ့ ကိုတွမ်တီးတို့ထဲက တစ်ယောက်ယောက်ပဲလား။ ဒေါ်မေသီကတော့ အခန်းထဲမှာ အိပ်ပျော်ပြီး ကျန်နေခဲ့တာပါ။ ဒါမှမဟုတ်ရင်တော့ သူခိုးတစ်ယောက်ယောက်ပဲလား။

နောက်ဆုံးတစ်ချက်ကို တွေးလိုက်မိစဉ်မှာတော့ သူမရင်ထဲ ဒိတ်ခနဲဖြစ်သွားရတယ်။ မိမိကလည်း ဒီနေ့ညမှ ဒီအိမ်မှာ လာအိပ်တာ၊ ဒီလိုညမျိုးမှာမှ သူခိုးကပ်ပြီး ပစ္စည်းတစ်ခုခုပျောက်သွားလို့ကတော့ ဒီအိမ်ကလူတွေက သူမကိုပဲ ထင်ကြတော့မှာပေါ့။

www.burmeseclassic.com

# ရာဇဝင်ကို

"ဘုရား. . . ဘုရား. . . ဒုက္ခပါပဲ"

သူမက စိတ်ထဲကနေဘုရားတ,ကာ ဘာလုပ်ရမှန်းမသိ ထူပူ သွားပြီး ဘယ်သူဘယ်ဝါဆိုတာကို သေချာရှင်းရှင်းလင်းလင်းသိရဖို့အ တွက် လိုက်ကာစကို အသာလေးဟကာ ကြည့်လိုက်မိတယ်။ သူမအ တွက် ကံကောင်းသွားတာက ထမင်းစားခန်းထဲမှာ အမှောင်ချမထားဘဲ ပြာလဲ့လဲ့မီးချောင်းတစ်ခုကို ထွန်းညှိထားခြင်းပါပဲ။ အဲဒီမီးရောင် အောက်မှာ သူမမြင်တွေ့လိုက်ရတာက သူမလုံးဝတွေးထင်မထားတဲ့ သူ. . .။

ရွှေသက်ပြင်း. . .။

ဒီအသိက သူမရဲ့စိတ်တွေကို ဖျင်းခနဲဖြစ်သွားစေတယ်။ ဒီလူ တော်တော်အတင့်ရဲတာပဲ။ ဒီလိုအချိန်ကြီးတောင် သူများအိမ်ထဲခိုးဝင် လာရဲတာ အံ့သြစရာ။

ဘာလုပ်ရပါ့မလဲလို့ အကြံထုတ်ရင်း နောက်ကိုခြေတစ်လှမ်း ဆုတ်လိုက်မိတဲ့သူမ ခြေထောက်က အရာဝတ္ထုတစ်ခုကို သွားတိုးလိုက် မိတယ်။ ဒါပေမယ့် အသံက ခပ်သဲ့သဲ့လေးသာ ထွက်သွားတာမို့ အ သက်ရှူချောင်သွားပြီး တိုးမိတဲ့အရာကို အသာထိုင်ကာ လက်နဲ့စမ်း ကြည့်လိုက်တော့ ဘေ့(စ်)ဘောရိုက်တံတစ်ခုဖြစ်နေတာကို တွေ့လိုက် ရတယ်။

ဒီမှာတင်ပဲ သူမခေါင်းထဲက လင်းခနဲ။ ဒင်းကို မကျေနပ်ခဲ့သ မျှ၊ ဘာမှလုပ်ခွင့်မရခဲ့သမျှတွေအတွက် အတိုးရောအရင်းပါ ပြန်ဆပ် ဖို့ ဆုံးဖြတ်လိုက်တယ်။

ဟွန်း. . . ဒီတစ်ခါတော့ တွေ့ကြပြီပေါ့ မသာကြီးရေ။

အတွေးနဲ့အတူ သူမက ပြုံးလိုက်ပြီး ဘေ့(စ်)ဘောရိုက်တံ


www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်ရင်း ခန်းဆီးလိုက်တာစရဲ့ တစ်ဖက်ကနေ အသင့်ရပ်စောင့်နေလိုက်တယ်။

ဒီလိုနဲ့ ရွှေသက်ပြင်းရဲ့ခြေသံက သူမနဲ့တဖြည်းဖြည်းနီးလာပြီး ခန်းဆီးစလေးက လှစ်ခနဲလပ်သွားတာနဲ့တစ်ပြိုင်နက် သူမကလည်း လက်ထဲကကိုင်ထားတဲ့ တုတ်တံနဲ့ အားကုန်လွှဲရိုက်ထည့်လိုက်တယ်။ မကျေနပ်ချက်တွေကို အကုန်ထည့်ပြီးရိုက်လိုက်တဲ့ ရိုက်ချက်ဆိုတော့ အသံက "ဖြောင်း"ခနဲ။

"အား. . ."

ရွှေသက်ပြင်းတစ်ယောက် အလန့်တကြား ဖြစ်တာတွေရော နာတာတွေရောပေါင်းပြီး အားကုန်အော်ကာ ခွေခနဲလဲကျသွားတော့တယ်။

သူ့အော်သံကြောင့် တစ်အိမ်လုံးလည်း လန့်နိုးကုန်ကြကာ မှိတ်ထားတဲ့ မီးတွေ တဖျတ်ဖျတ်လင်းလာပြီး အိမ်အောက်ထပ်ဆီကို ပြေးဆင်းလာကြတော့တယ်။ နောက်တော့ ထမင်းစားခန်း အပေါက်ဝမှာ တုတ်တံကြီးကို ကိုင်ပြီး အားရကျေနပ်နေတဲ့ ဂျူနီယာကျော်ကြီးနဲ့ ကြမ်းပြင်ပေါ်မှာ ပုံပုံလေးသတိလစ်နေတဲ့ ရွှေသက်ပြင်းကို တွေ့သွားကြတယ်။

နောက်တော့ ကိုလပြည့်နဲ့ ကိုတွမ်းတီးတို့က ရွှေသက်ပြင်းကို ဧည့်ခန်းထဲက ဆိုဖာတစ်လုံးပေါ် မ ရွှေ့လိုက်ကြတယ်။ ရွှေသက်ပြင်းက အော်တော်နဲ့ သတိရမလာဘူး။ ဒါပေမယ့် သူ့နဖူးက အာလူးသီးကြီးကတော့ တဖြည်းဖြည်းကြီးလာနေတော့တယ်။

ဒိတ်ဒိတ်ကျဲက သတိလစ်နေတဲ့ ရွှေသက်ပြင်းကိုကြည့်ပြီး ဘယ်လို့ဝှက်ချက်ပဲဖြစ်ဖြစ် ကြာကြာဖုံးကွယ်ထားလို့မရဘူးဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



တွေးမိသွားတယ်။ ဒါနဲ့သူက ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်တာ ကိုလပြည့်ကိုကြည့်လိုက်ရင်း. . .

"ကိုပြည့်. . . ကျွန်တော်. . . အိမ်ကလေးရဲ့ကိစ္စကို မိဒီယာတွေရှေ့မှာ ဖွင့်ချလိုက်တော့မယ်"

သူ့စကားအဆုံး ဂျူနီယာကျော်ကြီး အပါအဝင် ညှိနှိုင်းခန်းထဲမှာရှိတဲ့လူတွေ အကုန်လုံး အံ့သြကုန်ကြတယ်။ ကိုလပြည့်က တစ်ခုခုပြောမယ်ပြင်တော့ ဒိတ်ဒိတ်ကျဲက ဘာမှမပြောဖို့ လက်ကာပြလိုက်ရင်း. . .

"ကျွန်တော်ဆုံးဖြတ်ပြီးသွားပြီ ကိုပြည့်၊ ဒါပေမယ့် ကျွန်တော်ဖွင့်မချခင်အချိန်ထိ အပြင်မှာ မဟုတ်မဟတ်သတင်းတွေ ထွက်မလာဖို့လိုတယ်၊ အဓိကကတော့(သတိလစ်နေတဲ့ ရွှေသက်ပြင်းကို မေးငေါ့ပြလိုက်ရင်း) ဒီလူပဲ. . .၊ အဲဒီတော့ စိတ်ချရအောင် စာနယ်ဇင်းရှင်းလင်းပွဲ မလုပ်ခင်အချိန်ထိ ဒီလူကိုထိန်းထားနိုင်ဖို့လိုတယ်၊ အဲဒါကြောင့် ဒီလူ့ကို ပိုင်နက်ကျူးလွန်မှုနဲ့ ရဲစခန်းမှာ ခဏထိန်းခိုင်းထားလိုက်ပြီးတော့ ကိုပြည့်က စာနယ်ဇင်းရှင်းလင်းပွဲကို တတ်နိုင်သမျှ အမြန်ဆုံး စီစဉ်ပေးပါ. . ."

သူ့စကားအဆုံး ညှိနှိုင်းခန်းထဲမှာ တိတ်ဆိတ်သွားတယ်။ ဒါပေမယ့် လူတိုင်းလိုလိုကတော့ သက်မမောကို အသာမှတ်ထုတ်နေမိကြရင်း ဘာတွေများဆက်ဖြစ်လာဦးမှာပါလိမ့်လို့ ကြိုတင်တွေးဆနေမိကြတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# X

အခန်းတံခါးဝမှာ ရပ်ပြီး ဒိတ်ဒိတ်ကျဲက စိတ်တွေကို တည်ငြိမ်အောင် စုစည်းလိုက်တယ်။ ကိုလပြည့်ကလည်း ဘေးနားကနေ အိမ်ကလေးကို ပွေ့ထားကာ စိတ်တွေ တအားလှုပ်ရှားနေပုံပါပဲ။

နောက်တော့သူက ကိုလပြည့်လက်ထဲက အိမ်ကလေးကို လွှဲပြောင်းပွေ့ချီလိုက်ကာ အိမ်ကလေးရဲ့ ပါးလေးတစ်ဖက်ကို ချစ်မဝစွာ မွှေးကြူလိုက်တယ်။ ဒီအခိုက်မှာပဲ သူ့ရင်ထဲကို အားအင်တွေ အလုံးအရင်းလိုက် ဝင်ရောက်လာသလို ခံစားလိုက်ရတယ်။ ခုချိန်ကစပြီး သူ့ရဲ့သား၊ သူ့ရဲ့ရင်သွေးကလေးကို ဘယ်တော့မှ ခိုးကြောင်ခိုးဝှက်နဲ့ ချစ်တော့ဘူး။ အားလုံးကို ဖွင့်ထုတ်ကာ အိမ်ကလေးကို ပေါ်ပေါ်တင်တင်ပဲ ချစ်တော့မယ်။ လူပုံအလယ်မှာ "ဒါဟာ ကျွန်တော့်သားပါ. . .,"လို့ ခေါင်းမော့ရင်ကော့ကာ ပြောပြလိုက်တော့မယ်။

ဒီအတွက် ပရိသတ်တွေဆီက ဘယ်လိုတုန့်ပြန်မှုမျိုးပဲ ပြန်လာလာ သူကျေကျေနပ်နပ်ကြီး ခံယူပစ်လိုက်ပါတော့မယ်လို့ စိတ်ပိုင်းဖြတ်လိုက်တဲ့အခါ သူ့စိတ်တွေက လွတ်လပ်ပေါ့ပါးသွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလပြည့်က တံခါးပေါက်မှာတပ်ထားတဲ့ ဒိုးလော့(ခ်)ကို ထိုး လိုက်ရင်း. . .

"အဆင်သင့်ဖြစ်ပြီလား. . . မင်းသား. . ."

လို့ မေးလာတယ်။ ဒီတော့ သူက အိမ်ကလေးကို တစ်ချက်ပြန် စိုက် ကြည့်လိုက်ပြီးမှ ကိုလပြည့်ကို ခေါင်းညိတ်ပြလိုက်မိတယ်။ ဒီအချိန် မှာပဲ ကိုလပြည့်က လေသံသဲ့သဲ့နဲ့ တိုင်မင်တစ်ခုကို အော်တယ်။

"ဝမ်း. . . တူး. . . သရီး. . ."

စာနယ်ဇင်းရှင်းလင်းပွဲလုပ်မယ့် အခန်းတံခါးက ဖျတ်ဆို ပွင့် သွားတယ်။ စာနယ်ဇင်းသမားတွေရဲ့ အမျိုးမျိုးသော စကားသံတွေက ပွင့်သွားတဲ့ အခန်းတံခါးကနေ အလုံးအရင်းနဲ့ လိမ့်ထွက်လာတယ်။

ဒိတ်ဒိတ်ကျဲက အဲဒီအသံတွေကို တွန်းထိုးကာ အိမ်ကလေးကို ပွေ့ချီထားလျက်နဲ့ အခန်းထဲကို ခေါင်းမော့ရင်ကော့ကာ ဝင်သွားလိုက် တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



တံတားပေါ်ကနေ လှမ်းမြင်နေရတဲ့ ရွှေတိဂုံဘုရားကိုလှမ်းဖူးမြော်ပြီးနောက် ဂျူနီယာကျော်ကြီးက သူမဘေးမှာရှိနေတဲ့ ဒိတ်ဒိတ်တို့ကို ပြုံးပြလိုက်ရင်း. . .

"အခုလို အားလုံးကို ဖွင့်ချပစ်လိုက်တော့ ရှင့်ရင်ထဲမှာ ပေါ့မသွားဘူးလား၊ ကျွန်မတောင် ရှင့်အစားတော်တော်လေး နေလို့ထိုင်လို့ကောင်းသွားသလိုပဲ. . ."

သူကခေါင်းညိတ်လိုက်ရင်း. . .

"ဟုတ်တယ်. . . တော်တော်လေးပေါ့သွားတယ်၊ ပြီးတော့ပျော်လည်း ပျော်တယ်၊ ကိုယ်. . . အိမ်ကလေးကို ခိုးကြောင်ခိုးဝှက်နဲ့ချစ်စရာမလိုတော့ဘူးလေ"

"ပရိသတ်တွေကရော ဘယ်လိုတုန့်ပြန်လာမယ်လို့ ရှင်ထင်လဲ၊ ရှင့်နာမည်ထိခိုက်သွားမှာကိုရော မစိုးရိမ်ဘူးလား"

"အရင်တုန်းကတော့ အဲဒီလို နာမည်ကိုထိခိုက်မှာ ကိုယ်အသေအလဲကြောက်ခဲ့ဖူးတယ်၊ ဒါပေမယ့် အခုတော့မကြောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူ့တို့ဆီက ဘယ်လိုတုန့်ပြန်မှုမျိုးပဲလာလာ ကိုယ်မတုန်လှုပ်တော့ ဘူး၊ နာမည်ထိုးကျသွားမယ်ဆိုရင်တောင် အစကနေ ပြန်ကြိုးစားဖို့ ကိုယ့်မှာ ခွန်အားအပြည့်ပဲ. . .”

သူ့စကားကြောင့် သူမက အသံထွက်ပြီးရယ်တယ်။

“အခုတော့လည်း သတ္တိတွေက တယ်ကောင်းလို့ပါလား၊ အခု လိုကြားရတာ ဝမ်းသာပါတယ်ရှင်၊ ရှင်ကျဆုံးမသွားပါဘူး၊ ကျွန်မကို သေပေါက်ပြောရဲတယ်၊ ရှင်က တော်ပြီးသားပဲဟာ. . .”

“အင်း. . . ကိုယ့်ကိုကိုယ်လည်း သိပါတယ်”

သူ့စကားအဆုံး နှစ်ယောက်သား အော်ရယ်မိကြတယ်။ ပြီး မှ သူမက သူ့မျက်နှာကို ပြုံးစိုက်ကြည့်လာကာ. . .

“အခုတော့ ရှင်နဲ့ကျွန်မရဲ့ ဟန်ဆောင်ဇာတ်လမ်းလည်း ပြီး သွားပြီပေါ့နော်၊ အဟင်း. . . ရှင့်ကြောင့် ကျွန်မလည်း တော်တော်နာ မည်ကြီးသွားတယ်၊ အမှတ်တရပေါ့. . . ဟုတ်ဖူးလား”

သူမစကားအဆုံး သူက ခေါင်းကို ရမ်းလိုက်ရင်း. . .

“ကိုယ်ဖွင့်ချခဲ့တာက အိမ်ကလေးကိစ္စတစ်ခုတည်းပါ၊ မင်းနဲ့ ကိုယ့်ရဲ့ ဟန်ဆောင်ဇာတ်လမ်းမှ မပါတာ၊ အားလုံးရဲ့ အမြင်မှာ မင်း နဲ့ကိုယ်က အခုထိ ချစ်သူတွေပဲရှိသေးတယ်၊ ဒီဇာတ်လမ်းကတော့ အ ဆုံးမသတ်သေးပါဘူး. . .”

“သူတို့တွေရဲ့ အမြင်မှာ အဆုံးမသတ်သေးပေမယ့် ကာယက ရှင်. . . ရှင်နဲ့ကျွန်မကတော့ အဆုံးသတ်သင့်ပြီလေ၊ ဟန်ဆောင်နေဖို့ လည်း လိုမှ မလိုအပ်တော့တာပဲဟာ. . .”

သူက တစ်ခုခုပြောမယ်ပြင်လိုက်စဉ်မှာပဲ သူမရဲ့ဟန်းဖုန်း



www.burmeseclassic.com

www.burmeseclassic.com



မြည်လာတော့ အထမမြောက်လိုက်။

"ဟယ်လို. . . ဟုတ်. . . ဟုတ်တယ်. . . ဩော်. . . ဟုတ်ကဲ့ အခုပဲ ပြန်လာခဲ့လိုက်မယ်လေ၊ ဟုတ်. . မကြာပါဘူး၊ အလွန်ဆုံးကြာရင် နာရီဝက်ပေါ့၊ ဟုတ်ကဲ့. . . ဒါဆိုဒါပဲနော်. . . ဟုတ်"

ဖုန်းကိုပြန်ပိတ်လိုက်ကာ သူမက သူ့ကိုကြည့်လာရင်း. . .

"ကျွန်မအရေးတကြီးကိစ္စတစ်ခုရှိလို့ ဂျာနယ်တိုက်ကိုပြန်မှဖြစ်တော့မယ်၊ သွားမယ်နော်. . ."

ဆိုကာ သူမက ပြောပြောဆိုဆို လှည့်ထွက်သွားဖို့ပြင်တယ်။ ဒီအခိုက် သူ့ရင်ထဲမှာ ပျာသွားတယ်။ သူမကို ဒီအတိုင်းအခု လွှတ်ပေးလိုက်ရင် သူမပြောသလိုပဲ ဇာတ်လမ်းက ဒီနေရာမှာတင်ပဲ ပြီးသွားတော့မှာ။ ဒီလိုတော့ သူ့နှလုံးသားက လက်မခံနိုင်ပါ။ လက်ခံနိုင်စွမ်းမရှိတော့ပါ။ ဒါကြောင့် သူက သူမလက်တစ်ဖက်ကို အလျင်အမြန်ပဲဖမ်းဆုပ်ထားလိုက်ကာ. . .

"ဂျူနီ. . ."

သူ့လုပ်ရပ်ကြောင့် ဟိုဘက်ကိုလှည့်ပြီးနေပြီဖြစ်တဲ့ သူမခန္ဓာကိုယ်က သူ့ဘက်ကိုပြန်လှည့်လာတယ်။ ဒီတော့မှ သူက သူမမျက်လုံးတွေထဲကို သေသေချာချာစိုက်ကြည့်လိုက်ရင်း. . .

"ကိုယ့်ဘက်က. . . ကိုယ့်ဘက်က မင်းနဲ့ကိုယ့်ရဲ့ဇာတ်လမ်းကို ဘယ်တော့မှ အဆုံးမသတ်ချင်တော့ဘူးဆိုရင်ရော. . ."

သူ့စကားအဆုံး သူမရဲ့မျက်လုံးတွေမှာ အရိပ်တွေ ဖြတ်ပြေးသွားတယ်။ သိပ်ညံ့တဲ့သူက အဲဒီအရိပ်တွေကို ဘာသာမပြန်တတ်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

သူနဲ့သူမ စက္ကန့်သုံးဆယ်လောက် အကြည့်ချင်းဆုံသွား
တယ်။ နောက်တော့သူမကပဲ အရင်ဆုံး မျက်လွှာချကာ သူ့လက်ထဲ
သူမလက်ကို ရုန်းထွက်လိုက်တယ်။ ပြီးတော့ ဘာမပြောညာမပြော
လှည့်ထွက်သွားတော့တယ်။ သူ့ရင်ထဲမှာ ဟာဆင်းသွားတယ်။

သူမရဲ့ အဖြေက ဒါလား။ စကားတုန့်တောင် မပြန်ချင်ဘူး
တဲ့ သဘောလား ဂျူနီရယ်။

ဒါပေမယ့် သူ့ဝမ်းနည်းမှုက တာရှည်မခံလိုက်ပါဘူး။ သူမ
သူ့ဆီကို ပြန်လှည့်ကာ လျှောက်လာပြန်တော့ သူ့ရင်တွေက တစ်
ပြန်ခုန်လာပြန်တယ်။

အနားရောက်တော့ သူမက သူ့ကို ပြုံးပြလာကာ...

"ကျွန်မ မေ့သွားလို့၊ ရှင့်ဆီက ကျွန်မ တောင်းဆိုစရာ အ
အရေးနှစ်ခုရှိသေးတယ်လေ၊ အဲဒီထဲက အခွင့်အရေးတစ်ခုကို ကျွ
အခု တောင်းဆိုမလို့"

သူမဆီက သူမျှော်လင့်ထားတဲ့ စကားမျိုးမဟုတ်တာကြော
သူက စိတ်ပျက်လက်ပျက်ဖြစ်သွားရပြန်ကာ သက်ပြင်းမောကိုချလို
ရင်း...

"ပြောပါ... ကိုယ်ဘာလုပ်ပေးရမလဲ"

ဆိုတော့ သူမက ပြုံးပြန်တယ်။ ပြီးတော့ သူ့မျက်လုံးတွေ
ကိုစိုက်ကြည့်လာကာ...

"ရှင်နဲ့ကျွန်မ... တစ်နှစ်လောက် မတွေ့ဘဲနေကြည့်
အောင် မင်းသား..."

"ဘယ်လို!"



www.burmeseclassic.com

www.burmeseclassic.com



သူက နားရှုပ်သွားပြီး ပြန်မေးတော့ သူမက ဘယ်နှကြိမ်မြောက်မှန်းမသိ ထပ်ပြုံးပြန်ကာ. . .

"ရှင်နဲ့ ကျွန်မ. . . တစ်နှစ်လောက် မတွေ့ဘဲနေကြည့်ရအောင်လို့ပြောတာ၊ ရှင်နဲ့ကျွန်မဆုံတွေ့ခဲ့ရတဲ့ အချိန်က သိပ်ကိုတိုတောင်းလွန်းတယ်လေ၊ ဒါပေမယ့်ကျွန်မရင်ထဲမှာလည်း ရှင်နဲ့ပတ်သက်ပြီး ခိုးသိုးခုလုဖြစ်နေတဲ့ ခံစားချက်တစ်ခုရှိတယ်၊ ဒါဟာအမုန်းမဟုတ်ပေမယ့် အချစ်ဟုတ်မဟုတ်ဆိုတာလည်း မသေချာဘူး၊ ဒီတော့ ရှင်နဲ့ကျွန်မတို့ တစ်နှစ်လောက် တစ်ယောက်နဲ့တစ်ယောက် မတွေ့ဘဲနေကြည့်ပြီး တိုယ့်ရင်ထဲက ခံစားချက်ကိုကိုယ် သေချာအောင်အဖြေထုတ်ဆန်းစစ်ကြည့်ကြတာပေါ့၊ ပြီးတော့ ဒီတစ်နှစ်အတွင်းမှာ ရှင်လည်း ရှင့်အလုပ်ရှင်လုပ်၊ ကျွန်မလည်း ကျွန်မအလုပ်ကျွန်မလုပ်မယ်၊ အကြောင်းတိုက်ဆိုင်လို့ ဆုံကြရင်တော့ မတတ်နိုင်ဘူးပေါ့၊ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် မဆုံဆုံအောင် မဖန်တီးကြေး၊ တိတ်တဆိတ်လာပြီးမချောင်းကြေး၊ ဘယ်လိုလဲ၊ ကျွန်မတောင်းဆိုတာကို ရှင်လုပ်ပေးနိုင်ပါ့မလား. . ."

ဒါက သူ့ကို သူမစမ်းသပ်လိုက်ခြင်းတစ်မျိုးပါပဲ။ ဒါပေမယ့် သူ့ရင်ထဲမှာ ဖြစ်တည်နေတဲ့ သူမအတွက်အချစ်တွေဟာ အချိန်ကာလနဲ့ မဆိုင်ဘူးဆိုတာ သူသာအသိဆုံး။ ဒါကို သူမက မသိလေတော့လည်း သူမပြောသလိုလိုက်လုပ်ပြီး သက်သေပြဖို့ပဲ သူက ဆုံးဖြတ်လိုက်တယ်။

"ကောင်းပြီလေ၊ မင်းပြောတဲ့ အတိုင်းပဲ လုပ်ကြတာပေါ့. . . ကိုယ်လက်ခံပါတယ်"

"အိုခေ. . . ဒါဆိုကျွန်မသွားတော့မယ်နော်၊ ကျွန်နေသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုမှုတစ်ခုကိုတော့ တစ်နှစ်ပြည့်လို့ ရှင်နဲ့ကျွန်မ ပြန်ဆုံတဲ့အ ခါကျမှပဲ တောင်းတော့မယ်၊ ကျွန်မမှာတာတွေကို ရှင်မမေ့နဲ့နော် ရှင်ကတိတည်ဖို့လည်းလိုတယ်. . . "

"စိတ်ချပါ၊ ကိုယ်ကတိတည်ပါတယ်၊ ကိုယ်ယောက်ျားပါ. . . "

သူ့စကားအဆုံး သူမက သူ့ကိုနောက်ဆုံးအနေနဲ့ ပြုံးပြသ မျိုး ပြုံးပြပြန်တယ်။ သူကလည်း အဲဒီအပြုံးလေးကို တစ်နှစ်စာပတ် နှလုံးသားထဲမှာ စွဲထင်နေစေဖို့ မှတ်သားထားလိုက်ပြန်တယ်။

ထွက်ခွာသွားတဲ့ သူမကျောပြင်ကိုကြည့်ရင်းသူက သက်ပြ မောကို ချမိတယ်။ ကိုယ့်ရင်ထဲမှာ မင်းအတွက်ဖြစ်တည်နေတဲ့ ခံစား ချက်ဟာ အချစ်ဆိုတာ သေချာပြီးသားပါကွာနီရယ်၊ ဒါပေမယ့် မင်း ရင်ထဲမှာ ကိုယ့်အတွက်ဖြစ်တည်နေတဲ့ ခံစားချက်ဟာ အချစ်ဖြစ်စေ ဖို့ကိုတော့ ကိုယ်ဆုတောင်းရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်ဒိတ်ကျဲရဲ့ တစ်နှစ်တာ • • •

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို



www.burmeseclassic.com

၁၅၄

www.burmeseclassic.com



ဂျူနီယာကျော်ကြီးရဲ့ စကားကိုလက်ခံကာ သူမနဲ့ တစ်နှစ်တိတိ မတွေ့ဘဲနေဖို့ရာက သူ့အတွက်တော့ အတော်လေးကို ခက်ခဲခဲ့တာ အမှန်ပါပဲ။ သူမနဲ့ ရက်ပေါင်းသုံးရာ့ခြောက်ဆယ်တိတိ မတွေ့ရဘူးဆိုတဲ့အသိဟာ သူ့ကိုအနည်းငယ်တော့ ရူးချင်သလိုလိုဖြစ်စေပါတယ်။

ဒါပေမယ့် အချိန်တိုင်းချည်းတော့လည်း သူမကို ထိုင်သတိရလွမ်းမနေအားခဲ့တာကိုလည်း ရိုးသားစွာ ဝန်ခံပါတယ်။ အိမ်ကလေးရဲ့ကိစ္စကို ဖွင့်ချခဲ့ခြင်းရဲ့ ဂယက်တွေ၊ နာမည်ကျမသွားရလေအောင် အရင်ထက်နှစ်ဆ ပိုကြိုးစားရခြင်းတွေရဲ့ ကြားမှာ နစ်မြုပ်ရင်းနဲ့ သူမကို ဖျတ်ခနဲ ဖျတ်ခနဲသာ သတိရမိခဲ့ပါတယ်။ အဲဒီလို ဖျတ်ခနဲ ဖျတ်ခနဲ အချိန်လေးတွေကပဲ သူ့ကို အတော်လေး နေရထိုင်ရ ခက်စေခဲ့တတ်ခဲ့တာပါ။

တစ်ခါတလေကျတော့လည်း သူမမသိအောင် သူမဆီ သွားသွားပြီး ခိုးကြည့်ချင်စိတ်တွေ တဖွားဖွားပေါ်လာတတ်ပြန်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ဒါပေမယ့် သူမသိသွားရင် ဆိုတဲ့အတွေးကြောင့် သူက အဲဒီစိတ်တွေ ကို အထူးကိုပဲ ချိုးနှိမ်ထားခဲ့ရကာ အဲဒီလိုစိတ်တွေပေါ် လာတိုင်း သူက သီချင်းတွေ ချချရေးပစ်ခဲ့ကာ အဲဒီသီချင်းတွေကြောင့်ပဲ ဒိတ်ဒိတ်ကျဲ ဆိုတဲ့ သူ့နာမည်က ရုပ်ရှင်လောကမှာသာမက ဂီတလောကမှာပါ အခိုင်အမာ ရပ်တည်ခွင့်ကို ရရှိစေခဲ့ပါတယ်။

အဲဒီလိုမျိုး အနုပညာလောကမှာ ကံကြမ္မာက သူ့ဘက် မျက် နှာသာပေးခဲ့ပေမယ့် နှလုံးသားရေးရာဘက်မှာတော့ ကံကြမ္မာက သူ့ ကို မျက်နှာလွှဲခဲ့ပစ်လုပ်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ အနုပညာသမား နဲ့ ဂျာနယ်လောကဟာ ဒီလောက်ဆက်စပ်ပတ်သက်နေခဲ့တာတောင် သူမနဲ့ သူ့ကို ကံကြမ္မာက တစ်ခါလေးမှ ဆုံတွေ့ပေးခဲ့ခြင်းမရှိလို့ပါပဲ။ သူမဘက်က သူနဲ့မဆုံရလေအောင် အတတ်နိုင်ဆုံး ရှောင်ရှားနေခဲ့ တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါပေမယ့် အဲဒီလို မဆုံတွေ့ခဲ့ရခြင်းကိုပဲ သူက ကြံဖန်ပြီး ကျေးဇူးတင်လိုက်မိပြန်ပါသေးတယ်။ ဘာလို့လဲဆိုတော့ မတွေ့ဖြစ်ကြ လေလေ သူမကို ချစ်တယ်ဆိုတာ သူ့အတွက် ပိုပြီးသေချာလေလေဖြစ် စေခဲ့လို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဂျူနီယာကျော်ကြီးရဲ့ တစ်နှစ်တာ•••

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို



၁၉၈

www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ တစ်နှစ်ဆိုတဲ့ အချိန်အတိုင်းအတာတစ်ခုကို ရိုးရိုးလေးပဲ ဖြတ်သန်းဖြစ်ခဲ့တာပါ။ သူများဂျာနယ်တွေထက် သတင်းထူးကိုရရှိရေး၊ သတင်းထူးတာချင်းတူရတောင်မှ သတင်းဦးကိုရရှိရေးတွေအတွက် ဟိုပြေးလိုက်ဒီပြေးလိုက်နဲ့ပဲ ရက်တွေက တစ်ရက်ပြီးတစ်ရက်. ကုန်လွန်ခဲ့တာပါ။

အဲ. . . အဲဒါက အလုပ်နဲ့ပတ်သက်တဲ့ အပိုင်းပေါ့။ နှလုံးသားနဲ့ပတ်သက်တဲ့ အပိုင်းကိုပြောရရင်တော့ သူမဟာ သူ့ရဲ့ သတင်းတွေကို မပြတ်နားစွင့်ရင်း (နားမစွင့်ရင်တောင် သူ့သတင်းတွေက မကြားချင်မှအဆုံး နားထဲကိုဝင်ဝင်လာတတ်တာပါ) သူ့ကိုသတိရချိန်တွေကို ဖြတ်ကျော်တတ်ခဲ့ပါတယ်။

သူမအတွက် ခံသာတာက သူဟာ နိုင်ငံကျော်အနုပညာရှင်တစ်ယောက်ဖြစ်နေခြင်းပါပဲ။ သူ့ရဲ့ အသစ်ထွက်တဲ့ ဓာတ်ကားတွေ၊ ပိုစတာတွေ၊ လမ်းဘေးဝဲယာမှာထောင်ထားတဲ့ Billboard ကြီးတွေ၊ ဂျာနယ်မဂ္ဂဇင်းတွေကြောင့် သူ့ကိုတွေ့ချင်တဲ့စိတ်တွေကို ဖြေဖျောက်



www.burmeseclassic.com

www.burmeseclassic.com



စရာနည်းလမ်းပေါ်များခဲ့ပါတယ်။ ပြီးတော့ သူမအတွက် ရေးစပ်
ဆိုတယ်ဆိုတာ သိသာထင်ရှားတဲ့ သူ့သီချင်းတွေကလည်း သူမ
ဖြေသိမ့်ပေးနိုင်ခဲ့ပါတယ်။

ပြီးတော့ သူမက သူရှိနိုင်တဲ့ ပွဲတွေမှန်သမျှကိုလည်း အတ
နိုင်ဆုံး ရှောင်ရှားခဲ့ကာ ဒေါ်ခင်ခင်တုတ်ကို မလွန်ဆန်နိုင်လို့ သွား
ရရင်တောင် သူနဲ့ ပက်ပင်းမတိုးမိလေအောင် သူမကရှောင်ရှားခဲ့
ပါ။ အဲဒါကလည်း သူမစိတ်ကို သူမ စမ်းသပ်ချင်လို့ဖြစ်ပါတယ်။ 
အပေါ်မှာ ဖြစ်တည်နေတဲ့ သူမရဲ့ခံစားချက်အတိမ်အနက်ကို တိုင်း
ခြင်းတစ်မျိုးလို့ပဲ ပြောပါတော့။

အဲဒီလိုလုပ်ခဲ့ခြင်းဟာ သူမအတွက် အကျိုးထူးစေတာ
အမှန်ပါပဲ။ ဘာလို့လဲဆိုတော့ သူမနှလုံးသားဟာ သူ့ကို ဘယ်လော
အထိလိုအပ်နေခဲ့ပြီဆိုတာကို ဒီနည်းက မီးမောင်းထိုးပြခဲ့ခြင်း ဖြစ်
ပါပဲ။

==========================

www.burmeseclassic.com

www.burmeseclassic.com

# အချစ်

အချစ်ရှိရာအရပ်သို့ ...
မျက်နှာမူ၍ စပ်သောကဗျာ

တစ်နှစ်ခန့်အကြာ · · ·

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်ကို



www.burmeseclassic.com

www.burmeseclassic.com

**အချစ်** အချစ်ရှိရာအရပ်သို့ ...
မျက်နှာမူ၍ စပ်သောကဗျာ

ဒိတ်ဒိတ်ကျဲက ရှုတင်ခဏနားခိုက်မို့ ပက်လက်ကုလားထိုင်လေးပေါ်မှာ ခန္ဓာကိုယ်ကို ခပ်ပြေပြေမှီချကာ မျက်လုံးတွေကို မှေးမှိတ်အနားယူနေခိုက် အနားကို ကိုလပြည့်ရောက်လာတယ်။

"မင်းသား. . . ဒီမှာ မင်းသားကို အင်တာဗျူးချင်လို့တဲ့၊ ဂျာနယ်လစ်တစ်ယောက်ရောက်နေတယ်၊ အဲဒါ မင်းသားဖြေချင်စိတ်ရှိလား၊ အခုပင်ပန်းနေလို့ ဖြေချင်စိတ်မရှိသေးရင်လည်း နောက်နေ့မှ ပြန်ချိန်းလိုက်မယ်လေ. . ."

သူက မျက်လုံးတွေမှိတ်ထားရင်းကနေပဲ. . .

"ဘယ်ဂျာနယ်ကတဲ့လဲ. . ."

"ဖွလိုက်မယ် ဂျာနယ်ကပါ. . ."

"ဟင် ! "

ကိုလပြည့်စကားကြောင့် သူက ပက်လက်ကုလားထိုင်ပေါ်ကနေ မတ်တပ်ထရပ်လိုက်မိတဲ့အထိ ဖြစ်သွားတယ်။ ပြီးတော့ ဂျာနယ်လစ်ဆိုတဲ့တစ်ယောက်ကို ကြည့်လိုက်မိစဉ်မှာတော့. . .

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

"ဪ. . ."

သူ့နဲ့ မလှမ်းမကမ်းမှာ ရပ်နေတာက ဒေါ်ပပဝင်းဆိုတဲ့ အ
ပျိုကြီး။ သူမျှော်လင့်ထားတာက အခြားတစ်ယောက်ပါ။ မျှော်လင့်ထား
တဲ့သူ မဟုတ်တော့ နည်းနည်းစိတ်ပျက်သွားရတယ်။

ဒိတ်ဒိတ်ကျဲအကြောင်းကို ကိုလပြည့်က သိနေတာဆိုတော့
တစ်ချက်ပြုံးလိုက်ရင်း. . .

"ဘယ်လိုလဲ. . . ဖြေမှာလားမင်းသား. . ."

သူက သက်ပြင်းတစ်ချက်ကို ချလိုက်ရင်း. . .

"ဪ. . . ဖြေရမှာပေါ့. . ."

ဒီလိုနဲ့ အင်တာဗျူးခြင်းကို စတင်တယ်။ အားနာလို့ လုပ်ရ
ဖြစ်ပေမယ့် သိပ်တော့ စိတ်မပါလှပါ။ ဒေါ်ပပဝင်းက Recorder
လေးကို မင်းသားဘက် နည်းနည်းကမ်းလိုက်ကာ. . .

"ဂျူနီယာကျော်ကြီးဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်ပြီး မင်း
သားစိတ်ထဲမှာ ဘယ်လိုခံစားနေရလဲဆိုတာကို ပြောပြပေးပါလား. . ."

"ဗျာ !"

ထင်မှတ်မထားတဲ့ မေးခွန်းကြောင့် ဒိတ်ဒိတ်ကျဲ ကြောင်သွား
ရတယ်။ သူမျှော်လင့်ထားတာက ဒီလိုမေးခွန်းမှ မဟုတ်တာ။ "မင်းသား
အခုဘာကား ရိုက်နေတာလဲ"၊ "မင်းသားရဲ့ လက်တလောအနုပညာ
လှုပ်ရှားမှုလေးကို ပြောပြပေးပါလား"၊ "အခုရိုက်နေတဲ့ ဇာတ်ကား
က မင်းသားရဲ့ကာရိုက်တာလေးကို ပြောပြပေးပါလား" စသဖြင့် အမြဲ
မေးလေ့မေးထရှိတဲ့ မေးခွန်းမျိုးကိုပဲ မျှော်လင့်ထားတာပါ။

အခုတော့. . .။



www.burmeseclassic.com

www.burmeseclassic.com



ကြောင်တောင်တောင်ဖြစ်သွားတဲ့ သူ့ကို ဒေါ်ပပဝင်းက မကြားလိုက်ဘူး ထင်ဟန်နဲ့ ထပ်မေးတယ်။

"ဩော်. . . အစ်မမေးတာက ဂျူနီယာကျော်ကြီးဆိုတဲ့ ကောင်မလေးနဲ့ မင်းသားရဲ့သတင်းက တစ်နှစ်လောက်ငြိမ်နေတော့လေ၊ ပြတ်များသွားပြီလားလို့ပါ၊ အဲဒါကြောင့် ဘယ်လိုခံစားနေရလဲသိချင်တာ"

ဒီတော့မှ သူက သက်ပြင်းမောကို ချလိုက်ပြန်ကာ. . .

"မပြတ်ပါဘူး၊ ကျွန်တော့်ဘက်ကတော့ သူမှသူပါပဲ၊ အဲဒါသေချာပါတယ်၊ သူများတွေကသာ တစ်နှစ်လောက်ငြိမ်နေတယ်လို့ ထင်ကြတာ၊ ကျွန်တော့်ရင်ထဲမှာတော့ ပြီးခဲ့တဲ့ တစ်နှစ်လောက်အချိန်တွေအတွင်းမှာ ပြောင်းဆန်နေခဲ့တာလေ. . ."

ဒေါ်ပပဝင်းက ဒိတ်ဒိတ်ကျဲရဲ့ အဖြေကို သဘောကျသွားတဲ့အလား တစ်ချက် ပြုံးလိုက်တယ်။ ပြီးတော့မှ. . .

"အခုနေအချိန်မှာ သူ့ကိုတွေ့ခွင့် ရမယ်ဆိုရင် မတွေ့ချင်ဘူးလား. . ."

"တွေ့ချင်တာပေါ့. . . ဘယ်လိုများမေးလိုက်ပါလိမ့်"

သူ့စကားအဆုံး ဒေါ်ပပဝင်းက ခေါင်းကို တစ်ချက်ညိတ်လိုက်ရင်း. . .

"ဟုတ်ကဲ့. . . တွေ့ချင်ရင်. . . ဟိုးက ရပ်ထားတဲ့ ငွေရောင်ကားကြီးပေါ်မှာ သူရှိတယ်ရှင့်"

"ဟား. . . ဒါများဗျာ. . . စောစောတည်းက ပြောပါဆိုတာ လား. . ."

သူက ပြောလည်းပြော ဝုန်းခနဲလည်း ထပြေးလာတာမို့ သူ့

www.burmeseclassic.com

www.burmeseclassic.com



နောက်နားမှာ ဒေါ်ပပဝင်းနဲ့ ကိုလပြည့်ရဲ့ ရယ်သံတွေက လွင့်ပျံ့ကျန်ခဲ့တယ်။ သူကတော့ ငွေရောင်ကားကြီးဆီကို မနားတမ်းပြေးသွားပြီး ကားတံခါးကို ဆွဲဖွင့်လိုက်စဉ်မှာတော့. . .။

တွေ့လိုက်ရပါပြီ. . . တစ်နှစ်လောက် မော့ကြည့်ခွင့်မရခဲ့တဲ့ သူ့ရဲ့ လမင်းလေးကို. . .။

ဒါပေမယ့် သူမက သူ့ကို လှည့်မကြည့်။ သူမလက်ထဲမှာကိုင်ထားတဲ့ စာရွက်တစ်ရွက်ကိုပဲ စိတ်ဝင်တစားဖတ်နေတယ်။

ဒီတော့ သူက မချင့်မရဲဖြစ်သွားကာ သူပါ ကားထဲကိုဝင်ထိုင်လိုက်ရင်း. . .

"ဂျူနီ. . ."

ဆိုတော့ သူမက နှုတ်ခမ်းရှေ့မှာ လက်ညှိုးတစ်ချောင်းကို ထောင်ပြလာကာ "ရှူး. . ."လို့လုပ်တယ်။ သဘောကတော့ တိတ်တိတ်နေ ဆိုတဲ့သဘော။ ပြီးတော့ သူ့ကိုလည်းလှည့်မကြည့်သေးဘူး။ သူမ မျက်လုံးတွေက အခုထိစာရွက်ပေါ်မှာပဲရှိနေသေးတယ်။ ဒီတော့ သူပိုပြီး နေမထိထိုင်မသာ ဖြစ်သွားရတော့ကာ. . .

"ဟာကွာ. . . ဂျူနီ၊ ဒီဘက်ကိုလည်း လှည့်ကြည့်ပါဦး၊ ကိုယ် စကားပြောမလို့ဟာကို၊ ဘာစာရွက်မို့လို့ ဒီလောက်တောင် စိတ်ဝင်တစား ဖတ်နေရတာလဲ. . ."

ဆိုတော့မှ သူမက သူ့ကို လှည့်ကြည့်လာရင်း ဘာမှ မဖြစ်သလိုဟန်နဲ့. . .

"ကဗျာလေ. . . ကဗျာဖတ်နေတာ"

"ကဗျာ! ဘာကဗျာလဲ၊ အဲဒီကဗျာက ကိုယ်ပြောမယ့် စကား

www.burmeseclassic.com

www.burmeseclassic.com



လောက် အရေးမကြီးပါဘူး . . ."

"အောင်မယ် . . . ဒီကဗျာကို ပေါ့ပေါ့သေးသေးကဗျာများမှတ်နေလား၊ ဂျူနီကိုယ်တိုင်ရေးထားတဲ့ ကဗျာရှင့်၊ ရေးတာတောင် ဒီအတိုင်း ရေးထားတာ မဟုတ်ဘူးနော်၊ အချစ်ရှိရာ အရပ်ကို မျက်နှာမူပြီးတော့ ရေးထားတာ . . ."

သူမစကားကြောင့် သူ့မျက်ခုံးတွေက ပင့်တက်သွားရကာ . . .

"တယ်ဆိုတဲ့ စာပါလား၊ ဘာလုပ်ဖို့လဲ အဲဒီကဗျာကို . . ."

သူ့အမေးကြောင့် သူမက ပြုံးတယ်။ သူ့တွေ့ဖူးတဲ့ အပြုံးတွေထဲမှာ သူမရဲ့ အခုတစ်ခါပြုံးတဲ့ အပြုံးလောက် တောက်ပတဲ့ အပြုံးမျိုး မတွေ့ဖူးသေးပါဘူး။ ပြီးတော့မှ သူမက သူ့ကိုစိုက်ကြည့်လာရင်း တနေ တစ်ခွန်းချင်းပြောလာတာက . . .

"ရှင့်ကို ပေးမလို့ပေါ့ . . ."

တဲ့။

သူမစကားအဆုံး သူက သူမလက်ထဲမှာကိုင်ထားတဲ့ စာရွက်ကလေးကို ဆွဲယူလိုက်တယ်။ ဒါပေမယ့် စာရွက်ပေါ်က ကဗျာကို သူ မဖတ်ပါဘူး။ တကယ်တမ်း သူဖတ်လိုက်တာက သူမနှလုံးသားပေါ်က ကဗျာကိုပါ။

သူက သူမလက်ကလေးကို ဆုပ်ကိုင်မယ်ပြင်လိုက်စဉ်မှာပဲ သူ ခက တစ်ခုခုကိုသတိရသွားဟန်နဲ့ သူမလက်တွေကို ပိုက်ပစ်လိုက်ရင်း ဘာ . . .

"ဩော် . . . ဒါနဲ့ . . . ရှင့်ဆီက နောက်ဆုံးတောင်းဆိုမှုတစ်ခု တောင်းဆိုစရာ ကျန်သေးတယ်နော်၊ ကျွန်မအခု အဲဒါကိုတောင်းတော့



www.burmeseclassic.com

www.burmeseclassic.com



မလို့. . .”

လို့ပြောတယ်။ သူမလုပ်ရပ်ကြောင့် သူက အနည်းငယ် လ
ရှက်သွားရရင်းက “လူကြီးရှက်တော့ ရယ်တယ်” ဆိုတဲ့ စကားအတိုင်
ဟက်ခနဲ တစ်ချက်ရယ်လိုက်မိကာ. . .

“အင်း. . . ပြောလေ၊ ဂျူနီက ဘာတောင်းဆိုမှာလဲ. . .”

“ရှင်က တကယ်ပေးမှာလား. . .”

“ဒါပေါ့. . .”

“စဉ်းစားဦးနော်. . . သေချာမှပြော”

“ရပါတယ်. . . ဂျူနီ့အတွက်ဆိုရင် ကိုယ်မစဉ်းစားတော့ပါ
ဘူး. . .”

BURMESE CLASSIC

သူ့အဖြေကြောင့် သူမရဲ့ မျက်ခုံးတွေက လှပစွာ အပေါ်
ပင့်တက်သွားကြတယ်။ နောက်တော့ သူမက တစ်ချက်ပြုံးလိုက်
ပြောလာတာက. . .

“ကျွန်မတောင်းဆိုမှာက. . . ကျွန်မရဲ့လက်တွေကို ရှင့်
သက်လုံး ဘယ်တော့မှ မလွှတ်တမ်းဆုပ်ကိုင်ထားပေးဖို့ပါ. . .”

တဲ့လေ။ အဲဒီအခိုက် သူလည်း ကဗျာတစ်ပုဒ်လောက်
ကြည့်ဖို့ စဉ်းစားလိုက်မိတယ်။ ပြီးတော့ အဲဒီကဗျာကို စပ်တဲ့အ
မှာလည်း အချစ်ရှိရာအရပ်ကို မျက်နှာမူဖြစ်အောင် မူထားဖို့
ထားလိုက်ပြန်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝအမောများပြေပျောက်နိုင်ကြပါစေ. . .

ကြိုးစားလျက်. . .

ရာဇဝင်ကို

6 : 14 (PM)

30-12-2012

Wednesday

gmail - yarzawinko@gmail.com

Facebook - ရာဇဝင်ကို

www.burmeseclassic.com

www.burmeseclassic.com

*Bonus Poem*

# "BFF"

BFF ဆိုတာ. . .
သူတိမ်တွေပေါ်ရောက်နေချိန်မှာ. . .
ကိုယ့်ကို ဆွဲတင်ပေးတဲ့သူ။

BFF ဆိုတာ. . .
သူနွံနစ်နေချိန်မှာ. . .
ကိုယ်ကလက်ကမ်းပြီး ဆွဲထုတ်ပေးရတဲ့သူ။

BFF ဆိုတာ. . .
တစ်ယောက်အပြုံးကိုတစ်ယောက်. . .
အရောင်တင်ပေးတဲ့သူ။

BFF ဆိုတာ. . .
တစ်ယောက်မျက်ရည်ကိုတစ်ယောက်. . .
သုတ်ပေးတဲ့သူ။

BFF ဆိုတာ. . .
ဘယ်အချိန်ပြန်ဖတ်ဖတ်. . .
မရိုးနိုင်တဲ့ကဗျာတစ်ပုဒ်။

BFF ဆိုတာ. . .
သူက ကိုယ်ဖြစ်သလို. . .
ကိုယ်က သူဖြစ်သွားတဲ့သူ။ ။

www.burmeseclassic.com